ပီတာမြဦး

# ဂမ္ဘီရဘွားဘွားနှင့် လျှို့ဝှက်နက်နဲသောငွေလက်ပတ်နာရီဆန်း

ဂမ္ဘီရသည်းထိတ်ရင်ဖိုဝတ္ထုကြီး



## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

"နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသောတာဝန် ဖြစ်သည်"

### ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပ နိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ။

### နိုင်ငံရေးဦးတည်ချက် (၄) ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

### လူမှုရေးဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

## ပီတာမြဦး

# ဂမ္ဘီရဘွားဘွားနှင့် လျှို့ဝှက်နက်နဲသော
# ငွေလက်ပတ်နာရီဆန်း

ပညာရွှေတောင်စာအုပ်တိုက်
အမှတ်(၉၀၊ ၉၂)ပန်းဆိုးတန်းလမ်း
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
၀၁-၂၄၀၆၉၀

ဂျိုရှာဘွားဘွားနှင့်လျှို့ဝှက်နက်နဲသော
ရွှေလက်သတ်နှာရှိဝေမ်း

ဝိတာမြဦး

အတွင်းစာသားခွင့်ပြုချက်အမှတ်
၅၀၀၇၈၀၀၅၀၈

မျက်နှာဖုံး ခွင့်ပြုချက်အမှတ်
၅၀၁၆၁၉၁၁၀၈

ထုတ်ဝေသည့်အကြိမ်
ပထမအကြိမ်
၂၀၀၉ ခုနှစ်၊ ဇန်နဝါရီလ

အုပ်ရေ
၅၀၀

အဖုံးပန်းချီ
နိုင်ဦး

ဖလင်
ကိုလှဝင်း

စာအုပ်ချုပ်
ပညာရွှေတောင်

ထုတ်ဝေသူ
ဦးအောင်မြတ်ဝေ
ပညာရွှေတောင်စာအုပ်တိုက်
(မြ - ၀၃၉၄၅)

မျက်နှာဖုံးနှင့် အတွင်းစာသားပုံနှိပ်
ဦးဝင်းအောင်
သန်းထိုက်ရတနာအော့ဖ်ဆက်
မြ(၀၅၁၃၁)၊
အမှတ် ၈၄၊ လမ်း ၅၀၊
ပုဇွန်တောင်မြို့နယ်၊
ရန်ကုန်မြို့

တန်ဖိုး
၁၅၀၀ – ကျပ်

✿ ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် အဘွားဖြစ်သူ ကွယ်လွန်ခါနီး ပေးအပ်ခဲ့သော ငွေတစ်သိန်း၊ စိန်တစ်ဆင်စာအပြင် ထူးထူးခြားခြားပါလာသော သော့သီးခြောက်လုံးပါ အိုမီဂါငွေလက်ပတ်နာရီဆန်း၏ လျှို့ဝှက်ချက်ကို ဖော်ထုတ်နိုင်ခြင်းမရှိသော မြေးဖြစ်သူ၏ ဒုက္ခဆန်း။

✿ ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ်ကောင်းမှုတို့ကြောင့် သေလွန်ဘဝကူးသည်နှင့် နတ်ပြည်ခြောက်ထပ်၏ အထက်ဆုံးနတ်ပြည်သို့ ချက်ချင်း ရောက်ရှိနိုင်ပါလျက် ငွေလက်ပတ်နာရီ၏ လျှို့ဝှက်ချက်ကို မြေးဖြစ်သူအား အသိမပေးခဲ့ရသေးသည့် စွဲလမ်းမှုသံယောဇဉ်ကြောင့် ကြုံရာဘဝတစ်ခုတွင် တွယ်ကပ်နေခဲ့ရသော အဘွားဖြစ်သူ၏ ဝေဒနာဆန်း။

✿ အဘွားဖြစ်သူ အိပ်မက်ထဲတွင် လက်တွေ့ ရှင်းပြလိုက်မှ မိမိလက်ဝယ်ရှိသော ငွေလက်ပတ်နာရီဆန်းမှာ ထီတစ်ကြိမ်ဖွင့်တိုင်း ထီတစ်စောင်လျှင် ငါးထောင်ဆုတစ်ဆုနှုန်းဖြင့် ငွေတစ်သိန်းငါးသောင်းရအောင် ပေါက်ဂဏန်းအစောင်သုံးဆယ်အထိ ထိုးနိုင်သော နာရီဆန်းမှန်း သိလာရသော မြေးဖြစ်သူ၏ အဖြစ်ဆန်း။

✿ ထီတစ်ပတ်လျှင် ငွေတစ်သိန်းငါးသောင်းထုတ်ယူကာ ငါးပုံတစ်ပုံကို ဘုရားလှူရ၍ မိမိလက်ဝယ် ငွေတစ်သိန်းနှစ်သောင်းမျှသာ ကျန်သည်ကို မရောင့်ရဲနိုင်ဘဲ သောင်းချီသိန်းချီ ပေါက်ချင်လာသော မြေးဖြစ်သူ၏ ရမ္မက်ဆန်း။

✿ ဘွားဘွားပြောသည့်အတိုင်း သောင်းတန်နှင့် သိန်းတန်နာရီပိုင်ရှင်များကို ရွှေဘုန်းပွင့်စေတီနှင့် ရွှေတိဂုံစေတီတို့တွင် သွားရောက် ဆုံတွေ့ခဲ့ရာမှ မောင်သီဟ၊ သဇင်မြိုင်နှင့် မာလာဒေဝီတို့၏ သုံးပွင့်ဆိုင်ပေါ်ပေါက်လာသော အချစ်ဇာတ်ဆန်း။

✿ သောင်းတန်၊ သိန်းတန် ငွေနာရီပိုင်ရှင်များ၏ မေတ္တာကို ရယူခြင်းထက် ထိုငွေလက်ပတ်နာရီဆန်းများကိုသာ လက်ဝယ်ပိုင်ဆိုင်ရန် ဆန္ဒရှိသော မြေးဖြစ်သူအား ထောင့်ငါးရာကိလေသာနွံ့အတွင်း ပစ်ချထားလိုက်သော အဘွားဖြစ်သူ၏ ဂမ္ဘီရဆန်းသောလုပ်ရပ်ဆန်း။

✿ မြေးဖြစ်သူ၏ ချစ်ခြင်းမေတ္တာကို အလုအယက်ဖြစ်နေကြသော မိန်းမနှစ်ယောက်က သူတို့ပိုင်ဆိုင်သော ထီတစ်ပတ်လျှင် ငွေဆယ်သိန်းပေါက်သော သောင်းတန်ငွေလက်ပတ်နာရီနှင့် တစ်ကြိမ်လျှင် ငွေသိန်းငါးဆယ်ပေါက်သော သိန်းတန်ငွေလက်ပတ်နာရီကို မြေးဖြစ်သူလက်ထဲသို့ အပြိုင်အဆိုင် အပ်နှံလိုက်ကြသောအခါ. . .
စသည် စသည်တို့ဖြင့် ယနေ့ ဂန္တီရစာပေလောကကို တစ်ခေတ်ဆန်းစေမည့် စာရေးဆရာ ပီတာမြဦး၏ အသစ်စက်စက် အထူး လက်ရာသန့်။

✿✿✿

## အခန်း (၁)
## ငွေလက်ပတ်နာရီဆန်း၏လျှို့ဝှက်ချက်

ရန်ကုန်ပြည်သူ့ဆေးရုံကြီးအပေါ် ထပ် သီးသန့်အခန်းတစ်ခုထဲတွင် ဖြစ်၏။

"ဒီအတိုင်းဆို ငါသိပ်နေရတော့မှာ မဟုတ်တော့ဘူး မောင်သီဟ"

"ဗျာ- ဘွားဘွား၊ ဘာ. . . ဘာတွေလျှောက်ပြောနေတာလဲဟင်"

"အောင်မလေး မောင်သီဟရယ်၊ နင်တို့က ငါမွေးလို့ လူလူသူသူဖြစ်လာတာပါ။ ငါ့ကို သူငယ်နှပ်စားလို ဖုံးကွယ်ထားလို့ရမယ်များထင်နေသလား။ ငါ့ကိုယ်ငါလည်း သိနေပါတယ်ကွယ်"

မောင်သီဟရင်ထဲ အလုံးကြီးတစ်လုံး ဝင်ဆောင့်ခံလိုက်ရသလို ထင့်ခနဲဖြစ်သွားသည်။ ကြည့်စမ်း- ဒါ့လောက် စိုးရိမ်ကြောင့်ကြကြီးစွာ လျှို့ဝှက်ထားသည့်ကိစ္စ အဘွား ဘယ်လိုကဘယ်လိုသိသွားရတာပါလိမ့်။

"ရော့- ဟောဒါလေးတွေကို သားလွယ်အိတ်ထဲထည့်ထားလိုက်။ အိမ်ရောက်တာနဲ့ သေတ္တာထဲထည့်ပြီး သေချာသော့ခတ်သိမ်းထား။ နွေးနွေးရော ထွေးထွေးပါ တခြားဘယ်သူမှ မသိစေနဲ့။ ဘွားဘွားမရှိတော့ သားကပဲ အိမ်ထောင်ဦးစီးလုပ်ရမှာ။ ရှေ့လျှောက် ငွေဘယ်လိုရှာရမယ်ဆိုတာ မနက်

ဖြန်မနက် (၆) နာရီလောက် အရောက်လာခဲ့။ ငါ့မြေးလေး ဘယ်လိုလုပ်ရမယ်ဆိုတာ ဘွားဘွား သေသေချာချာ ပြောပြခဲ့မယ်"

ဒေါ်ငြိမ်းခင်ပြောရင်း ရင်ထဲကျပ်ဆို့ကာ မောဟိုက်လာသဖြင့် မျက်လုံးများမှိတ်ကာ မှိန်းနေလိုက်သည်။ အချိန်ကား ညနေ (၆)နာရီ ထိုးပြီးစ ဖြစ်၏။ နေ့ဘက် လူနာစောင့် ထွေးထွေး အိမ်ပြန်ချိန် ညစောင့်အိပ်မည့် နွေးနွေး မရောက်သေးမီ ကြားကာလ ဖြစ်သည်။ နေ့ဘက်ငှားထားသော စပါယ်ရှယ်နာ့စ်နှင့် ညဘက် စပါယ်ရှယ်နာ့စ်တို့ ဂျူတီချိန်းစဉ် စပ်ကူးမပ်ကူးအချိန်လည်း ဖြစ်၏။

မောင်သီဟက ဘွားဘွားပေးသော ပစ္စည်းများဖြစ်သော တစ်ထွာခန့်ရှိ သံသေတ္တာငယ်တစ်လုံး၊ လေးလက်မပတ်လည်ခန့်ရှိ ယွန်းဘူးတစ်ဘူးနှင့် လေယာဉ်ပျံ စာအိတ်ရှည်ကြီး တစ်လုံးတို့ကို တစ်ချက်မျှစွေကြည့်ကာ သူ့လွယ်အိတ်ထဲသို့ ခပ်သွက်သွက် ထိုးထည့်လိုက်၏။ ပြီးမှ ဘွားဘွားကို ငုံ့ကြည့်လိုက်၏။

အသက် (၆၅)နှစ်ခန့်ရှိပြီဖြစ်သော ဘွားဘွား ဒေါ်ငြိမ်းခင်သည် လူနာခုတင်ထက်ဝယ် အလွန် မောပန်းနေဟန် အသက်ကို မျှဉ်းမျှဉ်းကလေးရှူရှိုက်ရင်း လဲလျောင်းလျက်ရှိသည်။ အမှန်တော့ ဘွားဘွားသည် သူတို့မောင်နှမသုံးယောက်၏ မိခင်လည်း ဖြစ်သည်။ ဖခင်လည်း ဖြစ်၏။ အဘွားလည်း ဖြစ်၏။

မောင်သီဟ (၁၀) နှစ်သား၊ နွေးနွေးက (၇) နှစ်သမီး၊ ထွေးထွေးက (၄)နှစ်သမီးမျှသာရှိသေးသော လူမမည်အရွယ်တွင် ကြမ္မာဆိုးဝင်ကာ မိဘနှစ်ပါးစလုံး ကားမှောက်ရာတွင် ပါသွားပြီး အသက်ဆုံးရှုံးခဲ့ကြရသည်။ ဖခင်ဖြစ်သူဘက်မှ ဘိုးဘွားများ မရှိကြတော့ဘဲ မိခင်ဘက်ကလည်း ဘွားဘွားဒေါ်ငြိမ်းခင်တစ်ယောက်သာရှိသဖြင့် မောင်သီဟတို့အား လူလားမြောက်အောင် ကျွေးမွေးပြုစုခဲ့ရသည်။

ထိုစဉ်က ဘွားဘွားဒေါ်ငြိမ်းခင်မှာ အသက်လေးဆယ်ကျော်မျှသာရှိသေးရာ ကျန်းမာရေးကလည်း ကောင်းသူဖြစ်၍ မြေးသုံးယောက်ကို ကောင်းစွာ ထိန်းသိမ်း စောင့်ရှောက်နိုင်ခဲ့သည်။ အဘွားဒေါ်ငြိမ်းခင်၏ အသက်မွေးဝမ်းကျောင်းအလုပ်မှာ စိန်ရွှေရတနာပစ္စည်း အရောင်းအဝယ်ပွဲစား ဖြစ်သည်။ ဒေါ်ငြိမ်းခင်

အနေဖြင့် လုပ်ငန်းကျွမ်းကျင်မှုရှိသော်လည်း အရောင်းအဝယ်ဆိုသည်မှာ အစဉ်အမြဲ ကောင်းနေတတ်သော လုပ်ငန်းမဟုတ်ပေရာ မြေးသုံးယောက်၏ ပညာရေးနှင့် အိမ်စရိတ်ကာမိအောင် အတော်ရုန်းကန်ရှာဖွေခဲ့ရရှာ၏။

မောင်သီဟ (၁၀) တန်း အောင်သည့်နှစ်မှစ၍ အဘွား၏ ရတနာအရောင်းအဝယ်လုပ်ငန်းမှာ အဆင်ပြေ၍ တဖြည်းဖြည်း စီးပွားတက်လာကာ စားဝတ်နေရေး ချောင်ချောင်လည်လည် ဖြစ်လာကြသည်။ တစ်ခုထူးခြားသည်မှာ ဘွားဘွားသည် ယခင်ကကဲ့သို့ နေထွက်ကနေဝင် တစ်နေ့လုံးသွားလာခြင်း မရှိတော့ဘဲ မနက်မိုးလင်းသည်နှင့် ဘုရားဝေယျာဝစ္စများဆောင်ရွက်၍ တရားထိုင်တတ်ကာ နေ့လယ်စာစားပြီးလောက်မှ အပြင်သို့ထွက်တတ်သည်။ အိမ်အပြန်လည်း အလွန်စောတတ်သည်။ ညနေ (၅) နာရီဆိုလျှင် ပြန်ရောက်နေပြီ။

ဘွားဘွား၏ လှုပ်ရှားနေထိုင်ပုံများမှာလည်း ယခင်ကလို အရင်စလိုမရှိတတ်တော့။ အလွန်တရာ အေးဆေး ညင်သာလှသည်။ ဟိုတုန်းကလို ပစ္စည်းဝယ်မည့်သူနှင့် ချိန်းထား၍ အချိန်မီအောင် အပြေးအလွှားသွားရသည်မျိုး၊ ညကြီးမိုးချုပ်မှ ရတနာရောင်းလိုသူက အိမ်တံခါးခေါက်၍ ပစ္စည်းလာအပ်ရသည်မျိုးတွေ မရှိတော့။ သို့ပါလျက် သူတို့အိမ်တွင် ယခင်ကထက် ငွေရေးကြေးရေး ချောင်လည်လာသည်ကို မောင်သီဟ သတိပြုမိလာသည်။

ဘွားဘွားသည် ယခင်ကဲ့သို့ စိန်၊ ရွှေ ရတနာ အရောင်းအဝယ်မလုပ်တော့ပြီလော။ တခြား ဘယ်လိုလုပ်ငန်းမျိုးတွေပြောင်းလဲလုပ်ကိုင်ပါသနည်း။

"ဟော- အစ်ကိုကြီး ရောက်နေတာကြာပြီလား။ ထွေးထွေးတော့ အိမ်ပြန်ရောက်နေပြီ။ မိုးသိပ်မချုပ်ခင် အစ်ကိုကြီး ပြန်တော့လေ"

ထိုစဉ် ညစောင့်အိပ်ရန်ရောက်လာသော နွေးနွေးက မောင်သီဟအား ပစ္စည်းများချရင်း ပြောလိုက်သည်။ မောင်သီဟက အိပ်ပျော်နေသော ဘွားဘွားကို တစ်ချက်လှမ်းကြည့်ကာ နွေးနွေး၏ လက်တစ်ဖက်ကိုဆွဲ၍ အခန်းအပြင်ဘက်သို့ ခေါ်ထုတ်လာသည်။

"နွေးနွေး"

"ဟင်- အစ်ကိုကြီး"

"ဘွားဘွားက သူ့ရောဂါကိုသိသွားပြီ"

"ဟုတ်လား၊ ဘယ်လိုလုပ်သိသွားတာပါလိမ့်"

"အဲဒါ ငါလည်းမပြောတတ်ဘူး။ ဒီနေ့ညနေ ဘွားဘွားကို ကြည့်ရတာ သူ့ရောဂါကိုသိပြီး အတော် စိတ်အားလျော့ လိုက်သလိုပဲ။ ချက်ချင်းပဲ ပျော့ခွေသွားသလို ထင်ရတယ်။ အဲဒါ ညီမလေး ဒီည သေချာဂရုစိုက်လိုက်ပါ"

"စိတ်ချပါ အစ်ကိုကြီးရယ်၊ စပါယ်ရှယ်နာ့စ်လည်း ရှိတာပဲ။ အစ်ကိုကြီးသာ မြန်မြန်ပြန်တော့။ အိမ်မှာ ထွေးထွေး တစ် ယောက်တည်း"

"အေးအေး ငါ ထွေးထွေးနဲ့ မနက်စောစောလာခဲ့မယ်"

မောင်သီဟ အိမ်ပြန်ရောက်ပြီး ရေမိုးချိုး၍ ထွေးထွေးပြင် ပေးသော ထမင်းကိုစားကာ သူ့အခန်းထဲဝင်ခဲ့သည်။ အိမ်သို့ပြန် ရောက်ရောက်ချင်း သေတ္တာထဲထည့်သိမ်းထားခဲ့သော ပစ္စည်းများ ကို ထုတ်လိုက်သည်။ ပထမဆုံး လေယာဉ်ပုံစာအိတ်ကို ဖွင့်ဖောက် ကြည့်ရာ ငွေစက္ကူအထပ်လိုက်တွေ့ရ၏။ ပြီးမှ တစ်ထွာခန့်ရှိ သံ သေတ္တာသော့ကိုဖွင့်လိုက်ရာ အရောင်ပြိုးပြိုးပြက်ပြက် တောက် နေသော စိန်ထည်ပစ္စည်းများကို တွေ့ရ၏။ စိန်ဘီး၊ စိန်လက် ကောက်၊ စိန်ကြယ်သီး၊ စိန်ရင်ထိုး၊ စိန်ဆံထိုး စသော စိန်တစ် ဆင်စာပစ္စည်းများ ဖြစ်၏။

ထို့နောက်မှ လေးလက်မပတ်လည်ခန့်ရှိ ယွန်းဘူးခပ်ထူထူ ကို ဖွင့်ကြည့်လိုက်ရာ ငွေရောင်လက်ပတ်နာရီတစ်လုံးကို လင်းခနဲ တွေ့လိုက်ရ၏။ နာရီမှာ ဆွစ်နိုင်ငံလုပ် အိုမီဂါ (Omega Seamaster) အမျိုးအစား ယောကျ်ားပတ် ဒိုင်ခွက်အဝိုင်းကြီးနှင့် ဖြစ်၏။

ထူးခြားသည်မှာ အခြားနာရီများကဲ့သို့ ပုံမှန်ပါနေကျ သော့ သီးတစ်လုံးအပြင် ဒိုင်ခွက်ပတ်လည်၌ နောက်ထပ် သော့သီးလေး လုံးနှင့် ဒိုင်ခွက်၏ ကျောဘက်တည့်တည့်ခန့်တွင်လည်း သော့သီး ငယ်ပြားပြားတစ်ခု ပါရှိနေခြင်းပင် ဖြစ်သည်။ သို့သော် နောက်ထပ် အပိုပါသော သော့သီးများမှာ မူလသော့သီးကဲ့သို့ ငွေရောင် (စတီး ရောင်) မဟုတ်ဘဲ ပိုက်ဆံအကြေအရောင် (ဘော်ရောင်၊ ခဲရောင်) မျိုး ဖြစ်၏။ သော့သီးများကို အရင်သွန်းလုပ်ပြီးမှ နာရီဒိုင်ခွက်

လေးဖက်လေးတန်နှင့် ကျောဘက်ဇာတ်တွင် ဂဟေဆက်တပ်ဆင်ပေး ထားဟန် တူ၏။

မောင်သီဟက သော့သီးများကိုလှည့်ကြည့်ရာ နဂိုမူလ ဒိုင်ခွက်၏ ညာဘက်အခြမ်းမှ သော့သီးကိုသာလှည့်၍ နာရီလက်တံများကို ရွှေ့လျားစေနိုင်ပြီး ကျန်သော့သီးငါးလုံးမှာမူ လုံးဝ လှည့်၍ မရဘဲ ဂဟေအသေဆော်ထားသည်ကို တွေ့ရ၏။

မောင်သီဟက ခေါင်းကို အသာအယာခါကာ သက်ပြင်းတစ်ချက် ချလိုက်မိသည်။ ဤသို့ လုပ်၍လည်းမရ၊ လှည့်၍လည်းမရဘဲ နာရီတစ်လုံးတွင် သော့သီးအသေငါးခု ထည့်သွင်း၍ ဂဟေဆော်ထားသည်ကို နားမလည်နိုင်အောင် ဖြစ်နေမိသည်။

ထိုအချိန်က ၁၉၈၀ ပြည့်နှစ်ခန့်ဖြစ်ရာ သော့သီးအပိုပါသော အားကစားစံချိန်သုံး ခေတ်ပေါ်နာရီများ ပေါ်ပေါက်နေပြီဖြစ်၏။ သို့သော် အိုမီဂါအမျိုးအစားတော့ မဟုတ်။ တစ်တိုနီ (Titoni)၊ ဆီကို (Seiko) စသော ခေတ်ပေါ်နာရီများတွင် ဖြစ်၏။ ခုတော့ ခေတ်ဟောင်းက နာရီတစ်လုံးပေါ်တွင် သုံးမရသော သော့သီးငါးလုံး အပို ဂဟေဆော်ထားသောနာရီကို ဘာကြောင့် တီထွင်ခဲ့သည်ကို မောင်သီဟ မစဉ်းစားတတ်အောင်ဖြစ်ရသည်။ ထို့ထက်ပို၍ ဦးနှောက်ခြောက်ဖွယ်ကောင်းသည်မှာ ထိုလက်ပတ်နာရီကိုမှ ဘွားဘွားက မိမိလက်ထဲအပ်၍ လျှို့လျှို့ဝှက်ဝှက်သိမ်းထားရန် မှာခဲ့ခြင်း ဖြစ်လေသည်။

နောက်တစ်နေ့ နံနက်(၆)နာရီ ရောက်သွားချိန်တွင် အဝေးမှ လှမ်းမြင်လိုက်ရသောမြင်ကွင်းကြောင့် မောင်သီဟရင်ထဲ ထိတ်ခနဲတုန်သွားသည်။ ဘွားဘွားခုတင်ဘေးတွင် ဆရာဝန်၊ဆရာမများ လှုပ်လှုပ်ရွရွ ဝိုင်းအုံနေကြပါလား။

"ဘွားဘွား ဘာဖြစ်လို့လဲဗျာ"

မောင်သီဟက ခရီးရောက်မဆိုက် မေးလိုက်သည်။ ထိုစဉ် နွေးနွေး ပြေးထွက်လာကာ မောင်သီဟကို အတင်းဖက်၍ ရှိုက်ကြီးတငင် ငိုကြွေးပါလေတော့သည်။ အသံကြား၍ နောက်ကိုလှည့်ကြည့်လိုက်သော် တာဝန်ခံဆရာဝန်သည် မောင်သီဟအနီးသို့ကပ်လာကာ ပခုံးကို အသာအယာပုတ်လိုက်သည်။

"ဆောရီး ကိုသီဟ၊ ခင်ဗျားအဘွား လွန်ခဲ့တဲ့ (၁၅) မိနစ်က

ရတ်တရက် ဆုံးသွားပါပြီ။ ဒီရောဂါမျိုးက အချိန်ကို ကန့်သတ်မျှော်မှန်းလို့ မရတော့ဘူးလို့ တစ်နေ့က ကျွန်တော်ခင်ဗျားကို အသိပေးခဲ့တဲ့အတိုင်းပါပဲ။ ကျွန်တော် စိတ်မကောင်းပါဘူး။ တရားနဲ့သာဖြေပါတော့ဗျာ"

မောင်သီဟက နွေးနွေးနှင့်အတူ ဘွားဘွားအနီးသို့ တိုးကပ်သွားသည်။ ဘွားဘွားကား သေဆုံးနေပြီဆိုသည့်တိုင် ပကတိ အိပ်ပျော်နေသည့်အတိုင်းပါပဲလား။ မောင်သီဟက ဘွားဘွား၏ လက်ဝါးနှစ်ဖက်ကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်လိုက်သည်။ ရင်ထဲ၌ဆို့ကျပ်၍ လှိုက်တက်လာသော မျက်ရည်ပူများသည် ပါးပြင်တစ်လျှောက် တသွင်သွင်စီးကျလာ၏။ ပြီးမှ ဘွားဘွား၏ အရေတွန့်နေသော ပါးပြင်နှစ်ဖက်ကို ခပ်ဖွဖွလေး ပွတ်သပ်နေမိသည်။

ဩော်- မိဘများဆုံးပါးခဲ့သော လူမမည်ဘဝကတည်းက သူတို့မောင်နှမအား လူဖြစ်အောင် ပြုစုပျိုးထောင်ပေးခဲ့သော ကျေးဇူးတရား တုန္နိုင်းမရအောင်ကြီးမားခဲ့သော မဟာမေတ္တာရှင်ကြီးပါတကား။ မောင်သီဟက ဘွားဘွား၏ ပါးပြင်နှစ်ဖက်ကို အသာအယာ နမ်းရှုပ်လိုက်သည်။ သူ၏မျက်ရည်များ ပါးပြင်ပေါ် စိုရွှဲလျက်။

အေးလေ- ချစ်ခင် ပေါင်းသင်း ဆက်ဆံခြင်းကား ကွေ့ကွင်းနောက်ဆုံး ရှိလေသတည်းတဲ့။

လွန်ခဲ့သောတစ်လခန့်ကမှ ဗိုက်ထဲကနာတယ်ဆို၍ ဆေးခန်းပြခဲ့ရာက နှစ်ပတ်အကြာ ဆေးရုံတက်ခဲ့ရသည်။ ဆေးရုံကြီး၌ တစ်ပတ်ခန့်အကြာတွင် တာဝန်ခံဆရာဝန်က မိမိအား တိတ်တဆိတ် ခေါ်အသိပေးခဲ့သည်။

အူမကြီးကင်ဆာတဲ့။ ဆေးရုံရောက်တာ နောက်ကျသည်။ ရောဂါကကျွမ်းနေပြီတဲ့။

မိမိတို့မောင်နှမသုံးယောက် ဘွားဘွား သူ့ရောဂါကို မသိအောင် လျှို့ဝှက်ထားခဲ့ကြသည်။ သို့သော် မနေ့က ဘယ်လိုကဘယ်လိုသိသွားသည်မသိ။ သူ့ရောဂါကိုသိသည်နှင့် ချက်ချင်း ဘွားဘွားစိတ်ဓာတ်ကျသွားသည် ထင်သည်။ မိမိကို ပစ္စည်းများထိုးအပ်ကာ တိုးတိုးဝှက်တိတ် မှာစရာရှိတာမှာရန် ကြံစည်ခဲ့သည်။

ခုတော့ သေမင်းက ဘွားဘွား မိမိအား မှာကြားဖို့ရှိသည်ကိုပင် မစောင့်။ ဆရာဝန်ပြောသလို ကန့်သတ်မျှော်မှန်းလို့ မရနိုင်

တော့သောအချိန်တွင် ရုတ်တရက် ခေါ်ငင်သွားခဲ့တာပါလား။

ကျေးဇူးရှင်ဘွားဘွားအား နောက်ဆုံး ဂါရဝပြုသည့်အနေဖြင့် ဘွားဘွား၏အသုဘအား စည်ကားသိုက်မြိုက်စွာ သင်္ဂြိုဟ်မှုပြုခဲ့သည်။ ကြံတောမီးသင်္ဂြိုဟ်စက် ခေါင်းတိုင်မှ တလူလူ ထွက်လာသော ဘွားဘွား၏ရုပ်ခန္ဓာကို လောင်မြိုက်ခဲ့သည့် မီးခိုးလုံးများကြားမှ ဘွားဘွား၏ ပြုံးရွှင်သော မျက်နှာပုံရိပ်များကို မြင်ယောင်မိလိုက်သလိုထင်မိသည်။

ရက်လည်နေ့တွင် သံဃာငါးပါးပင့်၍ ဆွမ်းဘောဇဉ်ခဲဖွယ်တို့နှင့်အတူ သင်္ကန်းတစ်စုံစီ ကပ်လှူပူဇော် ရေစက်ချကာ ဘွားဘွားတစ်ယောက် ကုသိုလ်အဖို့ဘာဂကို အမျှရ၍ ကောင်းရာသုဂတိသို့ ရောက်ရှိစေကြောင်း အမျှဝေပြီး သာဓုခေါ်နိုင်စေခဲ့သည်။

ဘွားဘွားဆုံးသည်မှ ရက်လည်သည်အထိ လူပန်းစိတ်ပင်ပန်းခဲ့သော မောင်နှမသုံးယောက်တို့မှာ ရက်လည်သည့်ညတွင်ကား စောစော အိပ်ရာဝင်ခဲ့ကြလေသည်။ ညီမနှစ်ယောက်ကား စိတ်လွတ်ကိုယ်လွတ်ဖြင့် ချက်ချင်းအိပ်ပျော်သွားခဲ့ကြသော်လည်း မောင်သီဟကား အိပ်ရာထဲတွင် တလူးလူးတလိမ့်လိမ့်ဖြစ်နေသည်။

ခုချိန်တွင် မောင်သီဟမှာ အသက် (၂၂) နှစ်ရှိပြီး ရန်ကုန်ဝိဇ္ဇာသိပ္ပံတက္ကသိုလ်တွင် မြန်မာစာနောက်ဆုံးနှစ်ရောက်နေပြီ ဖြစ်သည်။ နွေးနွေးက (၁၉) နှစ်၊ ပညာရေးတက္ကသိုလ် ဒုတိယနှစ်။ ထွေးထွေးက (၁၆) နှစ်၊ ယခုနှစ် (၁၀) တန်းဖြေမည်။

ဘွားဘွားထားခဲ့သော ငွေတစ်သိန်းမှာ နာရေးကိစ္စများ၊ ဆေးရုံအသုံးစရိတ်များ၊ မိမိတို့ ကျောင်းစရိတ်များနှင့် အိမ်သုံးစရိတ်များဖြင့် အချို့တစ်ဝက် ကုန်နေပြီ ဖြစ်၏။ မိမိတို့မောင်နှမသုံးယောက်အတွက် အိမ်စရိတ်၊ ကျောင်းစရိတ်၊ အဝတ်အစားနှင့် အထွေထွေစရိတ် အပါအဝင် တစ်လမှ ငွေသုံးလေးထောင်မျှသာကုန်ကျသောခေတ်တွင် လောလောဆယ် စိုးရိမ်စရာမရှိချေ။ သို့သော် ရေရှည်တွင်ကား ဝင်ငွေမရှိဘဲ သည်အတိုင်း ဆက်လက်သုံးစွဲသွားပါက အခက်အခဲတွေ့လာနိုင်သည်။ ဤနှစ်ကုန် မိမိဘွဲ့ရပြီး အလုပ်တစ်ခုခုရမှသာ စိုက်ကာမိနိုင်မည် ဖြစ်၏။ နွေးနွေးနှင့် ထွေးထွေးတို့ ဘွဲ့ရပြီး အလုပ်အသီးသီးရသွားသည်အထိ မိမိမှာ တာဝန်ရှိနေသည်။

ဘွားဘွား၏ စိန်တစ်ဆင်စာကိုတော့ နောက်ဆုံး မတတ်သာမှ တစ်ခုချင်း ထုခွဲရပေလိမ့်မည်။ ရွှေတစ်ကျပ်သား ၄၅၀၀ မျှသာ ရှိသောအချိန်တွင် စိန်တစ်ရတီတန်ဖိုးကလည်း များများစားစား ရှိလှမည်တော့ မဟုတ်။ သို့ပင်လည်း အချိန်အတိုင်းအတာတစ်ခု အထိတော့ စားဝတ်နေရေးကို ဖြေရှင်းပေးနိုင်လိမ့်မည်။ ဘွားဘွားက သူမရှိသည့်အချိန် အိမ်ထောင်ဦးစီးရမည့် မိမိအား ရှေ့လျှောက်ငွေရှာသွားရန်မှာ သူထားခဲ့သောငွေတစ်သိန်းနှင့် စိန်တစ်ဆင်စာမျှလောက်ကိုတော့ ဆိုလိုဟန်မတူပေ။

သို့ဆိုလျှင် ဘွားဘွားပြောခဲ့သည့် ရှေ့လျှောက် ငွေဘယ်လိုရှာရမည်ဆိုသည်မှာ သော့သီးငါးလုံးအပိုပါသော ငွေလက်ပတ်နာရီနှင့်များ ပတ်သက်နေလေမည်လား။

သို့သော် မိမိဉာဏ်မီသလောက် မည်သည့်ဘက်မှ မည်သည့်နည်းဖြင့်တွေးတွေး သည်ငွေရောင်လက်ပတ်နာရီကတော့ မည်သည့်အဓိပ္ပာယ်မျှ မဆောင်ပါချေ။ သည်နာရီကို ရောင်းလိုက်လျှင်တော့ နာမည်ကြီးအမျိုးအစားဖြစ်၍ ကြိုက်သူတွေ့လျှင် ဈေးကောင်း ရနိုင်သည်။ သို့သော် သာမန်နာရီကဲ့သို့မဟုတ်ဘဲ သုံး၍မရသော သော့သီးအပိုငါးလုံးပါသောနာရီကို ဘယ်သူက ဝယ်ယူပါမည်နည်း။ ဝယ်ယူသွားသည်ပဲထားဦးတော့၊ ထိုနာရီရောင်းရငွေဖြင့် ဘဝတစ်သက်တာရပ်တည်သွားရန်က ဘယ်လိုမှမဖြစ်နိုင်။

သို့သော် ဘွားဘွားသည် ဤနာရီကိုမှ မိမိအား လျှို့လျှို့ဝှက်ဝှက် ဘာကြောင့် ပေးအပ်ခဲ့ရပါသနည်း။ ခက်သည်က ဤနာရီကို ဘွားဘွား ပတ်သည်ကိုလည်း တစ်ခါမျှမတွေ့ဖူးဘူး။ ဤလို ငွေရောင်လက်ပတ်နာရီတစ်လုံး ဘွားဘွားလက်ထဲတွင် ရှိသည်ကိုပင် တစ်ခါမျှမမြင်ဘူးခဲ့။

တစ်ခုတော့ရှိသည်။

မိမိ (၁၀) တန်းအောင်ပြီး နောက်ပိုင်း စီးပွားတက်လာသော အချိန်တွင် ဘွားဘွားအား ရတနာပွဲစားမလုပ်တော့ဘဲ တခြားလုပ်ငန်းတစ်ခု ပြောင်းလုပ်နေလေသလားဟုပင် သံသယဝင်၍ မေးမြန်းစူးစမ်းခဲ့မိသည်။

'ဟဲ့- နင်တို့ကို တစ်သက်လုံးလုပ်ကျွေးလာတာ ဒီအလုပ်ပဲပေါ့။ ငါက ဒီပွဲစားအလုပ်ကလွဲလို့ ဘာမှလဲနားလည်တာ

မဟုတ်ဘူး မောင်သီဟ'

ဘွားဘွားဖြေတော့လည်း ဟုတ်သည်ပဲ။ လူတစ်ယောက်မှာ သူကျွမ်းကျင်လိမ္မာရာ အလုပ်တစ်ခုသာ ရှိနိုင်မည် မဟုတ်လား။ ဘွားဘွားလည်း ဒီလိုသာဖြစ်လိမ့်မည်။

'မင်းတို့အဘွားကို ငါ့မွေးနေ့တွေမှာ ငါးစာ၊ လိပ်စာ သွားကျွေးပြီး ပုတီးသွားစိပ်ရင်း ဗိုလ်တထောင်ဘုရား စနေထောင့်မှာ ကရားထိုင်နေတာ တွေ့တယ်။ မနက် (၆) နာရီကျော်ကျော်လောက်ပဲ။ အဲဒီလိုတွေ့တာ နှစ်ခါရှိပြီ'

တက္ကသိုလ် မြန်မာစာကျောင်းသား ငယ်သူငယ်ချင်း လှဦးက ပြောဖူး၍ ဘွားဘွားကို မေးကြည့်ဖူးသည်။

'ဟဲ့- လူဆိုတာ ကံကြမ္မာ တစ်သမတ်တည်း ကောင်းနေတာ မဟုတ်ဘူးလေ၊ နိမ့်တဲ့အခါလည်း ရှိတယ်ကွယ့်။ ဒါကြောင့် မကောင်းမှုတွေဝေးအောင် ကောင်းမှုတွေလုပ်ရတာပေါ့'

ဘွားဘွားက အကျိုးသင့်အကြောင်းသင့် ရှင်းပြနေသည်ကို မောင်သီဟက စောဒကတက်လိုက်သေးသည်။

'ဘွားဘွားက တနင်္လာသမီး မဟုတ်လား၊ ဘာဖြစ်လို့ စနေထောင့်မှာ တရားထိုင်ရတာလဲ'

ဘွားဘွားက မောင်သီဟအား မျက်လုံးကြီးများပြူး၍ ပြန်ကြည့်သည်။ ပြီးမှ ပြုံးလျက် -

'ငါက တနင်္လာသမီးပေမယ့် ဒီနှစ်ထဲမှာ စနေဂြိုဟ်ထဲ ဂြိုဟ်စားနေတာလေ။ ဒါကြောင့် စနေဂြိုဟ်မင်း ငါ့ကိုဒုက္ခမပေးဖို့ ကိုယ့်ကိုယ်ကိုယ်အပ်ရတာပေါ့အေ'

'ဩော်- ဒီလိုကိုး'

မောင်သီဟ ဘာမှဆက်မပြောနိုင်။

'မင်းတို့တော့ တစ်နေ့တခြား ချမ်းသာကြတော့မှာပဲ မောင်သီဟရ'

'ဟော- ဘာဖြစ်လို့လဲ မြမောင်ရ'

'မင်းသိတဲ့အတိုင်းပဲ၊ ငါ့မိဘတွေက ကမာရွတ်မှာ ထီဆိုင်ခွဲဖွင့်ထားတယ်လေ။ ငါကလည်း မင်းတို့တစ်တွေနဲ့ ကြုံတဲ့လူတွေကို ကျောင်းအားတဲ့အခါ ထီလက်မှတ်တွေ လိုက်ရောင်းနေတာ မဟုတ်လား"

'အေးလေ- အဲဒါဘာဖြစ်လို့လဲ'

'ဩော်- မင်းရဲ့အဘွားကို ပုဇွန်တောင်က ထီဆိုင်မှာတစ်ခါ၊ မင်္ဂလာတောင်ညွန့်က ထီဆိုင်မှာတစ်ခါ၊ နောက် လမ်းမတော်ဘက်က ထီဆိုင်မှာတစ်ခါ ထီထိုးနေတာဆုံမိလို့ပါ။ ဒါကြောင့် မင်းတို့တော့ အတော်ချမ်းသာလာကြတော့မှာလို့ ငါတွေးမိတော့တာပေါ့ကွ'

ထိုက်စွကိုလည်း မောင်သီဟက အငြိမ်မနေဘဲ သူ့ဘွားဘွားကို တိုမေးခွန်းသွားထုတ်ပြန်သည်။

'ဟဲ့- ငါ့မြေးရဲ့၊ လူဆိုတာ လှံထမ်းလာတာကိုသာမြင်ရပြီး ကံထမ်းလာတာကို မမြင်ရဘူးတဲ့။ အဲဒါကြောင့် ကံထမ်းလာတဲ့အချိန်နဲ့တိုက်ဆိုင်နေရင် မလွဲနိုင်အောင်လို့ မကြာခဏ ကံစမ်းပေးရတယ် မောင်သီဟရဲ့'

မည်သို့ဆိုစေ ဘွားဘွားပေးခဲ့သော ငွေရောင်လက်ပတ်နာရီသည် မိမိအား အိမ်ထောင်ဦးစီးအဖြစ် ရှေ့လျှောက် ငွေရှာဖွေရမည့်ကိစ္စနှင့် ပတ်သက်ဆက်နွှယ်စရာ အကြောင်းတစ်စုံတစ်ရာ ရှာဖွေတွေးတော၍ မရနိုင်ပါချေ။ ဤကိစ္စကို တွေးမိလေလေ ခေါင်းနောက်ကျိလာလေသာ ဖြစ်သည်။ အဖြေကား နိတ္ထိ။

မောင်သီဟ ထိုနေ့ညက မည်မျှကြာအောင် အတွေးပင်လယ်ဝေနေမိသည်မသိ။ မိုးလင်းခါနီးမှ မှေးခနဲ အိပ်ပျော်သွားလေတော့သည်။ ယင်းသို့ အိပ်ပျော်ခိုက် နံနက်အရုဏ်တက်အချိန်ခန့်တွင် အလွန် ထူးခြားဆန်းကြယ်သော အိပ်မက်တစ်ခုကို မြင်မက်မိလေသည်။

ထိုအိပ်မက်ကို အစိက ဦးဆောင်လာသူကား ဘွားဘွားဒေါ်ငြိမ်းခင် ဖြစ်၏။

"မောင်သီဟ၊ ငါ့နောက်ကလိုက်ခဲ့"

ဘွားဘွားက သူ့အိပ်ရာဘေးမှာ ရပ်နေရာက ပြောပြောဆိုဆို လေထဲသို့မြောက်တက်သွားကာ ပြတင်းပေါက်က ပျံ၍ထွက်သွားသည်။ မောင်သီဟကလည်း လက်နှစ်ဖက်ဆန့်တန်းကာ ဘွားဘွားထွက်သွားရာ လမ်းကြောင်းအတိုင်း ပျံ၍လိုက်ပါသွားသည်။ ထက်ကောင်းကင် တိမ်တိုက်များကြားတွင် ဘွားဘွားက လှည့်ကြည့်လှည့်ကြည့်ဖြင့် ရှေ့ကလွင့်ပျံနေသည်။ မောင်သီဟကလည်း လေ

တဟူးဟူးတိုက်နေသည့်ကြားက ဘွားဘွားကို မျက်ခြည်ပြတ်မသွားစေရန် လှမ်းမျှော်ကြည့်ရင်း နောက်က ပျံသန်း၍လိုက်ပါနေသည်။

အတန်ကြာ ပျံသန်းနေကြပြီးနောက် ဘွားဘွားက အောက်ဘက်သို့ လက်ညှိုးထိုးပြရင်း နိမ့်ဆင်းသွားသည်။ မောင်သီဟကလည်း နောက်ကကပ်လိုက်သွားရာ မကြာမီ အောက်ဘက်တွင် ဘုရားစေတီတစ်ဆူကို ဖူးတွေ့လိုက်ရရာ သေသေချာချာကြည့်လိုက်တော့မှ ဗိုလ်တထောင်စေတီတော်ဖြစ်နေသည်။

ဘွားဘွားက စနေထောင့်ရှေ့တွင် သူ့ကို ပဆစ်ဒူးတုပ်ထိုင်စေသည်။ ပြီးမှ ဂါထာတစ်ပုဒ်ကိုတစ်ပိုဒ်ချင်း နှုတ်မှချပေးသည်။ မောင်သီဟကလည်း လိုက်ဆိုမိနေသည်။

"တေဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ"

"တေဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ"

"ပထမံ သလာကာနံ ဘိက္ခူနံ ယဒိဒံ ကောဏ္ဍာဓာနေ"

"ပထမံ သလာကာနံ ဘိက္ခူနံ ယဒိဒံ ကောဏ္ဍာဓာနေ"

"ဧတေန သစ္စဝဇ္ဇေန သောတ္ထိ မေ ဟောတု သဗ္ဗဒါ"

"ဧတေန သစ္စဝဇ္ဇေန သောတ္ထိ မေ ဟောတု သဗ္ဗဒါ"

ထိုဂါထာကို သုံးခေါက်တိတိချပေးသည်။ မောင်သီဟကလည်း သတိထား၍လိုက်ဆိုသည်။ သုံးခေါက်ပြည့်သည်နှင့် ဘွားဘွားက အလွတ်ဆိုခိုင်းသည်။ မောင်သီဟ အထစ်အငေါ့မရှိ ကောင်းစွာဆိုပြလိုက်သည်။ ဘွားဘွားက သုံးကြိမ်ရွတ်ခိုင်း၍ ဆိုပြလိုက်ရသည်၊ ဘွားဘွားက ကျေနပ်စွာပြုံးလိုက်ကာ လက်ဝှေ့ယမ်းပြ၍ကောင်းကင်သို့ ပျံတက်သွားပြန်သည်။ မောင်သီဟကလည်း ချက်ချင်း လက်ဆန့်တန်း၍ပျံတက်ကာ ဘွားဘွားနောက်က ကပ်လိုက်သွားရပြန်၏။

ခဏအကြာတွင် ဘွားဘွားက တစ်နေရာဆီသို့ လက်ညှိုးညွှန်ပြ၍ အောက်သို့ပျံဆင်းသွားသည်။ မောင်သီဟကလည်း လိုက်သွားရာ မြေပြင်တစ်နေရာရောက်သည်နှင့် ဘွားဘွားက မောင်သီဟ၏ ညာဘက်လက်ကောက်ဝတ်ကိုကိုင်ကာ တစ်စုံတစ်ခုကို စွပ်ပေးလိုက်သဖြင့် မောင်သီဟ သေချာကြည့်လိုက်သောအခါ ငွေရောင်လက်ပတ်နာရီတစ်လုံး ဖြစ်နေသည်။

မောင်သီဟက သူ၏ ရှေ့တည့်တည့်သို့ကြည့်လိုက်ရာ ကန်

တော်ကလေးထိဆိုင်ကြီးကို တွေ့မြင်ရလေသည်။ ဘွားဘွားက စောစောက သူချပေးသောဂါထာကို ခုနစ်ခေါက်တိတိ ရွတ်ဆိုခိုင်း၏။ ထိုစဉ် မိမိပတ်ထားသော ငွေရောင်လက်ပတ်နာရီဒိုင်ခွက်၏ နောက်ကျောတည့်တည့်ရှိ သော့သီးငယ်ပြားပြားလေးက မိမိလက်ကောက်ဝတ်ကို တဂျစ်ဂျစ်နှင့် ကုတ်ခြစ်နေသည်ကို ခံစားလိုက်ရ၏။ ဘွားဘွားအား တအံ့တသြ မော့ကြည့်မိရာ ဘွားဘွားက ပြုံး၍ပြောသည်။

"လူလေး ခုနရွတ်ဆိုလိုက်တာ ထီပေါက်ဂါထာပဲ။ အခု နာရီဒိုင်ခွက်ကျောဘက်က သော့သီးလေး ကုတ်ခြစ်တာက ဒီဆိုင်မှာ လူလေးအတွက် ထီပေါက်မယ့်လက်မှတ်ရှိတယ်လို့ အချက်ပေးတာပါ။ ဘယ်နှချက်ကုတ်သလဲကွယ့်"

"တစ်ချက်ပါ ဘွားဘွား"

"အေး- တစ်ချက်ဆိုရင် လူလေး ဒီဆိုင်မှာပေါက်မယ့်လက်မှတ်တစ်စောင်ပဲ ရှိတယ်လို့ ဆိုလိုတာလေ"

"ဩော်"

"ကဲ- လူလေး ရှေ့နည်းနည်းတိုးပြီးရပ်ပါ"

မောင်သီဟက ဘွားဘွားပြောသည့်အတိုင်း ထီဆိုင်ရှေ့ရှိ ထီလက်မှတ်များနှင့် အနီးဆုံးသို့ တိုးကပ်လိုက်သည်။ ထိုစဉ် ငွေလက်ပတ်နာရီ၏ ဘယ်ဘက်ခြမ်းက သော့သီးက လက်ကောက်ဝတ်ကို တဂျစ်ဂျစ် ကုတ်ခြစ်ပြန်သည်။ မောင်သီဟက ဘွားဘွားကို မော့ကြည့်သည်။

"အဲဒါ ထီဆိုင်ရဲ့ ဘယ်ဘက်ခြမ်းမှာ ပေါက်မယ့်ထီလက်မှတ်ရှိတယ်ဆိုတာ အချက်ပေးတာပါ။ ကဲ- ဘယ်ဘက်ကိုရွှေ့"

မောင်သီဟက ထီဆိုင်၏ဘယ်ဘက်ခြမ်းသို့ ရွှေ့လိုက်သည်။ ထိုအခိုက် နာရီဒိုင်ခွက်၏အောက်ခြေရှိ သော့သီးက လက်ကောက်ဝတ်ကို ကုတ်ခြစ်လိုက်ပြန်သည်။ သူကုတ်ခြစ်ပုံမှာ တစ်ချက်တည်း မဟုတ်ဘဲ သုံးစက္ကန့်လျှင် တစ်ချက်နှုန်းဖြင့် မှန်မှန်ကုတ်နေပြီး ခုနစ်ချက်တိတိအရောက်တွင် ရပ်တန့်သွားသည်။

ဘွားဘွားက -

"အဲဒါ ပေါက်မယ့်ထီလက်မှတ် ခုနစ်တန်းမြောက်မှာရှိတယ်လို့ အချက်ပြတာကွယ့်"

ယင်းအခိုက် နာရီဒိုင်ခွက်၏ ထိပ်တွင်ရှိသော သေ့သီးကြာ လက်ကောက်ဝတ်ကို ကုတ်ခြစ်ပြန်ရာ စောစောကကဲ့သို့ သုံးစက္ကန့်လျှင် တစ်ကြိမ်ကျ မှန်မှန်ကုတ်ကာ ကိုးကြိမ်မြောက်တွင် ရပ်တန့်သွားသည်။

"အဲဒါ ခုနစ်တန်းမြောက်အတန်းရဲ့ ကိုးရွက်မြောက်ထီလက်မှတ်ဟာ လူလေးထိုးရမယ့် ပေါက်ဂဏန်းပဲကွယ့်။ ကဲ- နားလည်ပြီနော်"

ဘွားဘွားက ထီဆိုင်ရှေ့ ခုနစ်တန်းမြောက်၏ ကိုးရွက်မြောက်ချိတ်ထားသော ထီလက်မှတ်ကို လက်ညှိုးဖြင့်ထိုးပြရင်း မေးလိုက်သည်။

"ဟုတ်ကဲ့ ဘွားဘွား"

ဘွားဘွားက မောင်သီဟလက်ကိုဆွဲကာ လူသူကင်းဝေးသော နေရာတစ်ခုသို့ ခေါ်သွား၍ ရှင်းပြသည်။

"လူလေးကို ဘွားဘွားပေးခဲ့တဲ့နာရီကို ထောင်တန်ငွေလက်ပတ်နာရီလို့ ခေါ်တယ်။ ထောင်ဆုတွေပေါက်နိုင်တဲ့နာရီမို့လို့ပဲ။ ထီလက်မှတ်တစ်စောင်ကို (၅၀၀၀) ဆုတစ်ဆု ပေါက်မယ်။ လူလေးအနေနဲ့ ထီပေါက်ဂဏန်းတွေကိုလိုက်ရှာပြီး ထီဖွင့်ပွဲတစ်ကြိမ်မှာ ထီအစောင် (၃၀) အထိ ထိုးနိုင်တယ်။ အစောင် (၃၀) ထက် လျှော့ထိုးလို့ရပေမယ့် တစ်စောင်မှ ပိုထိုးလို့မရဘူးဆိုတာ လူလေး အထူးအလေးထား ဂရုစိုက်ဖို့လိုတယ်။ ဒါသိပ်အရေးကြီးတယ်။ ထီတစ်စောင်ပိုထိုးမိတာနဲ့ လူလေးလက်ထဲမှာရှိတဲ့ ငွေလက်ပတ်နာရီဟာ တန်ခိုးစွမ်းအင်သတ္တိတွေ ပျောက်ကွယ်သွားလိမ့်မယ်ကွယ့်"

"ဟုတ်ကဲ့ပါ ဘွားဘွား"

"နောက်တစ်ခုက လူလေးက ထီအစောင် (၃၀) ထိုးခွင့်ရှိတဲ့အတွက် ခင်ပွန်းကြီး(၁၀)ပါးကို ပြစ်မှားတာ၊ ဒုစရိုက်(၁၀)ပါးကိုကျူးလွန်တာ၊ ကိလေသာ(၁၀)ပါးကို ဖောက်ဖျက်တာစတဲ့ ပညတ်ချက် (၃၀) ကို လိုက်နာစောင့်ထိန်းနိုင်ရလိမ့်မယ်ကွယ့်"

"ခင်ပွန်းကြီး(၁၀)ပါးဆိုတာ ဘာတွေလဲ ဘွားဘွား"

"ခင်ပွန်းကြီး(၁၀)ပါးဆိုတာ -

၁။ ဘုရား
၂။ ရဟန္တာ
၃။ ပစ္စေကဗုဒ္ဓါ
၄။ အဂ္ဂသာဝက
၅။ အမိ
၆။ အဖ
၇။ ဆရာ
၈။ အသက်ကြီးသူ
၉။ တရားပေးသူ
၁၀။ အဝတ်အစားပေးသူတွေကို ခေါ်တာ လူလေးရဲ့"

"ဟုတ်ကဲ့ ဘွားဘွား၊ ဟို ဒုစရိုက်(၁၀)ပါး ဆိုတာကကော"

"ဒုစရိုက်(၁၀)ပါးဆိုတာက -

၁။ ပါဏာတိပါတ- သူ့အသက်သတ်ခြင်း။
၂။ အဒိန္နာဒါန- အရှင်မပေးသည့် ဥစ္စာကို ယူခြင်း။
၃။ ကာမေသုမိစ္ဆာစာရ- ကိလေသာတို့မှ မှားသောအားဖြင့် ကျင့်ခြင်း။
၄။ မုသာဝါဒ- မဟုတ်မမှန်ပြောဆိုခြင်း။
၅။ ပိသုဏာဝါစာ- ချောပစ်ကုန်းတိုက်ခြင်း။
၆။ ဖရုသဝါစာ- ကြမ်းတမ်းသောစကား ပြောခြင်း။
၇။ သမ္ဖပ္ပလာပဝါစာ- အကျိုးမရှိ သိမ်ဖျင်းသောစကားကိုပြောခြင်း။
၈။ အဘိဇ္ဈာ- သူတစ်ပါး ချမ်းသာသည်ကို မလိုလားခြင်း။
၉။ ဗျာပါဒ- သူတစ်ပါးပျက်စီးအောင် ကြံစည်တောင့်တခြင်း။
၁၀။ မိစ္ဆာဒိဋ္ဌိ- အယူလွဲမှားခြင်း။

စတဲ့ အချက်(၁၀)ချက် ဖြစ်တယ်ကွယ့်"

"ဟုတ်ကဲ့- ဘွားဘွား၊ ကိလေသာ (၁၀)ပါးဆိုတာကိုလည်း ရှင်းပြပါဦး"

"ကိလေသာ (၁၀)ပါးဆိုတာက -

၁။ လောဘ- လိုချင်တပ်မက်မှု။
၂။ ဒေါသ- အမျက်ထွက်သဖြင့် အပြစ်ရှိမှု။
၃။ မောဟ- အမြင်မှန်မရမှု။
၄။ မာန- မိမိကိုယ်ကိုအထင်ကြီးမှု။
၅။ ဒိဋ္ဌိ- အယူလွဲမှားမှု။
၆။ ဝိစိကိစ္ဆာ- အာရုံကိုမဆုံးဖြတ်နိုင်မှု။
၇။ ထိန- စိတ်မဝင်စားပျင်းရိမှု။
၈။ ဥဒ္ဓစ္စ- စိတ်မငြိမ်မှု။
၉။ အဟိရိက- အကုသိုလ်လုပ်ရန်မရှက်မှု။
၁၀။ အနောတ္တပ္ပ- အကုသိုလ်လုပ်ရန်မကြောက်မှု။

ဆိုတာတွေပဲ လူလေး"

"ဟုတ်ကဲ့- ဘွားဘွား၊ ဒီလောက်များတဲ့ ပညတ်ချက်တွေကို သားအနေနဲ့ လိုက်နာနိုင်ဖို့ မလွယ်ဘူးထင်တယ် ဘွားဘွား"

"ဟုတ်တာပေါ့ကွယ်၊ လူလေးမပြောနဲ့ ဘုရား၊ ရဟန္တာနဲ့ ပုဂ္ဂိုလ်ထူး သူတော်ကောင်းတွေကလွဲလို့ သာမန်လူသားတစ်ယောက်အနေနဲ့ ဒီအချက်အားလုံးကို တစ်ချိန်တည်း တစ်ပြိုင်တည်း ထိန်းသိမ်းစောင့်ရှောက်နိုင်ဖို့ မလွယ်တာတော့ အမှန်ပဲကွယ့်။ ဒါတွေကိုလိုက်နာဖို့ ခက်ခဲလို့တာကြောင့်လည်း ဒီလျှို့ဝှက်ဆန်းကြယ်လှတဲ့ ငွေလက်ပတ်နာရီလေးဟာ လူတိုင်းလက်ထဲကို မရောက်နိုင်ခဲ့တာပေါ့ကွယ်။ ဘွားဘွားကိုယ်တိုင်လည်း ဒီပညတ်တွေကို မဖောက်ဖျက်မကျူးလွန်မိအောင် အတော်ကြီးကို သတိဝီရိယထားပြီး စောင့်ထိန်းခဲ့ရတာကွယ့်။ လူလေးက တခြားလူမှမဟုတ်ဘဲ ဘွားဘွားရဲ့ သွေးသားရင်းခြာ မြေးဦးအရင်းကြီးပဲကွယ့်။ ဒါကြောင့် ငါ့မြေးလည်း ဘွားဘွားလို အောင်မြင်ပေါက်ရောက်တဲ့ ထီပေါက်ဂဏန်းပိုင်ရှင်ကြီး ဖြစ်လိမ့်မယ်လို့ ဘွားဘွား အကြွင်းမဲ့ယုံကြည်ထားတယ်။ အဲဒါကြောင့်လည်း ဒီငွေလက်ပတ်နာရီအကြောင်းကို ဘွားဘွားကိုယ်တိုင် လူလေးကိုပြဖို့ ကြိုးစားခဲ့ပေမယ့် သေမင်းကခွင့်မပြုခဲ့ဘူးလေ။ ဒါကြောင့်မို့လို့လည်း အဲဒီအစွဲအလမ်းကြောင့် ကောင်းရာ

သုဂတိဘုံကို မလှမ်းနိုင်သေးဘဲ ကြိုရာဘဝတစ်ခုကနေ လူ
လေးကို အခုလို ရှင်းပြနေရတာပေါ့ကွယ်"
"ဟုတ်ကဲ့ပါ ဘွားဘွား"
"ကဲ - ဒီလိုစဉ်းစားကြည့်ကြရအောင်။ လူလေးအနေနဲ့
ဘုရား၊ ရဟန္တာ၊ မိဘ၊ ဆရာ စတဲ့ ပုဂ္ဂိုလ်တွေကို ပြစ်မှားစရာ
အကြောင်းမရှိဘူး မဟုတ်လား"
"ဟုတ်ကဲ့၊ အဲဒါမျိုးတော့မရှိပါဘူး ဘွားဘွား"
"ဟုတ်ပြီ၊ ဒါဆို လူလေးအနေနဲ့ ခင်ပွန်းကြီး(၁၀)ပါး အောင်
မြင်သွားပြီကွယ့်။ နောက်တစ်ခုဖြစ်တဲ့ ဒုစရိုက်(၁၀)ပါး ဆို
တာဟာလည်း အမှန်တော့ ကာယကံ(၃)ပါး၊ ဝစီကံ(၄ပါး)
မနောကံ(၃)ပါးပါပဲ။ နောက်တစ်မုဖြစ်တဲ့ ကိလေသာ(၁၀)
ပါးဆိုတာကလည်း လောဘ၊ ဒေါသ၊ မောဟ၊ မာနနဲ့ ဟီရိ
ဩတ္တပ္ပတရားတွေ အဓိကပါနေတယ်ကွယ့်။ အဲဒါတွေအား
လုံးကို ငါ့မြေးအနေနဲ့ တစ်ချိန်လုံး အမြဲမပြတ် စောင့်ထိန်း
နေရမှာ မဟုတ်ပါဘူးကွယ်"
*"ဟုတ်လား ဘွားဘွား။ ဒါဆို ဘယ်လို အချိန်တွေမှာ ထိန်း*
သိမ်းရမလဲ"
"အောင်ဘာလေထီးဖွင့်နေတဲ့ လဆန်း(၃)ရက်ကနေ လဆန်း
(၉)ရက်နေ့အထိ (၇)ရက်ရယ်၊ ထီးထားတဲ့ ထီလက်မှတ်
အားလုံး ဆုဂဏန်းဝင်ပြီး ပေါက်အောင်အဓိဌာန်ဝင်ရတဲ့
လဆန်း (၃) ရက်နေ့ တစ်ရက်ရယ်၊ အစောင် (၃၀)ပြည့်
အောင် ပေါက်ဂဏန်းတွေ ရှာဖွေထိုးနေတဲ့ ရက်ပိုင်းရယ်
အဲဒီအချိန်နဲ့ နေ့ရက်တွေမှာတော့ အဲဒီ ခင်ပွန်းကြီး(၁၀)ပါး၊
ဒုစရိုက် (၁၀)ပါးနဲ့ ကိလေသာ (၁၀)ပါးကို ရှောင်ကြဉ်နိုင်
အောင် ထိန်းသိမ်းထားနိုင်ဖို့ပါပဲ။ ဘယ့်နှယ် လူလေး၊ ဖြစ်နိုင်
မယ် မဟုတ်လားကွယ့်"
"အင်း - ထီက (၃)လမှာ တစ်ခါဖွင့်တာဆိုတော့ ရက်ပေါင်း
(၉၀) ပေါ့။ အဲဒီထဲမှာ အဓိဌာန်ဝင်ရမယ့် လဆန်း(၃)ရက်
နေ့အပါအဝင် ထီဖွင့်ရက်က (၇) ရက်[illegible]မယ်။ ပေါက်
ဂဏန်း အစောင်(၃၀)ပြည့်အောင် ထီဆိုင်တွေမှာ လိုက်ထိုး
ရှာဖို့က အဆင်သင့်ရင် နှစ်ရက်၊ သုံးရက်နဲ့တောင် တွေ့နိုင်

တယ်။ ထားပါတော့လေ၊ အလွန်ရောအကျွံရော တစ်ပတ်ပေါ့။ စောစောက ထီဖွင့်ရက်(၇)ရက်နဲ့ပေါင်းရင် (၁၄)ရက်ရှိမယ်။ ဟုတ်ကဲ့ ဘွားဘွား၊ ရက် (၉၀) အတွင်းမှာ (၁၄)ရက်ကလေးပဲ ပညတ်ချက်(၃၀)ကို မဖောက်ဖျက်မိအောင် ထိန်းသိမ်းစောင့်ရှောက်ရမှာဆိုတော့ သားမဖြစ်ဖြစ်အောင် ကြိုးစားပြီး ထိန်းသိမ်းပါ့မယ် ဘွားဘွား"

"အမလေး ဝမ်းသာလိုက်တာ မြေးလေးရယ်၊ ဘွားဘွားသေပျော်ပါပြီကွယ်၊ သေပျော်ပါပြီ"

ဘွားဘွားသည် ကျေနပ်စွာ ဝမ်းသာအားရပြောနေရင်းက မောင်သီဟမျက်နှာဆီသို့ စူးစိုက်ကြည့်လိုက်သည်။

"ဟုတ်ပြီ ငါ့မြေး၊ အရေးကြီးဆုံး အဓိဋ္ဌာန်ဝင်ရမှာနဲ့ အလှူဒါနပြုရမယ့်ကိစ္စ နှစ်ခုပဲကျန်တော့တယ်။ ကဲ- ဘွားဘွားပြောပြမယ် သေချာနားထောင်နော်"

"ဟုတ်ကဲ့"

"ထီစဖွင့်တဲ့ လဆန်း(၃)ရက်နေ့၊ ထီစဖွင့်တဲ့ မနက်(၉)နာရီတိတိအချိန်မှာ ဗိုလ်တထောင်ဘုရားစနေထောင့်မှာ နေရာယူပြီးဖြစ်နေရမယ်။ ပထမဆုံး နမောတဿ သုံးကြိမ်ရွတ်ဆိုပြီး သရဏဂုံ (၃) ပါး တည်ဆောက်ရမယ်။ ပြီးတော့ ပညတ်ချက်(၃၀)ပါအချက်တွေကို စောင့်ထိန်းလိုက်နာပါ့မယ်လို့ အလေးအနက် ကတိသစ္စာပြုရမယ်။ ပြီးမှ သောက်တော်ရေ (၇)ခွက်၊ အလင်းတိုင် (၇)တိုင်၊ အမွှေးတိုင် (၇) တိုင်နဲ့၊ ပန်း (၇)မျိုး ကပ်လှူရမယ်။ နောက် ငွေလင်ပန်းတစ်ခုပေါ်မှာ သီးနှံ(၇)မျိုးနဲ့ ငွေလက်ပတ်နာရီကို ထည့်ပြီး ဘုရားပူဇော်ပေးရမယ်ကွယ့်။ အဲဒီနောက် ထီပေါက်ဂါထာကို (၃၇)ခေါက် ရွတ်ဆိုရမယ်။ ပြီးတော့မှ ဗိုလ်တထောင်စေတီတော်ရယ်၊ စနေဂြိုဟ်တိုင်ဘုရားရယ်ကို အာရုံပြုပြီး မိနစ် (၇၀)ကြာအောင် တရားထိုင်ရမယ်။ တရားထိုင်ပြီးရင် စနေဂြိုဟ်မင်းကြီးကိုအာရုံပြုပြီး ဆုတောင်းရမယ်။ အားလုံးကိစ္စပြီးမှ မေတ္တာသုတ်ကို ရွတ်ဖတ်သရဇ္ဈာယ်ပြီး သဗ္ဗေသတ္တာဝေနေယျာအပေါင်းကို မေတ္တာပို့ အမျှဝေပေးရမယ်။ ဟုတ်လား"

"ဟုတ်ကဲ့ ဘွားဘွား"

"နောက်ဆုံး အလှူဒါနပြုတဲ့အခါကျတော့ ထီပေါက်လို့ရတဲ့ ငွေရဲ့ ငါးပုံတစ်ပုံကို ဗိုလ်တထောင်ဘုရားကြီး ရွှေသင်္ကန်း ကပ်ရန်လို့ မောင်သီဟနာမည်ပြေစာပိုင်းနဲ့ စာရင်းဖွင့်ပြီး လှူပေးရမယ်။ ဒါ သုံးလကတစ်ကြိမ် ထီပေါက်ပြီးတိုင်း လှူသွားရမှာနော်။ ရှင်းရဲ့လား လူလေး"

"ဟုတ်ကဲ့ပါ ဘွားဘွား"

မောင်သီဟက ဘွားဘွားပြောသမျှ တစ်ခုမကျန်အောင် အာရုံစိုက်နားထောင်နေရာမှ ခေါင်းတစ်ချက်ညိတ်၍ ဖြေလိုက်ကာ ဘွားဘွားအား မော့ကြည့်လိုက်သည်။ ဟင်- ဘွားဘွား ဘယ်မှာလဲ။ နောက်သို့ လှည့်ကြည့်သည် မတွေ့။ ဘေးဘီသို့ ပတ်ရှာကြည့်သည်၊ မမြင်။ သတိရ၍ ကောင်းကင်သို့ မော့ကြည့်လိုက်ရာ မိမိအားပြုံး၍ လက်ဝှေ့ယမ်းနှုတ်ဆက်ရင်း တဖြည်းဖြည်း မိုးပေါ်သို့တက်သွားသော ဘွားဘွား၏ မြူမှုန်ပမာ ဝိုးတဝါးပုံရိပ်ကို မြင်လိုက်ရသလို ထင်မိသည်။

"ဘွားဘွား"

မောင်သီဟက မိုးပေါ်သို့မော့ကြည့်ရင်း လှမ်းအော်ခေါ်လိုက်မိသည်။

"ဘွားဘွား၊ ဘွားဘွား"

မောင်သီဟက ဆက်၍ အော်ဟစ်ခေါ်လိုက်မိသည်။ ထိုစဉ် သူ၏ အကြားအာရုံထဲသို့ အနီးကပ် အသံတစ်ခု ကြားဖြတ်၍ ထိုးဖောက်ဝင်ရောက်လာသည်။

"ဒေါက် ဒေါက် ဒေါက်"

"အစ်ကိုကြီး၊ အစ်ကိုကြီး ဒေါက် ဒေါက် ဒေါက်"

"ဟေ- ဘာ. . . ဘာလဲဟ"

မောင်သီဟက အိပ်မှုန်စုံမွှားဖြင့် ကယောင်ကတမ်းဖြေနေမိသည်။

"ဘာရမလဲ အစ်ကိုကြီးရဲ့၊ ဗလုံးဗထွေးနဲ့ ဘာတွေအော်ပြောနေတာလဲ၊ အိပ်မက်မက်နေတာလား။ ကဲ- ထတော့၊ ထထ ဒီမှာဖြင့် မိုးလင်းနေပြီ"

"ဟင်"

သည်တော့မှ မောင်သီဟ သတိဝင်လာကာ မျက်လုံးများ ဖွင့်ကြည့်လိုက်မိတော့သည်။ ဩော်- နွေးနွေးက သူ့အခန်းတံခါးကို အပြင်ကနေခေါက်၍ နှိုးနေတာပါလား။ မောင်သီဟ ခုတင်ပေါ်မှ အသာဆင်းကာ ပြတင်းပေါက်တံခါးကို ဖွင့်လိုက်သည်။ အလင်းရောင်က သူ၏ မျက်စိသူငယ်အိမ်တွင်းသို့ စူးရှစွာ ဝင်ရောက်လာသည်။

"ဟာ- မိုးတောင်အတော်လင်းနေပြီပဲ။ ငါအတော်အိပ်ပျော်သွားတာကိုး"

ပြောရင်း မိုးပေါ်သို့ မော့ကြည့်လိုက်သည်။

"ဩော်- ဘွားဘွား"

တိမ်တိုက်ဖြူဖြူများကိုမြင်တော့ သူ့ဘွားဘွားကို သတိရသွားသည်။ ထို့ကြောင့် အိပ်ခန်းထောင့်တွင်ရှိ သံသေတ္တာဆီ လျှောက်သွားသည်။ သံသေတ္တာထဲမှ ယွန်းဘူးလေးကို ထုတ်ယူကာ ဖွင့်ကြည့်လိုက်သည်။ ငွေရောင်တလက်လက်တောက်ပနေသော ငွေလက်ပတ်နာရီက သူ့ကို ခပ်တည်တည် စိုက်ကြည့်နေသယောင် ထင်မိသည်။

အိပ်မက်ထဲတွင် မိမိ၏ လက်ကောက်ဝတ်ကို တဂျစ်ဂျစ် ကုတ်ခြစ်ခဲ့သော သော့သီးလေးများကို တစ်ခုချင်း ပွတ်သပ်ကိုင်တွယ်ကြည့်နေမိသည်။ ထိုသော့သီးများက ခုတော့လည်း တုတ်တုတ်မျှပင်မလှုပ်။ ပကတိကျောက်ရုပ်များအတိုင်း။ လူကို ကုတ်တတ်ခြစ်တတ်သော အမျိုးအစားဟုပင် မထင်ရ။ အမှန်တကယ်လည်း ကုတ်ခြစ်နိုင်ပါ့မလား။ အိပ်မက်ထဲမှာမို့လို့သာ စိတ်ထင်တိုင်းဖြစ်နိုင်ခဲ့တာများလား။

ဘွားဘွားက သူကွယ်လွန်ခါနီး ကိုယ်တိုင်မမှာခဲ့နိုင်သည်ကို စွဲလမ်းစိတ်ဖြင့် ကောင်းရာသုဂတိဘုံကိုပင် မသွားနိုင်ရှာဘဲ မိမိ သိရှိနားလည်အောင် လာရှင်းပြရသည်တဲ့။ ဘွားဘွားအနေနှင့် ဤငွေလက်ပတ်နာရီ၏သော့သီးများ ကုတ်ခြစ်အချက်ပြခြင်းဖြင့် ထိပေါက်မည့်လက်မှတ်များကို သိရှိရွေးချယ်နိုင်ကြောင်း အိပ်မက်ထဲတွင် ပြောပြသကဲ့သို့ အပြင်လောကတွင် အမှန်တကယ် မဖြစ်နိုင်ဘဲနှင့်တော့ သူ၏ဘဝကို အနစ်နာခံ၍ တပင်တပန်း လာရောက်ရှင်းပြနေလိမ့်မည် မထင်ပါချေ။

သို့ဆိုလျှင် ဤနာရီသော့သီးများသည် ထိဆိုင်ရှေ့ရောက်လျှင် တကယ်ပင် သက်ဝင်လှုပ်ရှားကြလေသည်လား။

မည်သို့ဆိုစေ ဘွားဘွား သေသေချာချာ လမ်းညွှန်ပြသခဲ့သည့်အတိုင်း လက်ကွေ့ မျက်တွေ့စမ်းသပ်ကြည့်လိုက်မှသာ အဖြေမှန်ပေါ်ပေါက်ပေလိမ့်မည်။ ဒါနဲ့ ဘွားဘွား နှုတ်တိုက်ချပေးခဲ့သည့် ဟိုထီပေါက်ဂါထာ၏ အစပိုဒ်က ဘယ်လိုပါလိမ့်၊ ဩော်- မှတ်မိပြီ မှတ်မိပြီ။

"တေ ဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ၊
ပထမံ သလာကာနံ ဘိက္ခူနံ ယဒိဒံ ကောဏ္ဍဓာနေ၊
ဧတေန သစ္စ ဝဇ္ဇေန သောတ္ထိမေ ဟောတု သဗ္ဗဒါ"

✿✿✿

## အခန်း (၂)
## သက်ဝင်လာသောသော့သီးများ

မောင်သီဟက (၃၇) လမ်းထိပ်ရှိ ထီဆိုင်ရှေ့တွင် ရပ်လိုက်သည်။ သူ၏ညာဘက်လက်တွင် ပတ်ထားသော ငွေလက်ပတ်နာရီကို တစ်ချက်ငုံ့ကြည့်ကာ ထီပေါက်ဂါထာကို ရွတ်ဆိုနေလိုက်သည်။ ဂါထာရွတ်ဆို၍ ခုနစ်ခေါက်ပြည့်သည်တွင် ငွေလက်ပတ်နာရီဒိုင်ခွက်၏ နောက်ကျောဘက်အလယ်တည့်တည့်ရှိ သော့သီးငယ်၏ ကုတ်ခြစ်လိုက်ခြင်းကို ခံစားရမိလိုက်သည်။ မောင်သီဟ သတိထား၍နေစဉ် သော့သီးငယ်က သူ၏လက်ကောက်ဝတ်ကို သုံးချက်တိတိကုတ်ခြစ်လိုက်သည်ကို ကောင်းစွာ ခံစားလိုက်ရသည်နှင့် သူ၏တစ်ကိုယ်လုံး ကြက်သီးတဖြန်းဖြန်းယသွားမိသည်။ သွေးခုန်နှုန်းရုတ်တရက် မြန်လာကာ ရင်ထဲတွင် တဒိန်းဒိန်းမြည်လာသည်။ ခြေဖျားလက်ဖျားများ ရုတ်ခြည်း အေးစက်တောင့်တင်းလာပြီး တုန်တုန်ယင်ယင်ဖြစ်နေမိသည်။

မောင်သီဟက အသက်ကို ခပ်ပြင်းပြင်း သုံးချက်ဆက်တိုက်ရှူထုတ်လိုက်ရင်း ကစဉ့်ကလျားဖြစ်သွားသော မိမိ၏ စိတ်အာရုံကို ပြန်လည်စုစည်းလိုက်သည်။ ခဏအကြာတွင် ကိုယ့်စိတ်ကိုယ်တင်း၍ ရှေ့တစ်လှမ်းတိုးလိုက်သည်။

ငွေလက်ပတ်နာရီဒိုင်ခွက်၏ နောက်ကျောက သော့သီးငယ်သုံးချက်ကုတ်ခြစ်လိုက်ခြင်းသည် ဤဆိုင်၌ မောင်သီဟပေါက်ရမည့် ငါးထောင်တန်ထီလက်မှတ် သုံးစောင်ရှိကြောင်း အချက်ပေး

လိုက်ခြင်းပင် မဟုတ်လား။

ထိုအခိုက် နာရီဒိုင်ခွက်၏ ညာဘက်ခြမ်းရှိ သော့သီးက လက်ကောက်ဝတ်ကို တစ်ချက်ကုတ်ခြစ်လိုက်သည်။ မောင်သီဟ သဘောပေါက်သည်။ သူထိုးရမည့်ထီလက်မှတ်သည် ထီဆိုင်၏ ညာဘက်ခြမ်းတွင်ရှိကြောင်း အသိပေးခြင်းဖြစ်၏။ မောင်သီဟက ထီဆိုင်၏ညာဘက်ခြမ်းထိပ်တွင် နေရာယူလိုက်သည်။

ထိုစဉ် နာရီဒိုင်ခွက်၏အောက်ဘက်မှ သော့သီးက ကုတ်ခြစ်သည်ကို သိလိုက်ရပြန်သည်။ ထိုသော့သီးက သုံးစက္ကန့်ခြားလျှင် တစ်ချက်နှုန်းဖြင့် လေးချက်တိတိကုတ်ကာ ရပ်တန့်သွား၏။ ပေါက်မည့်ထီလက်မှတ်သည် လေးတန်းမြောက်တွင်ရှိသည်ဟု အချက်ပြခြင်းပင်။ ခဏအကြာတွင် ဒိုင်ခွက်၏ထိပ်ဆုံးရှိ သော့သီးက သုံးစက္ကန့်စီခြား၍ (၆)ချက်တိတိ ကုတ်လေသည်။ မောင်သီဟက ရှေ့တိုး၍ လေးတန်းမြောက်ရှိ (၆)အုပ်မြောက် ထီလက်မှတ်ကို ဖြုတ်ယူကာ အပေါ်ဆုံးအရွက်ကို ဖြုတ်လိုက်သည်။

ထိုအခိုက် ဒိုင်ခွက်၏ ညာဘက်ခြမ်းသော့သီးက ကုတ်လိုက်ပြန်သည်။ မောင်သီဟက ညာဘက်ခြမ်းရှိ ထီလက်မှတ်များကို အာရုံပြုထားစဉ် အောက်ဘက်သော့သီးက (၃)ချက်ကုတ်ခြစ်ပြီး ဒိုင်ခွက်ထိပ်ကသော့သီးက (၅)ချက်ကုတ်ပြသဖြင့် မောင်သီဟက သုံးတန်းမြောက်ရှိ (၅)အုပ်မြောက် ထီစာအုပ်မှ အပေါ်ဆုံးအရွက်ကို ဖြုတ်ယူလိုက်သည်။

ထိုစဉ်အခိုက်မှာပင် နာရီဒိုင်ခွက်၏ ဘယ်ဘက်ခြမ်းမှ သော့သီးက ကုတ်ခြစ်လိုက်ပြန်၍ မောင်သီဟက ထီဆိုင်၏ဘယ်ဘက်ထိပ်တွင် သွားရပ်လိုက်သည်။ ခဏအကြာတွင် အောက်ဘက်သော့သီးက (၄)ချက်၊ အပေါ်သော့သီးက (၇)ချက် ကုတ်ခြစ်လာသဖြင့် မောင်သီဟက (၄)တန်းမြောက်ရှိ (၇)အုပ်မြောက် ထီစာအုပ်မှ အပေါ်သုံးရွက်ကို ဖြုတ်လိုက်သည်။

မောင်သီဟက ထိုဆိုင်မှ ထီသုံးစောင်ကို နာမည်နှင့် နေရပ်လိပ်စာများပေးကာ ဝယ်ယူခဲ့သည်။ ထို့နောက် တခြား ထီဆိုင်များသို့ဆက်သွားကာ ထိုနည်းအတိုင်း ထိုးယူခဲ့သည်။ ထိုနေ့က ကန်တော်ကလေးထီဆိုင်၊ ကျိုက်ထီးရိုးဘိုးဘိုးကြီး စသော ထီဆိုင်များမှ ပေါက်ဂဏန်းပါသော ထီ(၁၅)စောင် ရှာဖွေ ထိုးယူရရှိခဲ့

သည်။ နောက်တစ်နေ့တွင်လည်း ရန်ကုန်မြို့ထဲနှင့် မြို့ပြင်ရှိ ထီဆိုင်များတွင် ဆက်လက် ရှာဖွေထိုးယူခဲ့ရာ (၁၅)စောင်တိတိ ရရှိနိုင်ခဲ့ပြန်သည်။ မိမိ၏ ကောင်တန်ငွေလက်ပတ်နာရီအတွက် သတ်မှတ်ထားသည့် ထီအစောင်(၃၀)ပြည့်ပြီဖြစ်၍ ငွေလက်ပတ်နာရီကို ယွန်းဘူးထဲပြန်ထည့်ကာ သေတ္တာထဲ သော့ခတ်သိမ်းဆည်းထားလိုက်တော့သည်။

ထိုနေ့သည် ၁၉၈၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ(၂၄)ရက်နေ့ဖြစ်ရာ မတ်လဆန်း(၃)ရက်နေ့တွင် စတင်ဖွင့်လှစ်မည့် အောင်ဘာလေထီအား စောင့်မျှော်နေရန်သာ ရှိတော့သည်။ ထီထိုးနေသည့် နှစ်ရက်တာကာလအတွင်း မောင်သီဟအနေဖြင့် ခင်ပွန်းကြီး (၁၀)ပါး၊ ဒုစရိုက်(၁၀)ပါးနှင့် ကိလေသာ(၁၀)ပါးတို့ကိုလည်း အထူးသတိထား၍ အောင်မြင်စွာ ရှောင်ရှားနိုင်ခဲ့ပါလေသည်။ ထီဖွင့်မည့် (၇)ရက်တာကာလအတွင်း ပညတ်ချက်(၃၀)ကို တစ်ချက်မှ ချွတ်ယွင်းချက်မရှိအောင် အထူးဂရုထား၍ ထိန်းသိမ်းရပေလိမ့်ဦးမည်။

မတ်လ (၃)ရက်နေ့ ထီဖွင့်မည့် နံနက် (၉)နာရီ မတိုင်မီ မောင်သီဟမှာ ဗိုလ်တထောင်ဘုရား စနေထောင့်တွင် နေရာယူထားပြီး ဖြစ်၏။ ပထမဆုံး နမောတဿ သုံးကြိမ်ရွတ်ဆိုကာ ဗုဒ္ဓံ၊ ဓမ္မံ၊ သံဃံ သရဏဂုံသုံးပါးကို တည်ဆောက်သည်။ ထို့နောက် သတ်မှတ်ထားသော ပညတ်ချက်(၃၀)ကို မပျက်မကွက် ထိန်းသိမ်းလိုက်နာပါမည့်အကြောင်း ကတိသစ္စာပြုသည်။ ပြီးနောက် သောက်တော်ရေ (၇)ခွက်၊ အလင်းတိုင် (၇)တိုင်၊ အမွှေးတိုင် (၇)တိုင်နှင့် ပန်း (၇)မျိုးကို ဘုရားတွင် ကပ်လှူ၏။ ထို့နောက်မှ သစ်သီး (၇)မျိုးနှင့် ငွေလက်ပတ်နာရီတို့ ရောနှောထည့်ထားသော ငွေလင်ပန်းကို ကပ်လှူပူဇော်၏။

ပန်း၊ ဆီမီး၊ သစ်သီး ဆွမ်းစသော ကပ်လှူခြင်းကိစ္စ ပြီးမြောက်သောအခါ ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်အား နဖူး၊ တံတောင်ဆစ်နှစ်ဖက်၊ ဒူးနှစ်ဖက်တို့ဖြင့် ထိခြင်းငါးပါးနှင့်အညီ ကြမ်းပြင်တွင် စနစ်တကျထိ၍ ရှိခိုးပူဇော်ကာ 'တေ ဒဂ္ဂံ ဘိက္ခဝေ မမ သာဝကာနံ' အစချီသော ထီပေါက်ဂါထာကို (၃၇)ခေါက်တိတိ ရွတ်ဆိုလေသည်။ ထို့နောက် ဗိုလ်တထောင်စေတီတော်နှင့် စနေဂြိုဟ်တိုင်ဘုရားပဋိမာအား အာရုံပြု၍ **မိနစ်**

(၇၀)ကြာ တရားထိုင်သည်။ ထိုသို့ တရားထိုင်နေရင်း မိမိထိုးထား ခဲ့သမျှ ထီလက်မှတ်များ တစ်စောင်မကျန် ပေါက်ပါမည့်အကြောင်း စနေဂြိုဟ်မင်းကြီးအားတိုင်တည်၍ ဆုမွန်ကောင်းတောင်းလိုက် သည်။ အားလုံးပြီးသောအခါ မေတ္တာသုတ်ကို ရွတ်ဖတ် သရဇ္ဈာယ် ကာ သဗ္ဗေသတ္တာဝေနေယျာတို့အား မေတ္တာပို့ အမျှဝေပေးလိုက် တော့သည်။

နောက်ဆုံး ထီဖွင့်ရက်ဖြစ်သော လဆန်း(၉)ရက်နေ့ ညနေ ပိုင်းတွင် မိမိနေအိမ်သို့ အသက်(၂၀)ခန့် ဖြူဖြူချောချော မိန်း ကလေးတစ်ဦး ရောက်လာသည်။

"ဟော- အစ်ကို ရှိမှရှိပါ့မလားလို့။ တော်သေးတာပေါ့"

မောင်သီဟ ပါးစပ်အဟောင်းသားပွင့်သွားသည်။ မိမိ တစ် ကြိမ်တစ်ခါမျှ မမြင်ခဲ့မတွေ့ခဲ့ဘူးသော မိန်းကလေးတစ်ဦးက မိမိ အား တရင်းတနှီးလာနှုတ်ဆက်နေပါလား။ ဧကန္တ- လူမှားနေတာ ဖြစ်လိမ့်မည်။

"ဘယ်သူနဲ့တွေ့ချင်လို့လဲ မသိဘူး"

မောင်သီဟက မယုတ်မလွန် မေးလိုက်သည်။ မိန်းကလေး က ညာဘက်ပါးပြင်မှ ပါးချိုင့်ခွက်ကလေး ခွက်ဝင်သွားအောင် ပြုံးလိုက်သည်။

"အစ်ကိုက ကိုသီဟ မဟုတ်လား"

"ဟုတ်ပါတယ်"

"ကျွန်မ နာမည်က နန္ဒာရွှေပါ"

နန္ဒာရွှေတဲ့။

မောင်သီဟ တစ်သက်တာတွင် တစ်ကြိမ်တစ်ခါမျှ မကြား ဘူးသောနာမည် ဖြစ်သည်။

"ကြည့်မြင်တိုင်ဈေးထိပ်က စိန်ရွှေလှ သိန်းထီဆိုင်ကလေ။ မမှတ်မိဘူးလား"

စိန်ရွှေလှသိန်းထီဆိုင်တဲ့၊ သည်နာမည်တော့ကြားဖူးသည်။ မှတ်မှတ်ရရလည်း ရှိသည်။ ပေါက်ဂဏန်းထီစောင်ရေ အတော် များများရခဲ့သော ကြည့်မြင်တိုင်ဈေးထိပ်ကဆိုင်ပေပဲ။ သို့တစေ သည်နန္ဒာရွှေဆိုသော မိန်းကလေးကိုတော့ မသိ။

"ကျွန်မက အဲဒီဆိုင်က အရောင်းစာရေးမပါ။ အစ်ကိုထိုး

သွားတဲ့ ထီလက်မှတ်(၆)စောင်စလုံး (၅၀၀၀)ဆုတွေ ပေါက်နေလို့ လာအကြောင်းကြားတာပါ"

"ဩော်- ဟုတ်ပေသားပဲ။ နာမည်နဲ့လိပ်စာပေးခဲ့တာကိုး။ အေးဗျာ- အားနာစရာ၊ ဝင်ပါ ဝင်ပါ"

နန္ဒာရွှေဆိုသူက ဧည့်ခန်းထဲဝင်ထိုင်သည်။ ယခုတစ်ကြိမ်ထီဖွင့်ပွဲတွင် သူတို့ဆိုင်မှ ငါးသိန်းဆုတစ်ဆုအပါအဝင် ပေါက်ခဲ့သောဂဏန်းများကို ထုတ်ပြသည်။ မောင်သီဟထိုးခဲ့သော ထီလက်မှတ်(၆)စောင်မှာ အစောင်တိုင်း (၅၀၀၀)ဆုပေါက်နေကြောင်း ပေါက်ဂဏန်းများနှင့် တိုက်ပြသည်။

"ကျွန်မလေ သူငယ်ချင်းတွေကလွဲပြီး တခြား ဘယ်သူ့ဆီကိုမှ ထီပေါက်တာ လိုက်အကြောင်းမကြားဖူးဘူးရှင့်။ အစ်ကိုထိုးသွားတဲ့ ထီလက်မှတ်(၆)စောင်စလုံး တိုက်တိုက်ဆိုင်ဆိုင် (၅၀၀၀)ဆုတွေချည်းပဲ ပေါက်နေတာရယ်၊ မယုံနိုင်အောင် ထူးထူးခြားခြား ကံထူးတဲ့လူမို့လို့ တကူးတကလာအကြောင်းကြားပေးတာပါ"

"ခုလို လာအကြောင်းကြားပေးတာ ဝမ်းလည်းသာတယ်၊ ကျေးဇူးလည်းအထူးတင်ပါတယ်ဗျာ"

"ကျေးဇူးအထူးတင်ရင် လာပြောပေးတဲ့အတွက် မုန့်ဖိုးလည်း အထူးပေးမှဖြစ်မှာနော်"

"ဟာ- ရပါတယ်၊ ပေးရမှာပေါ့ဗျာ"

"အလ ားနောက်တာပါ အစ်ကိုရယ်။ ကျွန်မအစ်ကို့ဆီလာတာ ထီပေါက်တာ အကြောင်းကြားပေးဖို့ တစ်ခုတည်းမဟုတ်ဘူးရှင့်"

"ဟုတ်လား၊ တခြားဘာကိစ္စများ"

မောင်သီဟက တအံ့တဩ မေးလိုက်မိသည်။

"ဟောဒါလေးလည်း လက်ဆောင်ပေးရင်းဆိုပါတော့"

နန္ဒာရွှေက နံဘေးတွင်ချထားသော သားရေလက်ဆွဲအိတ်ထဲမှ အလျား (၁၂) လက်မ၊ အနံ (၁၀)လက်မခန့်ရှိ ကပ်ထူပြားတစ်ချပ်ကို ဆွဲထုတ်ကာ မောင်သီဟအား လှမ်းပေးလိုက်သည်။

"ဟာ"

မောင်သီဟက ထိုကတ်ထူပြားကို ကြည့်လိုက်စဉ် အလွန်အ

မင်း အံ့ဩသွားလျက် မျက်လုံးကြီးများပြူးဝိုင်းသွားသည်။ အဘယ် ကြောင့်ဆိုသော် ထိုကတ်ထူပြားမှာ ခဲသားဖြင့်ရေးဆွဲထားသော မိမိ၏ ပုံတူပန်းချီကားဖြစ်နေ၍ပင်တည်း။

"မနန္ဒာရွှေ ဒီပုံကို ဘယ်တုံးက ဘယ်လိုလုပ်ဆွဲလိုက်တာလဲ ဗျာ"

မောင်သီဟက ကိုယ့်မျက်စိကိုယ်မယုံသလို မေးလိုက်သည်။ နန္ဒာရွှေက ပါးချိုင့်ခွက်ပေါ်အောင် နှစ်ခြိုက်စွာ ပြုံးပြလိုက် သည်။

"ကျွန်မက ငယ်ငယ်ကတည်းက ပန်းချီ အလွန့်ဝါသနာပါခဲ့ တယ်။ တက္ကသိုလ်အနုပညာအသင်းမှာ ပန်းချီသင်တန်း လည်း တက်ဖူးတယ်။ သင်တန်းမှာတော့ ပုံဆွဲနည်း အမျိုး မျိုး သင်ရတာပေါ့လေ။ ဒါပေမယ့် ကျွန်မ လူပုံတူဆွဲတာ တစ်ခုမှာ အရမ်းအားသန်တယ်။ ကျွန်မဆွဲတဲ့ လူပုံတွေက လည်း ကြာလေတူလေဖြစ်လာတယ်။ တချို့ပုံတွေဆိုရင် အပြင်က ပကတိလူသားတစ်ယောက်ကို မြင်နေရသလောက် တောင် အသက်ဝင်တယ်လို့ ပြောလာကြတယ်ရှင့်"

မောင်သီဟက သူ့ပုံတူပန်းချီကားကို သေချာစူးစိုက်ကြည့် မိသည်။ ဟုတ်တော့ဟုတ်သည်။ သူ့ကိုယ်သူ မှန်ထဲတွင် ပြန်မြင် နေရသလောက်နီးနီး လက်ရာမြောက်၍ အသက်ဝင်လှသည်။

"ဒါနဲ့ မနန္ဒာရွှေက ကျွန်တော့်ပုံကို ဘယ်တုံးကဆွဲခဲ့တာယ် ဆိုတာလေး ရှင်းပြပေးပါဦး"

"အမှန်က ဒါတိုက်ဆိုင်မှုပါ။ အဲဒီနေ့က ကျွန်မစိတ်ထဲ ပန်းချီ ဆွဲချင်နေတာနဲ့ စာရွက်နဲ့ခဲတံထုတ်ပြီး စဉ်းစားနေမိတယ်။ အဲဒီအချိန်မှာ အစ်ကိုက ကျွန်မတို့ဆိုင်ရှေ့ကို ထီထိုးဖို့ ရောက်လာတယ်။ ထူးခြားတာတစ်ခုက အစ်ကိုက သူများ တကာလို ချက်ချင်းထီထိုးပြီး ပြန်ထွက်သွားတာမျိုး မဟုတ် ဘူး။ ဆိုင်ရှေ့တည့်တည့်မှာ ခဏရပ်နေသေးတယ်။ ပြီးမှ ဆိုင်ညာဘက်ခြမ်းကို သွားရပ်တယ်။ ထီလက်မှတ်စင်ပေါ် မှာ ချိတ်ထားပဲ့ ထီလက်မှတ်တွေကို တစ်ချန်းချင်း လိုက် ကြည့်တယ်။ ပြီးမှ ထီစာအုပ်တစ်အုပ်ချင်း လက်ညှိုးနဲ့ ထောက်ပြီး ရေတွက်တယ်။ ပြီးရင် ထီတစ်စောင် ဖြုတ်

တယ်။ ထီတစ်စောင်ထိုးမယ်ကြံတိုင်း အဲဒီလိုပုံစံမျိုးနဲ့ ထီ (၆)စောင်တောင်လေ။ အချိန်လည်း တော်တော်လေးကြာသွားတယ်။ အဲဒီလို အစ်ကိုထီထိုးနေတဲ့အချိန်ဟာ ကျွန်မအတွက် လူတစ်ယောက်ရဲ့ ပုံတူပန်းချီကားတစ်ချပ်ကို ပီပီပြင်ပြင်ဆွဲဖို့ လုံလောက်တဲ့အချိန် ရသွားခဲ့တာပေါ့ရှင်"

"ဩော်- ဒီလိုကိုး"

မောင်သီဟက ခေါင်းညိတ်လိုက်သည်။ ဟုတ်တော့လည်း ဟုတ်သည်လေ။ သူထီတစ်စောင်ထိုးတာကလည်း အချိန်နည်းနည်းတော့ယူရသည်။ ညာဘက်ခြမ်း၊ ဘယ်ဘက်ခြမ်းရွေးရသည်။ ချိတ်ထားသောထီအတန်းကို တွက်ရသည်။ ပေါက်မည့်ထီလက်မှတ်ရှိသည့် အမှတ်စဉ်ကို ရှာရသည်။ အားလုံးက ဒိုင်ခွက်ပေါ်မှ သော့သီးလေးများ၏ လမ်းညွှန်မှုအတိုင်းဆိုတော့ အချိန်အတန်ကြာယူခဲ့ရသည်။ ထိုအချိန်တွင် နန္ဒာရွှေက သူ့ပုံတူကို ကောက်ဆွဲလိုက်ခြင်းဖြစ်၏။

"ခုလို ပိုင်ရှင်ရဲ့ခွင့်ပြုချက်မယူဘဲ၊ ဆွဲချင်တဲ့စိတ်ကို မထိန်းချုပ်နိုင်လိုက်ဘဲ ကိုသီဟပုံတူကို ဆွဲမိတဲ့အတွက်တော့ တောင်းပန်ရတော့မှာပါ"

မောင်သီဟက ခေါင်းခါပြလိုက်သည်။

"ဟာ- မလိုပါဘူးဗျာ၊ ခုလို ကျွန်တော့်ပုံတူကို ဂရုတစိုက်နဲ့ ဆွဲပေးခဲ့တဲ့ မနန္ဒာရွှေကို ကျွန်တော်ကတောင် ကျေးဇူးတင်ရဦးမှာပါ"

"ဟင်း ဟင်း- ကျေးဇူးတွေကများနေပြီနော်၊ စောစောကပဲ ကျေးဇူးအထူးတင်ရတာနဲ့ အခုလည်း ကျေးဇူးတင်ရဦးမှာနဲ့"

"ဟဲဟဲဟဲ- ကျွန်တော်က ကျေးဇူးကို စကားနဲ့တင်တင်တတ်တာ မဟုတ်ဘူး။ လက်တွေ့လည်း တင်တတ်ပါတယ်နော်။ ကဲ- အခု မနန္ဒာရွှေ ဘာစားမလဲ"

"အစ်ကို့ကိုခင်လို့ သက်သက်စံတာပါရှင်။ ကဲ - ကျွန်မရောက်တာလည်းကြာနေပြီ။ တခြားကိစ္စလေးတစ်ခုလည်း ရှိနေသေးလို့ ခွင့်ပြုပါဦး အစ်ကို"

"ဟာဗျာ- အိမ်ရောက်တုန်း တစ်ခုခုစားသွားဦးမှပေါ့ဗျာ"

"ရပါတယ် အစ်ကိုရဲ့၊ နောက်လည်းတွေ့ဦးမှာပဲဟာ။ ကျွန်မ စိန်ရွှေလျှံထီဆိုင်မှာအမြဲရှိပါတယ်။ အစ်ကို ဆုငွေတွေထုတ်ပြီးရင် ထီလာထိုးဦးလေ"

"ဒါဆိုလည်း အစ်ကိုထီလာထိုးမှ တွေ့ကြတာပေါ့။ အဲဒီအခါကျရင် အစ်ကိုကျွေးတာ မငြင်းရဘူးနော်"

"အင်းပါ အစ်ကိုရယ်"

မောင်သီဟက နန္ဒာရွှေအား ခြံဝအထိ လိုက်ပို့ပေးလိုက်သည်။ နန္ဒာရွှေက သမင်ပျိုမလေးသဖွယ် သွက်လက်စွာ နှုတ်ဆက်၍ ထွက်ခွာသွား၏။ နန္ဒာရွှေ၏ ပါးချိုင့်ပြုံးလေးနဲ့ အလှအပ၊ ချိုသာကြည်မြသောအသံ၊ သင်းပျံ့သောကိုယ်သင်းရနံ့တို့က မောင်သီဟ၏ မနောအာရုံဝယ် တရစ်ဝဲဝဲနှင့် ထင်ဟပ် ကျန်ရစ်ခဲ့လေတော့သည်။

✿✿✿

## အခန်း (၃)
## ရလေလိုလေ အိုတစ္ဆေ

"သူဌေးလောင်းရွေးဖို့ အချိန်ရောက်ပြီနော်၊ ဟောဒီမှာ ပေါက်စဉ်တွေ ပေါက်စဉ်တွေ အစအဆုံး"

ညနေ (၅) နာရီခန့်တွင် အိမ်ရှေ့လမ်းမမှ တကြော်ကြော် အော်ရောင်းနေသံကြောင့် မောင်သီဟက ထီပေါက်စဉ်တစ်စောင် ထွက်ဝယ်ခဲ့သည်။ ထို့နောက် မိမိ၏အိပ်ခန်းတံခါးကို အတွင်းမှပိတ်ကာ ထိုးထားသောထီလက်မှတ်များကို ထုတ်လိုက်သည်။ ထီပေါက်စဉ်အောက်ဘက်နားတွင် ဖော်ပြထားသော ငါးထောင်ဆု ပေါက်ဂဏန်းများနှင့် ယှဉ်တွဲ၍ တိုက်ဆိုင်စစ်ဆေးကြည့်လိုက်သည်။

ပေါက်ပြီ။ ပေါက်သမျှ မောင်သီဟထိုးထားသော ထီအစောင် (၃၀) စလုံး တစ်စောင်မကျန် (၅၀၀၀) နှုန်း ပေါက်လေပြီ။

နောက်တစ်ပတ်ခန့်အကြာတွင် အောင်ဘာလေသိန်းဆု ဌာနတွင် ထီတစ်စောင်လျှင် (၅၀၀၀) နှုန်းဖြင့် ထီအစောင် (၃၀)အတွက် ငွေကျပ် တစ်သိန်းငါးသောင်းထုတ်ယူခဲ့သည်။ ထိုနေ့မှာပင် ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးဘုရားကိုသွားကာ မိမိနာမည်ဖြင့် စေတီတော်သက်န်းကပ်လှူရန်အတွက် ထီပေါက်ငွေ၏ ငါးပုံတစ်ပုံဖြစ်သော ငွေကျပ်သုံးသောင်းကို လှူဒါန်းခဲ့သည်။

မောင်သီဟတို့ခေတ်က ဆန်အကောင်းစား ပေါ်ကွဲတစ်ပြည်မှ (၄)ကျပ် (၅၀)ပြား၊ ဆန်တစ်အိတ်လုံးမှ (၁၀၈)ကျပ်ခန့်သာ ရှိပေသေးရာ ယူတို့ မောင်နှမသုံးယောက်အဖို့ အိမ်စရိတ်၊ ကျောင်း

စရိတ်နှင့် အထွေထွေအသုံးစရိတ် စုစုပေါင်းပါမှ တစ်လလျှင် ငွေကျပ်ထောင်ချီသောင်းမျှသာ ကုန်ကျ၏။ ရွှေတစ်ကျပ်သားမှာလည်း (၄၀၀၀)ခန့်သာရှိသေးရာ မောင်သီဟအနေဖြင့် သူ၏ ညီမနှစ်ယောက်အား စိန်ရွှေရတနာအပြည့် ဆင်ထားနိုင်လာသည်။ ယင်းသို့ဖြင့် ထီတစ်ကြိမ်ဖွင့်သော (၃)လပတ်ကာလတွင် ငွေလေးငါးသောင်းခန့် စုမိနိုင်လေရာ (၆)လအကြာတွင် ငွေတစ်သိန်းနီးပါးခန့် ပိုင်နေလေပြီ။

သို့တစေ မောင်သီဟက ဤမျှသောငွေကို များသည်ဟုမထင်။ သူ့ထီလက်မှတ်များ တစ်စောင်လျှင် (၅၀၀၀) ထက် ပို၍ မပေါက်နိုင်သည်ကို မချင့်မရဲဖြစ်နေသည်။ အားလုံးမဟုတ်သည့်တိုင် တစ်စောင်တလေ သောင်းဆု၊ သိန်းဆုများ ပေါက်နိုင်လျှင် မည်မျှကောင်းမည်နည်း။

ဘွားဘွားသည် ဤငွေလက်ပတ်နာရီကို မည်သည့်အချိန်၌ မည်သူ့ထံမှ ရခဲ့ပါသလဲ။ မိမိ (၁၀) တန်းရောက်သည့်နှစ်အထိ ဘွားဘွား၏ စိန်ရွှေရတနာ ပွဲစားလုပ်ငန်းသည် မိသားစု စားလောက်ရုံမျှသာရှိခဲ့သည်။ မိမိ တက္ကသိုလ်ရောက်သည့်နှစ်ကစ၍ စီးပွားတက်လာခြင်းဖြစ်ရာ ဤငွေလက်ပတ်နာရီသည် ထိုအချိန်မှစ၍ ဘွားဘွားလက်ဝယ် ရောက်ရှိနေခဲ့ပြီဟု ယူဆရပေတော့မည်။

ထီတစ်စောင်လျှင် (၅၀၀၀) နှုန်းထက် ပို၍ ငါးသောင်းဆု၊ ငါးသိန်းဆု စသည်ဖြင့် ဘာကြောင့် မပေါက်နိုင်ရပါသလဲ။ သည်လိုမျှမဟုတ်ရင်လည်း ထီအစောင် (၃၀) ဟူ၍ ကန့်သတ်မထားဘဲ ကိုယ်ထိုးနိုင်သလောက် ထိုးခွင့်ပြုပါတော့လား။

ခုတော့ ထိုသို့မဟုတ်။

မိမိအနေဖြင့် ဤနှုန်းထားအတိုင်းသာ ဆက်လက်ထိုးသွားပါက တစ်နှစ်နေမှ ငွေကျပ် (၂) သိန်းခန့်သာ စုမိနိုင်မည်။ ဆယ်နှစ်ကြာမှ ငွေသိန်း (၂၀) မျှသာ ပိုင်ဆိုင်နိုင်မည်ဖြစ်ရာ တစ်နေ့တခြား အစစအရာရာ အသုံးစရိတ်ကြီးမြင့်လာသော ခေတ်ကာလတွင် လူတစ်လုံးသူတစ်လုံး ဖြစ်ရန်အတွက် အလွန် နောက်ကျနေပေတော့မည်။

ထိုညက နောင်ရေးအတွက် ရတက်မအေးနိုင်ဘဲ အိပ်ရာထဲ၌ တလူးလူးတလိမ့်လိမ့်ဖြင့် အတွေးချာချာလည်လျက်ရှိရာ

အတော်ကြီးညဉ့်နက်မှ အိပ်ပျော်သွားခဲ့သည်။ ထိုအချိန်တွင် သူ၏ ဘွားဘွား ဒေါ်ငြိမ်းခင်က ပြတင်းပေါက်မှဝင်လာကာ သူ့ခုတင် ဘေးတွင် လာရပ်သည်။

"ဟင်- ဘွားဘွား"

မောင်သီဟက မျက်လုံးဖွင့်ကြည့်လိုက်သည်။

"အေး- ငါ့မြေးလေး အဆင်ပြေတယ်မဟုတ်လား"

"ဟုတ်ကဲ့၊ ပြေတော့ပြေပါတယ် ဘွားဘွား။ ဒါပေမယ့် . . . "

"ဒါပေမယ့် ဘာဖြစ်လဲကွယ့်"

"ဒါပေမယ့် ဘွားဘွားရယ်၊ ထီတစ်ကြိမ်ဖွင့်မှ ငွေလေးငါး သောင်းလောက်ပဲကျန်တဲ့ာဆိုတော့ အစစအရာရာဈေးကြီး တဲ့ဒီခေတ်ကြီးထဲမှာ ရေရှည် လူတန်းစေ့နေနိုင်ဖို့ မလွယ်ဘူး ဖြစ်နေတယ် ဘွားဘွား"

ဘွားဘွားက ပြုံးပြုံးကြီး ငုံ့ကြည့်လိုက်သည်။

"လူတန်းစေ့ဆိုတာ ဘယ်လိုဟာလဲ မြေးလေး"

"ဩော်- ဘွားဘွားကလည်း လူတန်းစေ့ဆိုတာ သူများနဲ့ တန်းတူ ဝတ်နိုင်စားနိုင်နေနိုင်တာကို ပြောတာပေါ့။ အခု သားတို့မှာ သူများလိုပဲ ဝတ်နိုင်စားနိုင်တော့ရှိပါရဲ့ ဒါပေ မယ့် အခု သားတို့နေရတာက သူများအိမ်ကို ငှားနေရတာ မဟုတ်လား။ ကိုယ်ပိုင်တိုက်နဲ့တာနဲ့ ကိုယ်ပိုင်ကားတစီးစီးနဲ့ နေချင်သေးတာပေါ့ ဘွားဘွားရယ်"

"အင်း"

"အဲဒါလေ ဟို- ဘွားဘွားပေးထားတဲ့ ငွေလက်ပတ်နာရီနဲ့ သောင်းဆု၊ သိန်းဆုတွေပေါက်အောင် လုပ်လို့မရဘူးလား။ ဒါမှမဟုတ် ထီတစ်ခါဖွင့်တိုင်း ထီအစောင် လေးငါးခြောက် ဆယ်အထိ ထိုးလို့မရဘူးလား။ အဲဒီလိုဖြစ်အောင် ဘွား ဘွားအနေနဲ့ လုပ်မပေးနိုင်ဘူးလား"

ဘွားဘွားက သူ၏ခေါင်းကို ဘယ်ပြန်ညာပြန်ခါရင်း မောင် သီဟအား ကရုဏာသက်သောမျက်လုံးများဖြင့် ကြည့်လိုက်သည်။

"ဩော်- ငါ့မြေးလေးလည်း ရလေလိုလေအိုတစ္ဆေဆိုတာလို ဖြစ်နေပါ့လား။ အေးပေါ့လေ၊ လူဆိုတာ လောဘသားတွေပဲ မဟုတ်လား။ ဒီကိစ္စက တခြားလူသားတစ်ယောက်အတွက်

အကြောင်းမထူးပေမယ့် ငါ့မြေးကလေးအတွက်တော့ သိပ်အရေးကြီးတယ်ကွယ့်"

"ဟုတ်လား ဘွားဘွား၊ ဘာဖြစ်လို့လဲဟင်"

"ဘာလဲ သားမေ့နေပြီလား။ သား မဖောက်ဖျက်မကျူးလွန်ပါဘူးလို့ ဗုဒ္ဓဘုရားရှေ့မှာ ကတိသစ္စာပြုထားခဲ့တဲ့ ကိလေသာ(၁၀)ပါးထဲမှာ လောဘဆိုတဲ့ လိုချင်တပ်မက်မှုတရားဟာ ထိပ်ဆုံးကပါနေတယ်လေ"

"ဟုတ်ပါရဲ့ ဘွားဘွားရယ်၊ ဒါ. . . ဒါဆို သား အဲဒါနဲ့ ငြိနေပြီလားဟင်"

"အေး- ထိဖွင့်နေတဲ့ရက်တွေနဲ့ ထီအစောင်ရေပြည့်အောင် လိုက်ထိုးနေတဲ့ ရက်တွေမှာဆိုရင်တော့ ဒီပညတ်ချက်က လွတ်ဖို့မလွယ်ဘူး။ သားရဲ့ ထောင်တန်ငွေလက်ပတ်နာရီရဲ့ တန်ခိုးသတ္တိတွေလည်း ပျက်ပြယ်မသွားဘူးလို့တော့ မပြောနိုင်ဘူးပေါ့လေ။ ခုတော့ အဲဒီ သတ်မှတ်ထားတဲ့ရက်တွေက လွတ်နေကဲ့အချိန်မှာ ဒီလို လောဘစိတ်တွေဝင်မိတာဆိုတော့လည်း မထိခိုက်နိုင်လောက်ပါဘူးကွယ်"

"တော်သေးတာပေါ့ ဘွားဘွားရယ်"

"အေး- ဒါပေမယ့် တစ်ခုတော့ရှိတယ်"

"ဘာများလဲ ဘွားဘွား"

"လူလေးအနေနဲ့ မနက်အိပ်ရာထ ဘုရားရှိခိုးတိုင်း ဒီပညတ်ချက်(၃၀)ကို တစ်ခေါက်လောက်ရွတ်ဆိုပြီး အာရုံပြုနိုင်ရင်တော့ အရေးကြီးတဲ့ သတ်မှတ်ရက်တွေမှာ လောဘစိတ်တွေ မဖြစ်အောင် ကာကွယ်ပေးနိုင်တာပေါ့ လူလေးရယ်"

"ဟုတ်ကဲ့ ဘွားဘွား။ သား အဲဒီလိုလုပ်ပါ့မယ်"

"မြေးလေး မောင်သီဟ"

"ဟုတ်ကဲ့ ဘွားဘွား"

"လူတိုင်းလူတိုင်းမှာ ရှေးဘဝပြုခဲ့ဖူးတဲ့ ကုသိုလ်ဆိုတာရှိတယ်ကွယ့်။ ရှေးဘဝက ညောင်စေ့လောက် ကုသိုလ်ဒါနပြုခဲ့ဖူးတဲ့လူတွေဟာ ခုဘဝမှာလည်း ညောင်စေ့လောက်ပဲရှိတဲ့ ချမ်းသာသုခကိုခံစားရတယ် လူလေး။ အေး- ညောင်ပင်ကြီးတမျှ များပြားလှတဲ့ ကုသိုလ်ကောင်းမှုပြုခဲ့တဲ့ လူ

တွေအတွက်ကတော့ ခုဘဝမှာလည်းဉောင်ပင်ကြီးလောက် ပမာစရှိတဲ့ စည်းစိမ်ဥစ္စာတွေကို ခံစားစံစားနေရတာပေါ့ ကွယ်"

"ဟုတ်ကဲ့ ဘွားဘွား"

"အေး- လူလေးတစ်ခုနားလည်ခံယူထားရမှာက ရှေးဘဝ က ညောင်စေ့လောက် အလှူဒါနပြုခဲ့ဖူးသူက ခုဘဝမှာ ညောင်ပင်ကြီးလောက်ကြီးတဲ့ စည်းစိမ်ချမ်းသာကို ဘယ် နည်းနဲ့မှ မရနိုင်ဘူးဆိုတာပါဘဲ။ ဟယ်သူမဆို ကိုယ်နဲ့ထိုက် တန်သလောက်သာ ခံစားကြရတယ်။ ဒါထက်ပိုပြီး မရနိုင် ဘူးကွယ့်"

"ဟုတ်ကဲ့ ဘွားဘွား"

"ဒါကြောင့်လည်း ဘွားဘွားတို့ သားတို့နဲ့ ထိုက်တန်တဲ့ ထောင်တန်ငွေလက်ပတ်နာရီကိုပဲ ပိုင်ဆိုင်ခံစားခွင့်ရတာ ပေါ့ကွယ်။ ဘွားဘွားတို့ထက် ကုသိုလ်ကံအားကြီးတဲ့ လူတွေ ကတော့ သောင်းတန်တဲ့ငွေလက်ပတ်နာရီနဲ့ သိန်းတန်တဲ့ ငွေလက်ပတ်နာရီတွေကို ပိုင်ဆိုင်ခံစားနေကြရတယ်ကွယ့်"

"ဟုတ်လား ဘွားဘွား၊ အဲဒီ သောင်းတန်၊ သိန်းတန် ငွေ လက်ပတ်နာရီ ပိုင်ဆိုင်သူတွေက ထီတစ်ခါဖွင့်ရင် ဘယ် လောက်အတိုင်းအတာအထိ ပေါက်နိုင်သလဲဟင်"

"အင်း - သောင်းတန် ငွေလက်ပတ်နာရီပိုင်ရှင်က ထီတစ် စောင်ကို ငါးသောင်းဆုတစ်ဆုနှုန်းနဲ့ အစောင်(၂၀)အထိ ထိုးပိုင်ခွင့်ရှိတယ်ကွယ့်။ သိန်းတန် ငွေလက်ပတ်နာရီပိုင်ရှင် အနေနဲ့ ထီတစ်စောင်ကို ငါးသိန်းဆုတစ်စုစီပေါက်ပြီး ထီ (၁၀)စောင်အထိ ထိုးယူနိုင်တယ် လူလေးရဲ့"

"ဟ - ဒါဆို သူတို့ တစ်ခေါက်တစ်ခေါက်ရတဲ့ငွေက ဘယ် နည်းမလဲ။ သောင်းတန်သမားက ထီတစ်ကြိမ်ဖွင့်တိုင်း(၁၀) သိန်းအထိရနိုင်ပြီး သိန်းတန်သမားက သိန်း(၅၀)တောင် ရနိုင်တာပေါ့ ဘွားဘွား"

"အဲဒါ သူတို့ရဲ့ ဘဝပေးကုသိုလ်ပေါ့ သားရယ်"

"ဘွားဘွား"

"ဟေ"

"ဟိုလေ- အဲဒီ သောင်းတန်၊ သိန်းတန် ငွေလက်ပတ်နာရီ ပိုင်ရှင်တွေကို ဘွားဘွား မသိဘူးလားဟင်"

"အင်း- ဘယ်သူဘယ်ဝါလို့တော့ အတိအကျ မပြောနိုင်ပေမယ့်လည်း သိနိုင်တဲ့နည်းလမ်းတွေရှိတယ်လေ လူလေးရဲ့"

"ဟုတ် . . . ဟုတ်လား ဘွားဘွား၊ ဘယ် . . . ဘယ်လိုနည်းလမ်းတွေလဲဟင်။ သားကို ပြော . . . ပြောပြပါလား ဘွားဘွားရယ်"

မောင်သီဟက အသံကျယ်လောင်စွာဖြင့် အငမ်းမရမေးလာသည့် အထစ်ထစ်အငေါ့ငေါ့လေသံကြောင့် ဘွားဘွားက သူ့မြေးကို စိုးရိမ်တကြီး ငုံ့ကြည့်လိုက်မိသည်။

ပြောသင့်၊ မပြောသင့် စဉ်းစား ချင့်ချိန်နေမိသည်။ ထိုသောင်းတန်၊ သိန်းတန် ငွေလက်ပတ်နာရီပိုင်ရှင်များအား သူရှာဖွေတွေ့ရှိသွားပါက မည်သို့သောအကျိုးဆက်များ ဖြစ်ပေါ်လာလေမည်နည်း။ မကောင်းသောအကျိုးဆက်များ ဖြစ်ပေါ်လာလျှင်ကားမထောင်းတာလှ။ လောဘဇောတိုက်၍ မကောင်းသော ဒုစရိုက်(၁၀)ပါးပါပြစ်ချက်များကို ကျူးလွန်မိက လက်ရှိဘဝပါပျက်စီးသွားနိုင်သည်။

သို့တစေ အခုမှတော့ မပြော၍ရမည်မဟုတ်တော့။ မီးဘယ်လိုပူတယ်ဆိုတာကို ပါးစပ်က တဖွဖွပြောပြနေ၍ ရမည်တော့မဟုတ်။ ကိုယ်ကိုယ်တိုင် လက်တွေ့ကိုင်ကြည့်ရမှ ပူလှချည့်ရဲ့ အောဟစ်ကာ နောက်တွန့်လက်ရှောင်သွားကြမည်သာ ဖြစ်၏။

အေးလေ၊ လမ်းဆုံး၍ရွာတွေ့မှသာ အမှန်တရား၏ရုပ်လုံးကို ပီပီပြင်ပြင် တွေ့ရှိနိုင်ပေလိမ့်မည်။

"ပြောလေ ဘွားဘွား၊ ဘယ်လိုနည်းလမ်းတွေလဲလို့"

ဘွားဘွားက မောင်သီဟအား ကြင်နာစွာကြည့်လိုက်သည်။

"ကောင်းပြီ လူလေး၊ သေသေချာချာ နားထောင်။ သောင်းတန်ငွေလက်ပတ်နာရီပိုင်ရှင်ကို သိချင်ရင် ရွှေဘုန်းပွင့်ဘုရားက သုံးလတစ်ကြိမ် ထီဖွင့်တဲ့လတိုင်းမှာ ပုံမှန်လျှဒါန်းတဲ့ ရွှေသက်န်းကပ်လှူတဲ့ အလှူဖြတ်ပိုင်း လက်ခံစာရင်းမှာ ရှာကြည့်ရင် တွေ့နိုင်တယ်။ သိန်းတန်ငွေလက်ပတ်နာရီပိုင်

ရှင်ကိုသိချင်ရင်လည်း ရွှေတိဂုံဘုရားက ရွှေသက်န်းအလှူ ဖြတ်ပိုင်း လက်ခံတွေမှာရှာကြည့်ရင် တွေ့နိုင်တယ်ကွယ့်"

မောင်သီဟက သူ့ ဗိုလ်တထောင်ဘုရားတွင် ရွှေသက်န်းအတွက် လှူဒါန်းခဲ့ပုံများကို စဉ်းစားကြည့်သည်။ ပြီးမှ -

"သား ဗိုလ်တထောင်ဘုရားမှာ လှူခဲ့တုန်းက သားနာမည် လောက်ပဲပေးပြီး လှူခဲ့တာ။ နေရပ်လိပ်စာပါတာ မဟုတ်တော့ သူတို့လည်း ဒီလိုသာလှူခဲ့ရင် လူကိုတွေ့နိုင်ဖို့မလွယ်ဘူး ဘွားဘွား"

"ဒါဆို ဒီလိုလုပ်၊ ထီဖွင့်တဲ့ ဒုတိယနေ့ဖြစ်တဲ့ လဆန်း(၄) ရက်နေ့ မနက်(၉)နာရီတိတိမှာ ရွှေဘုန်းပွင့်ဘုရားရဲ့ စနေထောင့်ကိုသွားကြည့်ရင် သောင်းတန်ငွေလက်ပတ်နာရီပိုင်ရှင်ကို တွေ့နိုင်မယ်။ အဲဒီလိုပဲ ထီဖွင့်ရက်ရဲ့ တတိယနေ့ဖြစ်တဲ့ လဆန်း(၅)ရက်နေ့ မနက်(၉)နာရီတိတိမှာ ရွှေတိဂုံဘုရားစနေထောင့်မှာ သွားရှာကြည့်ရင် သိန်းတန်ငွေလက်ပတ်နာရီပိုင်ရှင်ကို တွေ့နိုင်မယ် ငါ့မြေး",

"ဟုတ်ပြီ ဘွားဘွား၊ ဟုတ်ပြီ။ သား သဘောပေါက်ပြီ။ ထောင်တန်၊ သောင်းတန်နဲ့ သိန်းတန် ငွေလက်ပတ်နာရီတွေက ဘုရားစေတီတစ်နေရာစီမှာ တစ်ရက်စီခွာပြီး အမိဌာန်ဝင်ကြရတာကိုး ဘွားဘွားရဲ့။ သားအဲဒီနေ့တွေမှာ သူတို့ကို သွားရှာကြည့်လိုက်ဦးမယ် ဘွားဘွား"

"သားသွားကြည့်ပြီး ဘာလုပ်မှာလဲကွယ်"

"ဟာ- ဘွားဘွားကလည်း တကယ်ထူးခြားဆန်းကြယ်တဲ့ နာရီပိုင်ရှင် လူထူးလူဆန်းတွေကို မြင်ဖူးရတာပေါ့"

"အေး - ကြည့်ရုံမြင်ရုံဖူးလောက်ဆိုရင်တော့ အကြောင်းမဟုတ်ဘူး ငါ့မြေး။ ဒေါသ၊ မောဟ၊ လောဘ ဆိုတဲ့ ကိလေသာတရားတွေနဲ့သာငြိစွန်းပြီး မကောင်းတဲ့ဒုစရိုက်စိတ်တွေ ဝင်လာရင်တော့ သားရဲ့ ထောင်တန်ငွေလက်ပတ်နာရီရဲ့ တန်ခိုးအစွမ်းသတ္တိပါ ထိခိုက်ပျက်ပြယ်သွားလိမ့်မယ်နော်"

"စိတ်ချပါ ဘွားဘွားရယ်၊ သားက ကိုယ့်ဘဝကိုယ်နစ်နာအောင်ထိတော့ ဘယ်မိုက်ပါ့မလဲ။ အခြေအနေကြည့်ပြီး ဝေးဝေးက ရှောင်သင့်ရှောင်ရမှာပေါ့"

"အေး- ဒါဆိုလည်းပြီးရော"

ပြောနေရင်း မျက်စိရှေ့မှာတင် ဘွားဘွား၏ပုံရိပ်များ နှင်းမှုန်များကဲ့သို့ မှေးမှိန်ပျောက်ကွယ်သွားသည်။

"ဘွားဘွား၊ ဘွားဘွား"

မောင်သီဟ ကယောင်ကတမ်းခေါ်မိလိုက်ချိန်တွင် မျက်လုံးများ အလိုလိုပွင့်ကာ လန့်နိုးသွားတော့သည်။ အပြင်ဘက်တွင်ကား မိုးစင်စင်လင်းနေလေပြီ။

✿✿✿

## အခန်း (၄)
## သောင်းတန်၊ သိန်းတန်နာရီရှာပုံတော်

၁၉၈၀ ပြည့်နှစ် စက်တင်ဘာလ (၄) ရက်နေ့ ဖြစ်သည်။

ထိုနေ့မှာ ကြာသပတေးနေ့ ကြားရက်ဖြစ်သည်က တစ်ကြောင်း၊ နံနက်ပိုင်းကစ၍ မိုးတဖွဲဖွဲရွာနေသည်က တစ်ကြောင်းတို့ကြောင့် ရွှေဘုန်းပွင့်ဘုရား ရင်ပြင်တော်ပေါ်တွင် ဘုရားဖူးသူများ ကျဲပါးနေလေသည်။

မောင်သီဟသည် ရွှေဘုန်းပွင့်စေတီ၏ မြောက်ဘက်မုခ်မှ ဝင်လာကာ မိမိ၏မွေးနံဖြစ်သော သောကြာထောင့်တွင် ဝတ်ပြုကြည်ညိုလိုက်သည်။ ပြီးမှ တနင်္ဂနွေထောင့်မှစ၍ လက်ယာရစ်ပတ်လာကာ စေတီတော်အား လက်အုပ်ချီ၍ မော်ဖူးလာခဲ့သည်။ မိုးဖွားအနည်းငယ်ကျနေသဖြင့် ဘုရားဖူးများမှာ နီးစပ်ရာတန်ဆောင်းများမှတစ်ဆင့် မိမိတို့၏ မွေးနံဂြိုဟ်တိုင်ဘုရားများအား ဖူးမြော်ကန်တော့လျက်ရှိကြ၏။

အချိန်မှာ နံနက်(၉)နာရီတိတိ ရှိနေလေပြီ။

မောင်သီဟက စနေထောင့်သို့ရောက်သောအခါ ရှိခိုးပူဇော်သူများ မတွေ့ရသဖြင့် ဘေးပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်လိုက်သည်။ စနေထောင့်နှင့် တည့်တည့်ခန့် မနီးမဝေး တန်ဆောင်းတစ်ခုတွင် အသက်(၂၀)နှစ်အရွယ်ခန့်ရှိ အသားဖြူဖြူ၊ ပိန်ပိန်သွယ်သွယ်နှင့် ကျစ်ဆံမြီးနှစ်ဖက် နောက်ကျောဘက်သို့ချထားသော မိန်းမပျိုတစ်ဦး မျက်စိစုံမှိတ်၍ တရားထိုင်နေသည်ကို **တွေ့ရ၏။**

သူ၏ရှေ့တည့်တည့်တွင် ထမင်းစားစားပွဲဝိုင်းတစ်ခုရှိနေသည်။ ထိုစားပွဲဝိုင်းပေါ်တွင် သောက်တော်ရေ(၇)ခွက်၊ အလင်းတိုင်(၇)တိုင်၊ အမွှေးတိုင်(၇)တိုင်နှင့် ပန်း(၇)မျိုးတို့ကို ကပ်လှူပူဇော်ထားသည်ကို သတိပြုမိသည်။ စားပွဲ၏အလယ်လောက်တွင် ငွေလင်ပန်းတစ်ချပ်တွေ့ရပြီး သစ်သီးများဆက်ကပ်ထားသည်ကို လှမ်းတွေ့လိုက်ရ၏။

မောင်သီဟက မိန်းမပျိုအား တစ်ချက်လှမ်းကြည့်မိသည်။ မိန်းမပျိုကား ပတ်ဝန်းကျင်ကို ဥပေက္ခာပြုကာ မျက်စိများမှိတ်၍ ဘုရားအာရုံပြုလျက် ရှိနေသည်။ တန်ဆောင်းအတွင်းတွင်လည်း သက်ကြီးရွယ်အိုနှစ်ဦး၊ လူငယ်သုံးလေးဦးခန့် ဘုရားဝတ်ပြုနေသည်ကို တွေ့ရ၏။

မောင်သီဟက ခြေသံကိုဖွနင်း၍ စားပွဲအနီးသို့ တိုးကပ်သွားသည်။ သူ၏မျက်လုံးများက ငွေလင်ပန်းပေါ်ရှိ သစ်သီးများ၏အလယ်ဆီသို့ စူးစိုက်ကြည့်လိုက်သည်။ ထိုအခိုက် သူ၏ရင်ထဲမှဆောင့်တက်လာသော နှလုံးခုန်သံတဒိန်းဒိန်းကို အတိုင်းသားကြားလိုက်ရ၏။ မိုးတအေးအေးကြားမှာပင် သူ၏မျက်နှာပြင်တစ်ခုလုံးပူထူသွားကာ ချွေးစေးများ တစိမ့်စိမ့်ထွက်လာသည်။ သူက သတိကြီးစွာထား၍ သစ်သီးများကြားဆီသို့ မျက်တောင်မခတ် စူးစိုက်ကြည့်နေမိသည်။

သူမြင်လိုက်ရသည်ကား သစ်သီးများအလယ်တွင် သူ့မှာရှိသော ငွေလက်ပတ်နာရီကဲ့သို့ တစ်ရောင်တည်း၊ တစ်ရွယ်တည်း၊ တစ်ပုံစံတည်း ငွေလက်ပတ်နာရီတစ်လုံးကို ကောင်းစွာ လှမ်းမြင်လိုက်ရ၍ပေတည်း။

မောင်သီဟက နောက်ဘက်သို့ အသာအယာ ပြန်ဆုတ်လာကာ မလှမ်းမကမ်းတွင်ထိုင်၍ ဘုရားဝတ်ပြုလိုက်သည်။ ထိုအချိန်တွင် မိုးစဲစပြုနေပြီဖြစ်၍ စေတီရင်ပြင်တော်ပေါ်တွင် ဘုရားဖူးလာသူများနှင့် လှုပ်လှုပ်ရှားရှားဖြစ်လာသည်။

ခပ်လှမ်းလှမ်းမှ ဘုရားရှိခိုးသံများ၊ ကြေးစည်ထုရိုက်သံများကြားလာသည်။ တစ်ခါတစ်ရံ လေအဝှေ့တွင် စေတီတော်ဆီမှ လှုပ်ခတ်သွားသော ဆည်းလည်းသံများက မောင်သီဟ၏စိတ်အာရုံကို ကြည်လင်လန်းဆန်းသွားစေသည်။

မိန်းမပျိုကား တရားထိုင်နေဆဲပင်။

ငွေလင်ပန်းပေါ်က နာရီသည် သောင်းတန်နာရီ ဖြစ်သည်မှာ သေချာနေလေပြီ။ သို့သော် မိမိနာရီထက် တန်ဖိုးကြီးသော သောင်းတန်နာရီဖြစ်ပါလျက် မိမိ၏ ထောင်တန်နာရီနှင့် အဘယ်ကြောင့် တစ်သဝေမတိမ်းတူညီနေရပါသလဲ။ မိမိနာရီနှင့်မတူသော ထူးခြားမှုတစ်ခုခု ရှိနေသင့်သည် မဟုတ်လား။ ထိုအချက်ကလည်း ယင်းနာရီကိုယူ၍ နာရီချင်း အသေးစိတ်နှိုင်းယှဉ်ကြည့်မှသာ တွေ့နိုင်လိမ့်မည်ထင်၏။

မောင်သီဟက မိန်းမပျိုကိုလှမ်းကြည့်မိသည်။ သည်မိန်းမပျို၏ ဝတ်စားဆင်ယင်ပုံမှာ ရိုးသော်လည်း အတော်အတန် တန်ဖိုးရှိပုံတော့ရ၏။ ခပ်ဖျော့ဖျော့ဆိုးထားသော ပန်းနုရောင်နှုတ်ခမ်းနီမှာ ကြက်သွေးရောင် ပတ္တမြားနားကပ်နှင့် ပန်ံရလှသည်။ ယိုးဒယားရွှေဘတ်ကြိုးတစ်ကုံးကို ရှေ့ရင်ညွန့်ပေါ် တွဲရရွဲချထားပြီး ဘယ်ဘက်လက်ကောက်ဝတ်တွင် ကြံဆစ်ရွှေလက်ကောက် ခုနစ်ကွင်းခန့်တွေ့ရ၏။

မျက်နှာပေါ်က်မှာ သွယ်လျ၍ နဖူးကျဉ်းကျဉ်း နှာတံပေါ်ပေါ် နှုတ်ခမ်းမထူမပါးဖြစ်၏။ နောက်ကျောဘက်သို့ချထားသော ကျစ်ဆံမြီးနှစ်ဖက်မှာ ကြမ်းပြင်ပေါ်တွင် တစ်ထွာခန့် ခွေနေလေသေးရာ မတ်တတ်ရပ်လိုက်ပါက ဘံကောက်ကွေးတိုင်အောင် ရှည်လျားမည့်ဆံပင်များပင်။ ဇာပန်းနုရောင် ရင်စေ့အင်္ကျီအောက်ရှိ တင်းကျပ်သော အဖြူရောင်ဘော်လီအင်္ကျီအတွင်းမှ ရင်သားနှစ်မွှာမှာ မို့သည်ဆိုရုံမျှသာ တွေ့ရ၏။ ပုဆစ်ဒူးတုပ်၍ တရားထိုင်နေသော အနေအထားအရ ကိုယ်ခန္ဓာအချိုးအဆစ်တို့ အတော်အတန်ကြည့်ကောင်းမည့် သူငယ်မပါတကား။

ထိုစဉ်အခိုက်ဝယ် မိန်းမပျိုသည် မှိတ်ထားသောမျက်လုံးများကိုဖွင့်ကာ စေတီတော်အားမော်ဖူးလျက် ဦးသုံးကြိမ်ချလိုက်သည်ကို လှမ်းမြင်ရ၏။ မိန်းမပျိုက နေရာမှထကာ စားပွဲပေါ်ရှိ အမွှေးတိုင်များစိုက်ထားသောခွက်နှင့် ဖယောင်းတိုင်များ အစီအရီထွန်းထားသော သံစင်ငယ်တို့ကို လက်တစ်ဖက်စီကိုင်လျက် စနေထောင့်ဂြိုဟ်တိုင်ဆီသို့ လှမ်းလျှောက်လာသည်။ ယင်းအခိုက် သံစင်ငယ်မှ ဖယောင်းတိုင်တစ်တိုင် ရင်ပြင်ပေါ်သို့ မမျှော်လင့်ဘဲ ပြုတ်

ကျသွားသည်။ မောင်သီဟက ရုတ်တရက်နေရာမှထကာ ဖယောင်းတိုင်ကိုကောက်ယူ၍ သံစင်ငယ်ကိုလှမ်းယူကာ ဖယောင်းတိုင်ကို မီးတို့၍ စိုက်ပေးလိုက်သည်။

"ကျေးဇူးတင်ပါတယ် အစ်ကို"

မိန်းမပျိုက တိုးညင်းသောလေသံဖြင့် ပြောသည်။ မောင်သီဟက သံစင်ငယ်ကို မိန်းမပျိုလက်ထဲ သေချာ ထည့်ပေးလိုက်သည်။ မိန်းမပျိုက အမွှေးတိုင်နှင့် ဖယောင်းတိုင်များ စနေဂြိုဟ်ဘုရားထံ သွားကပ်နေစဉ် မောင်သီဟက စားပွဲပေါ်မှ သောက်တော်ရေဗန်းနှင့်ပန်းအိုးကို အသာမ,ယူကာ ဂြိုဟ်တိုင်ဆီသို့လျှောက်လာသည်။

"အို- အစ်ကို အားနာစရာ"

ဂြိုဟ်တိုင်မှလှည့်၍ စားပွဲပေါ်မှ ကျန်နေသော အလှူပစ္စည်းတို့ကို ယူရန်ပြန်လာနေသော မိန်းမပျိုက သောက်တော်ရေဗန်းနှင့် ပန်းအိုးများကိုင်၍ လျှောက်လာသော မောင်သီဟကို အားနာစွာ ရေရွတ်လိုက်မိသည်။

"ရပါတယ်ဗျာ ရော့"

မောင်သီဟက အလိုက်သင့်ပြန်ပြောရင်း မိန်းမပျို၏လက်ထဲသို့ သောက်တော်ရေဗန်းနှင့်ပန်းအိုးကို ထည့်ပေးလိုက်သည်။ မိန်းမပျိုက ဂြိုဟ်နံထောင့်ရှိ ဘုရားထံကပ်လှူပြီး စားပွဲဆီသို့ ပြန်လျှောက်လာခဲ့ကာ ငွေလင်ပန်းအနီးတွင် ထိုင်လိုက်သည်။ ပြီးမှ ငွေလင်ပန်းအလယ်ရှိ ငွေလက်ပတ်နာရီကို လှမ်းယူလိုက်ရင်း စားပွဲစောင်း၌ရပ်နေသော မောင်သီဟအား ဆတ်ခနဲ မော့ကြည့်သည်။

စူးရှတောက်ပ၍ အရည်တလက်လက်ဖြစ်နေသော မျက်လုံးရွှဲကြီးများဖြင့် မိမိအား မျက်တောင်မခတ် စူးစိုက်ကြည့်နေသော မိန်းမပျိုကြောင့် မောင်သီဟရင်ထဲ ထိတ်ခနဲခုန်သွားမိသည်။ မိန်းမပျို၏အကြည့်သည် မောင်သီဟ၏ မျက်လုံးသူငယ်အိမ် ရွေ့လျားနေပုံကို လုံးဝ အလွတ်မပေးဘဲ မျက်ခြည်မပြတ် စူးစိုက်ကြည့်နေသည့်အလား လျှို့ဝှက်နက်နဲလှသည်။

မိန်းမပျို၏လက်ကမူ ငွေလင်ပန်းထဲက ငွေလက်ပတ်နာရီကိုဆုပ်ကိုင်ကာ သူ့နံဘေးမှ စလင်းအက်ဇစ်ကိုဖွင့်၍ အိတ်ထဲသို့ အသာအယာထည့်နေသည်။ ထိုအတောအတွင်း သူ့မျက်လုံးများ

က သူကောက်ယူသိမ်းဆည်းနေသော ငွေလက်ပတ်နာရီအပေါ် မောင်သီဟ၏ မျက်လုံးအကြည့် လိုက်ပါနေမှု ရှိ၊ မရှိ အာရုံပြု၍ အကဲခတ်နေသည်။ မောင်သီဟကလည်း ထိုငွေလက်ပတ်နာရီကို မမှိတ်မသုန် စိုက်ကြည့်နေခဲ့မိသည်သာ။ မိန်းမပျိုက မျက်လွှာချ လိုက်သည်။

မိန်းမပျိုက မတ်တတ်ထရပ်ကာ အနောက်ဘက်သို့ လှမ်းကြည့်၍ လက်ယပ်ခေါ်လိုက်သည်။ ထိုစဉ် တန်းဆောင်းအတွင်းဘက်မှ (၁၀)နှစ်အရွယ် ကောင်လေးနှစ်ယောက် ရောက်လာသည်။ မိန်းမပျိုက ငွေလင်ပန်းထဲက သစ်သီးများကို ကောင်လေးတစ်ယောက်လက်ထဲထည့်ကာ ငွေလင်ပန်းကို ပလတ်စတစ်အိတ်ထူထူ တစ်ခုထဲ ထည့်သိမ်းလိုက်သည်။ ထိုအချိန်တွင် ကောင်လေးတစ်ယောက်က ထမင်းစားစားပွဲကိုမ,၍ တန်ဆောင်းအနောက်ဘက်ဆီသို့ ယူသွားသည်။

"ခွင့်ပြုပါဦး အစ်ကို"

မိန်းမပျိုက မောင်သီဟအား ဦးညွှတ်ပြောလိုက်ရင်း အသာလှည့်ထွက်သွားသည်။

"ဩော်- ဟုတ်ကဲ့"

မောင်သီဟက မယုတ်မလွန်ဖြေရင်း ရပ်ကျန်ခဲ့၏။ မိန်းမပျိုက ရွှေဘုန်းပွင့်စေတီတော်အား စနေထောင့်မှ လက်ယာရစ်အတိုင်း ကြာသပတေးထောင့်၊ ရာဟုထောင့် အစဉ်အတိုင်း ပတ်သွားကာ သောကြာထောင့်အရောက်တွင် ဒူးတုပ်ထိုင်၍ ဦးသုံးကြိမ်ချကန်တော့သည်ကို နောက်မှ ခပ်ခွာခွာလိုက်လာသော မောင်သီဟတွေ့လိုက်ရ၏။ ဩော်- သည်မိန်းမပျိုလည်း သူ့လို သောကြာသားသမီးဖြစ်နေတာပါလား။

မိန်းမပျိုက စေတီတော်၏ မြောက်ဘက်မုခ်မှထွက်၍ အသင့်တွေ့သော လေးဘီးကားတစ်စီး ငှားလိုက်သည်။ ထိုအချိန် မြောက်ဘက်မုခ်၏အောက်သို့ ရောက်လာသော မောင်သီဟအား လေးဘီးကားနောက်ခန်းက လိုက်ပါသွားသောမိန်းမပျိုက တစ်ချက်စောင်းငဲ့၍ လှမ်းကြည့်သွားသေး၏။

သူ့အကြည့်က မပြုံး၏သို့ ပြုံး၏သို့။

မောင်သီဟမှာကား မိန်းမပျို၏ ငွေလင်ပန်းပေါ်က ငွေ

လက်ပတ်နာရီကို လှမ်းယူစဉ်အခိုက် သူ့အား မျက်တောင်မခတ် စူးရှတောက်ပစွာ အရည်တလက်လက်ဖြင့် ကြည့်လိုက်သော မျက်လုံးရွဲကြီးများကိုသာ ပြန်လည်မြင်ယောင်မိရင်း ရင်ဝယ်တလှပ်လှပ်ဖြစ်ကာ ကျန်ရစ်ခဲ့ပါလေတော့၏။

✿

၁၉၈၀ ပြည့်နှစ်၊ စက်တင်ဘာလ (၅) ရက်။

ထိုနေ့သည် သောကြာနေ့ဖြစ်သော်လည်း ရွှေတိဂုံစေတီ စနေနံထောင့်တွင် လာရောက် ဖူးမြော်နေသူများ အတော်အတန်ရှိနေသည်။ စနေဂြိုဟ်တိုင်ရှေ့တွင် အမွှေးတိုင်များ၊ အလင်းတိုင်များ၊ သောက်တော်ရေများနှင့် ပန်းအမျိုးမျိုး လှူဒါန်းပူဇော်ထားကြသည်ကို တွေ့ရ၏။

မောင်သီဟက စနေနံဘုရားရုပ်တုအား ရေသပ္ပာယ်နေရင်းက သူ၏မျက်လုံးများ ဂြိုဟ်တိုင်ရှေ့တည့်တည့်ရှိ ဆီမီးခုံဆီသို့ ရောက်သွား၏။ ငွေလင်ပန်းတစ်ချပ်ပေါ်တွင် သစ်သီးဆွမ်း(၇)မျိုး ကပ်လှူထားသည်ကို မြင်လိုက်ရ၏။

အချိန်ကား နံနက် (၉) နာရီ ထိုးပြီးလေပြီ။

ထိုငွေလင်ပန်းနှင့် အနီးဆုံးနေရာတွင် အသက်အစိတ်၊ သုံးဆယ်အတွင်းရှိ မျက်နှာသွယ်သွယ်၊ အသားလတ်လတ်ဖြင့် အမျိုးသမီးတစ်ဦး မျက်လုံးများမှိတ်၍ တရားထိုင်နေသည်ကို တွေ့မြင်ရ၏။ မောင်သီဟက စနေဂြိုဟ်တိုင်ရှိ နဂါးရုပ်ကို ရေသပ္ပာယ်ရင်း ရှေ့အနည်းငယ်တိုးကာ ငွေလင်ပန်းအတွင်းသို့ အသာကဲ၍လှမ်းကြည့်လိုက်သည်။

ငယ်ထိပ်ဆီမှ ကျောတစ်လျှောက် ကြက်သီးမွေးညင်းများ တဖြန်းဖြန်း စီးဆင်းသွားကြသည်။ ရင်ခုန်သံကလည်း နည်းနည်းမြန်လာသည်။ ပါးစပ်ဟောင်းလောင်းပွင့်သွားကာ နဂါးရုပ်တုကို ရေသွန်းလောင်းနေသောလက်မှာ လေထဲ၌ တန့်နေမိသည်။

သူမြင်လိုက်ရသည်က သူ့မှာရှိသော ငွေလက်ပတ်နာရီနှင့် တစ်မျိုးတစ်စားတည်း၊ ရွှေဘုန်းပွင့်ဘုရားမှ မိန်းမပျို၏ ငွေလက်ပတ်နာရီနှင့် တစ်ရွယ်တည်း၊ တစ်ပုံစံတည်း၊ တစ်သဝေမတိမ်းတူညီနေသော ငွေလက်ပတ်နာရီတစ်လုံးပင် ဖြစ်၏။

မောင်သီဟက သတိထား၍ နဂါးရုပ်တုကို ရေပြီးအောင်

သွန်းလောင်းပြီးနောက် အမျိုးသမီးနှင့် ဘေးတိုက်အနေအထား မလှမ်းမကမ်းလောက်တွင် နေရာယူ၍ ဘုရားဝတ်ပြုလိုက်သည်။ ပြီးမှ အမျိုးသမီးအား တစေ့တစောင်း အကဲခတ်ကြည့်မိသည်။

ပြန့်ပြူးညီညာသောနဖူးပြင်၊ နှာသီးဖျားလုံးဝန်း၍ ပေါ်လွင်သောနှာတံ၊ ညာဘက်မျက်လုံးအောက် ပါးပြင်ထက်ဝယ် စံပယ်တင်မှဲ့လေးတစ်လုံး၊ ခရမ်းနုရောင်ဖျော့ဖျော့ဆိုးထားသော ပါးလှပ်သည့် နှုတ်ခမ်းနှစ်လွှာ၊ ရှေ့သို့ မသိမသာချွန်ချင်သယောင်ရှိသော မေးဖျားနှင့် ကားမယောင်ထင်ရသော မေးရိုးတို့မှာ မျက်နှာအကျနှင့် လိုက်လျောညီထွေရှိလှ၏။

ပိတုန်းရောင်စမာ ရှည်လျားနက်မှောင်လှသော ဆံကေသာကို တစ်ပတ်လျှို ဆံထုံးထုံးထားခြင်းသည် တဖိတ်ဖိတ် အရောင်တောက်နေသော စိန်နားကပ်၏ အဆင်းအောက်ဝယ် ဝင်းမွတ်သောမျက်နှာပြင်၏အလှကို ပိုမို၍ ဂုဏ်ကျက်သရေ တင့်တယ်စေသည်။ ဆံထုံး၏နောက်ဘက်တွင် စိန်ဆံထိုးတစ်ခု စိုက်လျက်ရှိ၏။

တောင်ပံတဖျပ်ဖျပ်ခတ်နေသော လိပ်ပြာများ ပန်းဝတ်ရည်စုတ်ယူနေပုံ နောက်ဆုံးပေါ် ဆေးရေးအင်ဒိုနီးရှားပါတိတ် ခရမ်းပြာရောင်ဝမ်းဆက်က အမျိုးသမီးငယ်၏ ကိုယ်နေဟန်ထားကို ရှုပ်လုံးဖော်ပေးနေသလို မြင်ရ၏။ ရင်စေ့ပါတိတ်အင်္ကျီအထက် ရင်ညွန့်ဆီတွင် စိန်လည်တုံ၏ ပြိုးပြိုးပြက်ပြက်အရောင်သည် ကျော့ရှင်းသောလည်တိုင်၏အလှတွင် အယဉ်ဆင့်စေလေသည်။

ထိုစဉ် မျက်လုံးများ ဖျတ်ခနဲပွင့်လာကာ လက်အုပ်ချီလိုက်ရာ ဘယ်ဘက်လက်သန်းကြွယ်မှ စိန်ခြယ်လေးထောင့်လက်စွပ်က လက်ခနဲဖြစ်သွားကာ ဘယ်ဘက်လက်ကောက်ဝတ်မှ စိန်လက်ကောက် နှစ်ကွင်းကလည်း မောင်သီဟ၏မျက်ရိပ်ဝယ် လင်းလင်းလက်လက် မြင်လိုက်ရ၏။

အမျိုးသမီးက ထိခြင်းငါးပါးနှင့်အညီ စနစ်တကျ ဦးသုံးကြိမ်ချ၍ ကန်တော့ကာ နေရာမှထလိုက်ပြီး ငွေလှူပန်းအနီးသို့ ကပ်သွားသည်။ မောင်သီဟကလည်း ငွေလက်ပတ်နာရီကိုသေသေချာချာမြင်နိုင်စေရန် နဂါးရုပ်တုအနီးသို့ မယောင်မလည် တိုးကပ်လိုက်၏။ အမျိုးသမီးက ငွေဟင်ပန်းထဲက ငွေလက်ပတ်နာရီကို

ယူရန် လက်လှမ်းလိုက်စဉ် မျက်လုံးများက မောင်သီဟ၏ မျက်နှာဆီသို့ ဝင့်ဝဲကြည့်လိုက်သည်။ ယင်းအခိုက် သူ့အား စူးစိုက်ကြည့်နေသော မောင်သီဟမျက်လုံးအကြည့်တို့ လေထဲတွင် လျှပ်တစ်ပြက်ထိခတ်မိကြသည်။

တိတ်တခိုး စောင့်ကြည့်နေစဉ် လူမိခံလိုက်ရ၍ မောင်သီဟရင်တို့ တထိတ်ထိတ်ခုန်သွားသည်။ အမျိုးသမီး၏ မျက်လုံးဒဏ်မှရှောင်တိမ်းရန် ကြိုးစားလိုက်သော်လည်း မိမိကိုယ်တိုင်က အမျိုးသမီး၏အကြည့်ကို မခွာထုတ်နိုင်။ အမျိုးသမီးကလည်း သူ၏မျက်လုံးများကို လုံးဝမဖယ်ရှားဘဲ စူးရှရဲတင်းလှသော အကြည့်စိမ်းစိမ်းများဖြင့် ရင်ဆိုင်တုံ့ပြန်လေသည်။

အမျိုးသမီး၏ ရွှန်းလဲ့တောက်ပြောင်သော မျက်လုံးရွဲကြီးများ၏အကြည့်ဝယ် ညို့အားပြင်းထန်လှသော စပါးကြီးမြွေတစ်ကောင်၏အာရုံအလင်းတန်းတစ်ခုက စုတ်ယူဖမ်းစားခံလိုက်ရသည့်နှယ် မောင်သီဟ၏တစ်ကိုယ်လုံး မလှုပ်မရှားနိုင်ဘဲ နေရာတွင်ပင်ကျောက်ရုပ်တစ်ရုပ်လို မှင်တက်မိနေသည်။

အမျိုးသမီးက ငွေလင်ပန်းပေါ်မှ ငွေလက်ပတ်နာရီကိုလှမ်းယူရင်း လက်ကိုင်အိတ်တွင်းသို့ တဖြည်းဖြည်း ထည့်သွင်းနေစဉ်အခိုက်အတန့်ဝယ် သူ၏မျက်လုံးအကြည့်က မောင်သီဟထံမှ လုံးဝမရွေ့လျားဘဲ မျက်တောင်မခတ် စူးစူးရဲရဲ စိုက်ကြည့်နေသည်။ မောင်သီဟကလည်း အမျိုးသမီး ငွေလက်ပတ်နာရီကို လက်ကိုင်အိတ်ထဲသို့ ထည့်နေသည်အထိ မျက်ခြည်မပြတ် ငေးစိုက်ကြည့်ရှုနေမိသည်။

အမျိုးသမီး၏ နှုတ်ခမ်းညာဘက်ထောင့်စွန်း တစ်ချက်ကွေးညွတ်သွားပြီး မောင်သီဟဆီက အကြည့်အာရုံကို ခွာလိုက်ကာငွေလင်ပန်းပေါ်က သစ်သီးများကို ဆီမီးခုံပေါ်သို့ တင်ထားလိုက်သည်။ ယင်းနောက် ငွေလင်ပန်းကို အသင့်ပါလာသော လက်ဆွဲအိတ်ပြားတစ်ခုအတွင်းသို့ ထည့်သိမ်းကာ နေရာမှ ထရပ်လိုက်သည်။

အမျိုးသမီးက ရွှေတိဂုံစေတီဆီသို့ ခေါင်းမော့ လက်အုပ်ချီကာ ဖူးမြော်ကန်တော့လိုက်ပြီးနောက် ရင်ပြင်တော်ဝယ် လက်ယာရစ်လှမ်းလျှောက်လာခဲ့၏။ မောင်သီဟက ခပ်လှမ်းလှမ်းမှ မသိ

မသာလိုက်သွားခဲ့သည်။ အမျိုးသမီး၏မျက်နှာအလှကသာ စွဲမက်စေသည်သာမက အနောက်ဘက်က လှမ်းမြင်နေရသော ကိုယ်ခန္ဓာအချိုးအဆစ်ကလည်း မောင်သီဟအား ယစ်မူး မိန်းမောစေလေသည်။

အမျိုးသမီးက ခပ်သွက်သွက်လျှောက်ကာ လှေကားအတိုင်းဆင်းသွားသည်။ မောင်သီဟကလည်း မျက်ခြည်မပြတ်စေရန် မလှမ်းမကမ်းမှ လိုက်သွားလိုက်သည်။

ထိုအချိန် ရွှေတိဂုံစေတီအနောက်မုခ် လှေကားထစ်များ၌ တစ်ယောက်နှင့်တစ်ယောက် ပေသုံးလေးဆယ်မျှခြား၍ အပြေးဆင်းနေသူမှာ သူတို့နှစ်ဦးသာရှိသည်ကို အဝေးကပင် မြင်နိုင်သည်။

အမျိုးသမီးက ခြေရင်းလမ်းမပေါ်ရောက်သည်နှင့် ညာဘက်သို့ ခပ်သွက်သွက် ချိုးကွေ့လျှောက်သွားကာ မြင်ကွင်းမှ ပျောက်ကွယ်သွားသည်။ မောင်သီဟကလည်း မြန်နိုင်သမျှ မြန်အောင် ဆင်းလိုက်လာသည်။ မောင်သီဟ လှေကားခြေရင်း ပလက်ဖောင်းပေါ်သို့အရောက်တွင် ညာဘက်သို့လှမ်းမျှော်၍ အမျိုးသမီးကို ရှာဖွေလိုက်သည်။

ထိုအခိုက် ကြက်သွေးရင့်ရောင် 'မာဇဒါ'ဆီဒင်ကားတစ်စီး ညာဘက်က ရုတ်တရက်ပေါ်လာကာ မောင်သီဟအနီး အရောက်တွင် ဟွန်းတစ်ချက်တီးလိုက်သည်။ မောင်သီဟက အသံလာရာ ကားဆီသို့ အမှတ်တမဲ့ကြည့်လိုက်ရာ ကားကို ကိုယ်တိုင်မောင်းနှင်လျက် မောင်သီဟအား ပြုံးပြတော့မယောင် စူးစူးရဲရဲ စိုက်ကြည့်သွားသော မျက်လုံးရွဲကြီးများကို မြင်တွေ့လိုက်ရ၏။ မောင်သီဟမှာကား တစ်ကိုယ်လုံး ရှိန်းတမြမြဖြင့် ပူပူထူထူဖြစ်သွားကာ ရင်ထဲ၌ တဒိန်းဒိန်းခုန်၍သာ ကျန်ခဲ့ရလေတော့၏။

✿✿✿

## အခန်း (၅)
## အပိုင်သာကြွဲလိုက်ချင်

အင်း- မသောင်းကတော့ မဆိုးဘူး။

မောင်သီဟက တစ်ယောက်တည်းတွေး၍ မှတ်ချက်ချမိသည်။ သူ့စိတ်ထဲတွင် ရွှေဘုန်းပွင့်ဘုရားတွင် တွေ့ခဲ့သော သောင်းတန်ငွေလက်ပတ်နာရီပိုင်ရှင်မိန်းမပျိုအား မသောင်းဟု နာမည်တပ်လိုက်သည်။ ထိုမိန်းမပျို ဘုရားမှအပြန်တွင် သောကြာနံထောင့်၌ ဘုရားဝတ်ပြုသွားခြင်းအရလည်း သောကြာသမီးဖြစ်နိုင်ပေရာ မသောင်းဆိုသောနာမည် အလွန်နီးစပ်လှသည်။

မသောင်းမှာ အသက်(၂၀)ခန့်ရှိကာ အသားဖြူဖြူ ပိန်ပိန်သွယ်သွယ်ဖြစ်၍ ကျစ်ဆံမြီးနှစ်ဖက် ကျောဘက်သို့ချထားပုံမှာ ခေတ်မဆန်သော ဆင်ယင်ထုံးဖွဲ့မှု ဖြစ်၏။ မတ်တတ်ရပ်၍ ဆံကေသာကိုသာဖြန့်ချလိုက်ပါက တံကောက်ကွေးအထိ ရှည်လျားနိုင်ပုံကိုထောက်လျှင် ရှေးရိုးဆန်ပြီး မြန်မာ့ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်းလျက်ရှိသောမိဘများမှ ပေါက်ဖွားလာသူဟု ယူဆရပေသည်။ ဗိုင်းကောင်းကျောက်ဖိ ကြွေရှင်တစ်ဦး၏ အသွင်အပြင်မျိုးတွေ့ရကာ မျက်နှာအနေအထား၊ ခန္ဓာကိုယ်အချိုးအဆစ်တို့က ငယ်ဂုဏ်ရှိ၍ နုနယ်ပျိုမျစ်သော မိန်းမချောတစ်ဦးအဖြစ် ဖော်ညွှန်းနေပေသည်။ တစ်နည်းဆိုရသော် မသောင်း၏အလှမှာ သီးကင်း၏အလှမျိုး ဖြစ်၏။ အဝင်းအဝါကလည်း ရှိသလို အတင်းအမာနှင့်လည်း ပြည့်စုံနေသည်။

လူကသာ မြန်မာဆန်၍ ရိုးဂုဏ်ရှိသော်လည်း ဝတ်စားဆင်ယင်ထားသော အဝတ်အထည်များ၏ တန်ဖိုးကမသေးလှ။ ချုပ်လုပ်ထားပုံကလည်း သေသပ်၍ ခေတ်မီသည်။ နုတ်ခမ်းနီ ပန်းနုရောင်ဖျော့ဖျော့နှင့် ဇာပန်းနုရောင် အင်္ကျီ၊ လုံချည်တို့၏ အရောင်ထင်ဟပ်မှုမှာ အနုပညာဆန်လှသည်။ ကြက်သွေးရောင် ပတ္တမြားနားကပ်၊ ယိုးဒယားရွှေဘတ်ကြိုးနှင့် ကြုံဆစ်ရွှေလက်ကောက် ခုနစ်ကွင်းတို့သည် မသောင်း၏မနေအင်အားကို ကိုယ်စားပြုနေသည်။

မသောင်း၏ ထီသုံးလပတ်တစ်ကြိမ် ဝင်ငွေကလည်း သေးလှသည်မဟုတ်။ -

ထီတစ်ခါဖွင့်လျှင် ငါးသောင်းတန်ပေါက်ဂဏန်းပါ ထီလက်မှတ် အစောင်(၂၀)အထိ ထိုးနိုင်သူဖြစ်ရာ ထီတစ်ကြိမ်တွင် ဝင်ငွေ(၁၀)သိန်းရှိသူ ဖြစ်၏။ ထိုဝင်ငွေမှ ငါးပုံတစ်ပုံ (၂)သိန်းကို ဘုရားရွှေသင်္ကန်းအတွက် လှူဒါန်းလိုက်ပါက အသားတင်(၈)သိန်း ပိုင်ဆိုင်သူ ဖြစ်၏။ မိမိဝင်ငွေထက် (၆)ဆခန့်သာသူ ဖြစ်သည်။

သူနှင့်သာ တူနှစ်ကိုယ်ယှဉ်တွဲပြီး ဘဝခရီးဖော်အဖြစ် လက်တွဲခွင့်ရပါက မိမိတို့၏ သုံးလတစ်ပတ်ဝင်ငွေသည် (၉)သိန်းနှင့် (၂)သောင်းအထိ တိုးပွားလာမည်။ ဤမျှသောဝင်ငွေသည် ခေတ်ကာလအလျောက် မနည်းလှ။ မိမိရည်မှန်းသော လူနေမှုမြင့်မားသောဘဝသို့ အချိန်အတိုင်းအတာတစ်ခုအတွင်း ရောက်ရှိသွားနိုင်ပေသည်။

ဤသို့ဆိုလိုက်လျှင် မိမိသည် လိုချင်လောဘတက်နေပြီလား။ ပညတ်ချက်များနှင့် ငြိစွန်းနေလေပြီလား။ မသောင်းနှင့်လက်တွဲ၍ အိမ်ထောင်တစ်ခု တည်ဆောက်လိုက်ခြင်းကို လောဘဟု ဆိုနိုင်မည်လော။ ယခုကိစ္စမှာ မိမိတစ်ကိုယ်တည်း သက်သက်အတွက်မဟုတ်။ နှစ်ဦးနှစ်ဖက် ကောင်းရာကောင်းကျိုးအတွက် မဟုတ်လား။

အရေးကြီးသည်က မသောင်း၏ ချစ်မေတ္တာရရှိရန်ပင် ဖြစ်၏။ ကာယကံရှင်၏ မေတ္တာသက်ဝင်၍ ပေးသောဥစ္စာသည် အပြစ်ကင်းမဲ့သည်သာမက ကိလေသာ(၁၀)ပါးမှလည်း ကင်းလွတ်ပေမည်။

အသက်အရွယ်အရကြည့်လျှင်လည်း ယခု မိမိ (၂၃) နှစ်ထဲ

ရောက်နေပြီဖြစ်ရာ အသက်(၂၀)ခန့်သာရှိသေးသော မသောင်းနှင့် သင့်မြတ်ပါသည်။ ဝင်ငွေတိုးပွားလိုသော ရည်မှန်းချက်ဆန္ဒတစ်ခုတည်းကြောင့်သာ မဟုတ်ဘဲ မသောင်းကဲ့သို့ မြန်မာဆန်၍ ကြွန်ရှင် မိန်းမချောတစ်ဦးက မြင်မြင်ချင်း မိမိကို ရင်ခုန်စေခဲ့သည်ကတော့ အမှန်ပင်။ ဒါကို အချစ်ဟု ယူဆမည်ဆိုပါက မိမိနှင့် မသောင်းတို့ လက်တွဲ၍ မရစရာ အကြောင်းမရှိချေ။

သို့ဖြစ်၍ မသောင်း၏အချစ်ကို ရရှိရန် ပထမ ကြိုးစားရပေလိမ့်မည်။

တစ်ခုတော့ရှိသည်။

ထိုနေ့က မသောင်းသည် စားပွဲပေါ်ရှိ ငွေလင်ပန်းထဲက ငွေလက်ပတ်နာရီကို လှမ်းယူနေစဉ်အတွင်း မိမိအား မော့ကြည့်နေသော သူမမျက်လုံးများကို နားမလည်။ စူးရှတောက်ပ၍ အရည်တလက်လက်ဖြစ်နေသော မျက်လုံးရွဲကြီးများဖြင့် မိမိအား ,မျက်တောင်မခတ် စူးစိုက်ကြည့်နေပုံမှာ လျှို့ဝှက်နက်နဲလွန်းလှသည်။ သူမှာ ငွေလက်ပတ်နာရီရှိသည်ကို မသိစေချင်၍ဘဲလား။ သူ့အကြည့်က မိမိအနေနှင့် ထိုငွေလက်ပတ်နာရီအပေါ်၌ အာရုံစူးစိုက်ရှိနေ၊ မနေ သေချာ စူးစမ်းထောက်လှမ်းနေပုံမျိုးဟု ထင်ရသည်။ မည်သို့ဖြစ်စေ တစ်စုံတစ်ရာ ဖုံးကွယ်ထားလိုနေခြင်းကား အမှန်ပင်။

နောက်လများတွင် ထပ်မံတွေ့ဆုံသည့်အခါ သူနှင့် ခင်မင်ရင်းနှီးအောင်ကြိုးစားပြီး မသောင်း၏ အတွင်းသဘောမနောကို စောကြောရပေတော့မည်။

အင်း- မသိန်း၏ အလှကလည်း တစ်မူထူးခြားသည်ပင်။

မောင်သိဟက တစ်ယောက်တည်းတွေး၍ မှတ်ချက်ချကြည့်ပြန်သည်။ သိန်းတန်ငွေလက်ပတ်နာရီပိုင်ရှင့်ဖြစ်၍လည်း မသိန်းဟု ခေါ်တွင်လိုက်သည်။

မသိန်းကား အရွယ်တော် တစ်စိတ်ဟိုင်းနေသော နှစ်ဆယ်ကျော်အစိတ်ပိုင်းကို ကျော်လွန်လာသည့်တိုင်အောင် နုပျိုလှပနေဆဲဖြစ်၏။ ပြန့်ပြူး၍ ညီညာသော နဖူးပြင်အောက်မှ နှာသီးဖျား၊ လုံးဝန်း၍ပေါ်လွင်သောနှာတံနှင့် ညာဘက်ပါးပြင်ထက်က စံပယ်တင်မှဲ့ကလေးတို့ ပေါင်းစပ်ကြည့်ပါက ဘိုဆန်ချင်သလို ထင်ရ

သည်။ ပန်းနုရောင် ခပ်ဖျော့ဖျော့ဆိုးထားသော ပါးလုပ်သည့် နှုတ်ခမ်းနှစ်လွှာကို မျက်နှာရှေ့ဆီသို့ အနည်းငယ် ချွန်ထွက်နေသော မေးဖျားနှင့် ဘေးဘက်သို့ ကားမယောင်ထင်ရသော မေးရိုးတို့က မသိန်း၏ ရင့်ကျက်မှုကို သရုပ်ဖော်နေသလိုရှိ၏။

ဘစ်နည်းအားဖြင့် မသိန်း၏အလှမှာ သီးမှည့်၏ အလှမျိုးဖြစ်၏။ အဝင်းအဝါတို့ ရှိနေဆဲဖြစ်သော်လည်း အတင်းအမာတို့ကား လျော့ပါးစပြုလေပြီ။ သို့တစေ မသိန်း၏ အပြင်အဆင် အခြယ်အသနှင့် တန်ဖိုးကြီးမားသော ဝတ်စားဆင်ယင်မှုများက ပကတိ အခြေအနေကို လွှမ်းမိုးလှည့်စားထားနိုင်ဆဲ ဖြစ်သည်။

သို့ဖြစ်၍ မသိန်းအား လှပသူတစ်ဦးဟုဆိုရန်ထက် ရင့်ကျက်၍ ကျက်သရေရှိသော အမျိုးသမီးတစ်ဦးအဖြစ်သာ မြင်နိုင်ကြပေလိမ့်မည်။

မသိန်း ဝတ်စားဆင်ယင်ထားပုံကိုလည်း ကြည့်ပါဦး။

နောက်ဆုံးပေါ် အင်ဒိုနီးရှားပါတိတ် ဒီဇိုင်းသစ် ခရမ်းပြာရောင်နှင့် လိုက်လျောညီထွေ ခရမ်းနုရောင်ဖျော့ဖျော့ အရောင်ဖြင့် နှုတ်ခမ်းနှစ်လွှာကို ဆိုးထား၏။ အရောင်တဖိတ်ဖိတ်တောက်နေသော စိန်နားကပ်၊ တစ်ပတ်လျှို ဆံထုံးပေါ်မှ စိန်ဘီးနှင့် စိန်ဆံထိုး၊ ပြိုးပြိုးပြက်ပြက် တောက်ပလှသော စိန်လည်တုံ၊ စိန်ခြယ်လက်စွပ်နှင့် စိန်လက်ကောက်များမှာ မသိန်း၏ စည်းစိမ်ဥစ္စာ နောက်ခံကားကြီးမားပုံကို ပေါ်လွင်ထင်ရှားစေလေသည်။

သို့တစေ မသိန်းသည် သူထိုးထားသော သိန်းတန် ထီလက်မှတ်များအတွက် စနေဂြိုဟ်မင်းကြီးထံ အဓိဋ္ဌာန်ဝင်ရန်နှင့် ရွှေတိဂုံစေတီတော်မြတ်အား ပူဇော်ပ,သရန်သက်သက် လာခဲ့ခြင်းဖြစ်ရာ လူချမ်းသာတစ်ဦး၏ မင်္ဂလာဆည့်ခံပွဲ တက်ရောက်လာသည့်နှယ် အလွန်အကျွံ ဝတ်စားဆင်ယင်မလာသင့်ဟု မောင်သီဟ ထင်မိသည်။

မသိန်းဆိုသူမှာ လိုသည်ထက်ပို၍ ကြွားဝါဖော်ပြတတ်သော မိန်းမတစ်ဦးပေလော။

တကယ်ဆိုလျှင်လည်း မသိန်းအနေနှင့် ကြွားမည်ဆိုလျှင်လည်း ကြွားနိုင်လောက်သည့် အခြေအနေပင် ဖြစ်သည်။

ကြည့်လေ။

ထိတစ်ကြိမ်ဖွင့်လျှင် ငါးသိန်းတန်ပေါက်ဂဏန်းပါသော ထီလက်မှတ် ဆယ်စောင်အထိ ထိုးနိုင်သူ မဟုတ်လား။ သို့ဖြစ်ရာ သုံးလတစ်ကြိမ်တွင် ထီပေါက် ဝင်ငွေ သိန်း (၅၀) ရရှိလေသည်။ ထိုထဲမှ ငါးပုံတစ်ပုံ ငွေ(၁၀)သိန်းကို ဘုရားတွင် ရွှေသင်္ကန်းကပ်ရန် လှူလိုက်လျှင် သပိတ်ဝင်အိတ်ဝင် အသားတင် ငွေသိန်း(၄၀) ကျန်ပေမည်။

သုံးလတစ်ကြိမ် ဝင်ငွေ သိန်း (၄၀) ဆိုသည်မှာ လူတစ်ယောက်အတွက် ထိုခေတ်ထိုအချိန်အခါတွင် အတော်မြင့်မားနေလေပြီ။ အောင်ဘာလေထီ၏ အမြင့်ဆုံးဆုမဲအဖြစ် သိန်း (၃၀)သာရှိသေးသောခေတ်တွင် ထီ၏ အမြင့်ဆုံးပေါက်မဲထက် (၁၀)သိန်းပိုနေသေးသည်။ ထို့ကြောင့် လက်ဝတ်လက်စား ပြည့်လျှံစွာ ဝတ်စားနိုင်သည်သာမက အဖိုးတန် ဆီဒင်ကားကိုပင် ကိုယ်ပိုင်ဝယ်စီးနိုင်နေသည်။ သူနေသည့် အိမ်ကိုလည်း ဗေဒင် မေးနေစရာမလို။ တိုက်နှင့်တာနှင့် ခြံနှင့်ဝင်းနှင့်ဖြစ်မှာ သေချာသည်။

အကယ်၍များပေါ့လေ။

မသိန်းကိုသာ မိမိ၏ ဘဝခရီးဖော်အဖြစ် ပိုင်ဆိုင်ခွင့်ရမည်ဆိုပါက မိမိ၏ လက်ရှိထက် မည်မျှအထိ မြင့်တက်သွားလေမည်နည်း။ မောင်သီဟ ဆက်မတွေးရဲ။ အဝီစိငရဲတွင် အန္တရတစ်ကပ်ကျခံနေရသူတစ်ဦးအား အရှင်လတ်လတ် နတ်ပြည်သို့ ဖြုန်းခနဲပို့လိုက်သလိုများ ဖြစ်လေသလား။

မသိန်းနှင့်မသောင်းတွင် သိသိသာသာ ကွာခြားသော အချက်တစ်ချက်ရှိ၏။ သူငို့၏ မျက်လုံးအကြည့်များ ဖြစ်၏။

ငွေလင်ပန်းပေါ်က ငွေလက်ပတ်နာရီကိုလှမ်းယူစဉ် မောင်သီဟအား နှစ်ယောက်စလုံးက မျက်တောင်မခတ် စူးစိုက်ကြည့်နေကြပုံက သဘောအားဖြင့် အတူတူပင်ဖြစ်၏။ သို့တစေ ကြည့်ပုံချင်းကား ကွဲပြားလှ၏။

မသောင်း၏အကြည့်က စူးရှ၍ မျက်တောင်မခတ် စူးစိုက်ကြည့်သော်လည်း သူက အရင်မျက်လွှာချသွားသည်။ မသိန်းကသည်လိုမဟုတ်။ သူ့အကြည့်က စူးရှသည့်အပြင် ရဲတင်းလွန်းလှသည်။ မောင်သီဟထံမှ မျက်လုံး လုံးဝမခွာဘဲ အားပြိုင်၍ အတော်ကြာအောင် ရင်ဆိုင်ဝံ့သည်။ ထို့ပြင် ညို့အားပြင်းသော စပါး

ကြီးမြွေတစ်ကောင်၏ မျက်လုံးအကြည့်မျိုးဖြစ်ကာ မောင်သီဟ တစ်ကိုယ်လုံးအား မလှုပ်ရှားနိုင်အောင် ညှို့ယူဖမ်းစားထားနိုင်သည်။ ပြီးတော့ မောင်သီဟထံမှ မျက်လုံးခွာသွားပုံကိုလည်းကြည့်။ သူ့နှုတ်ခမ်း၏ ညာဘက်ထောင့်စွန်းတစ်ချက်ကို ကွေးညွတ်ပြလိုက်ပြီးမှ အာရုံလွှဲသွားသည်။

ဤအချက်ကပင် မသိန်းအနေဖြင့် မောင်သီဟအပေါ် အလေးမမူ ဂရုမထားဟန် သိသာထင်ရှားနေသည်။

တစ်ခုရှိသေးသည်။ အသက်။ မောင်သီဟက (၂၃) နှစ်မျှသာရှိသေးသော်လည်း မသိန်း၏အသက်မှာကား (၂၅) နှစ် ဟိုဘက်သို့ တစ်နှစ်နှစ်နှစ်ခန့်တော့ စွန်းနေလောက်ပြီ။ ပြီးတော့ ဘဝအတွေ့အကြုံလည်း ရင့်ကျက်နေပုံပေါ်သည်။ မေတ္တာနယ်မြေတွင်လည်း အတော် အကျွမ်းဝင်ခဲ့ပြီးသူ ဖြစ်နေမလားမသိ။

သို့သော်လည်း အချစ်ဆိုသည်ကိုတော့ အသက်အရွယ်နှင့် ပိုင်းခြားကန့်သတ်ထား၍ ရကောင်းသည်မဟုတ်။ မောင်သီဟအနေနှင့် မသိန်းအား မချစ်ရဲမချစ်ဝံ့သလို ခံစားမိသော်လည်း ညှို့အားပြင်းလှသော မျက်နက်ဝန်းများ၏ ဖမ်းယူခြင်းအောက်ဝယ် အလှအပ အချိုးအဆစ်များအပေါ် သာယာ ယစ်မူးမိသည်ကား အမှန်ပါပေ။

မသိန်း၏ ကြွယ်ဝလှသော စည်းစိမ်ချမ်းသာအပေါ် တပ်မက်မှုလည်း ပါလေမည်မလွဲ။ သို့တစေ ထိုအချက်ကိုတော့ မောင်သီဟ သတိကြီးစွာထားသည်။ ပိုင့်ရှင်မပေးသော မည်သည့်အရာကိုမျှ မက်မောတွယ်တာမိခြင်းမရှိအောင် အထူး လက်ရှောင်ရပေမည်။

မမျှော်လင့်ဘဲ မသိန်း၏မေတ္တာကိုသာ ရခဲ့မည်ဆိုပါက သူဆန္ဒအလျောက်ပေးလာသော မနေဥစ္စာကိုခံစားရခြင်းသည် ပညတ်ချက်များပါအချက်များမှ ကင်းလွတ်မည်ဟု မောင်သီဟ ယုံကြည်ထားသည်။ သောင်းတန်၊ သိန်းတန်များအတွက် လောဘတက်မိရာမှ ဒုစရိုက်ဆယ်ပါးကို ကျူးလွန်မိခြင်းကြောင့် မိမိ၏ ထောင်တန်ငွေလက်ပတ်နာရီ၏ တန်ခိုးအာနိသင်များကိုး အထိပါးမခံနိုင်ပေ။

ထို့ကြောင့် ပထမဆုံး လူကို ပေါင်းရမည်။ ပြီးမှ မေတ္တာကိုတောင်းရမည်။ မေတ္တာရလျှင် ဥစ္စာရလေပြီ။ သို့သော် ဟင်းစားပေး

သည်ကို စားနေရသည်ထက် ကွန်ချက်ကိုရလျှင် ပိုမကောင်းပေဘူး လား။

အကယ်၍သာ မိမိကိုယ်တိုင် သောင်းတန်နှင့် သိန်းတန် ငွေလက်ပတ်နာရီများကို တရားသောနည်းလမ်းများဖြင့် လက်ဝယ် ခိုင်ခိုင် ပိုင်ဆိုင်ခွင့်ရမည်ဆိုလျှင် မည်မျှကောင်းလေမည်နည်း။

✿

"ဟော- အစ်ကို။ ကြည့်စမ်း၊ ဒီမှာမှ လာဆုံရတယ်လို့ တိုက် တိုက်ဆိုင်ဆိုင်"

"ဩော်- မနန္ဒာရွှေပါလား၊ ဘုရားလာဖူးတာလား"

"ဗိုလ်တထောင် သစ်တောဝင်းထဲက သူငယ်ချင်းဆီ ခဏ လာရင်း ဒီမှာ လိပ်စာလာကျွေးတာ အစ်ကို"

"မနန္ဒာရွှေက စနေသမီး မဟုတ်လား"

"ဟုတ်တယ်လေ၊ အဲဒါ လိပ်စာကျွေးပြီးလို့ စနေနံထောင့်မှာ ဘုရားရှိခိုးမလို့ လာတာမှာ အစ်ကိုနဲ့ လာတွေ့တာလေ"

"ဩော်- ဒါဆိုလည်း ရှိခိုးဦးလေ"

"ခဏနော် အစ်ကို၊ ပြီးမှ စကားပြောမယ်"

ထိုနေ့ကား ၁၉၈၀ ပြည့်နှစ်၊ ဒီဇင်ဘာလ (၃)ရက်နေ့ဖြစ်၏။ အောင်ဘာလေထီ စတင်ဖွင့်ရက်ဖြစ်၍ မောင်သီဟ ဗိုလ်တထောင် ဘုရား စနေနံထောင့်တွင် အမိဋ္ဌာန်လာဝင်ခြင်း ဖြစ်၏။ ယခင်လ များအတိုင်း ပူဇော်ကန်တော့ခြင်းကိုစွပြီး၍ ပြန်ရန်အထွက် နန္ဒာ ရွှေနှင့် မမျှော်လင့်ဘဲ လာတွေ့ရခြင်း ဖြစ်၏။

အနောက်ဘက်ခပ်ယွန်းယွန်းမှ လှမ်းမြင်နေရသော နန္ဒာ ရွှေ၏ပုံသဏ္ဌာန်မှာ ရတ်တရက်ဆိုသော် မသောင်း၏ပုံရိပ်နှင့် ခပ် ဆင်ဆင်တူသလိုထင်ရသည်။ အသက်အရွယ်ချင်း အသားဖြူပုံချင်း တူသော်လည်း နန္ဒာရွှေက ဆံပင်ကို နောက်ပြန်ဖြီးကာ ကျောလယ် အထိ ဖြန့်ဝဲချထားသည်။ ရယ်လိုက်တိုင်း ပါးချိုင့်ခွက်ကလေးပေါ် လာသည်။ မသောင်းက နဖူးကျဉ်း၍ နှာတံစင်းသည်။ နန္ဒာရွှေက နဖူးပြန့်ကား နှာတံရင်းက ဖို၍ပေါ်လွင်သည်။ နန္ဒာရွှေက မသောင်း ထက် နှုတ်ခမ်းပါးလှပ်ကာ မေးရိုး အနည်းငယ်ကားချင်သည်။ အရပ်အမောင်း မနိမ့်မမြင့် အနေအထား ရှိကြသော်လည်း မသောင်းက မသိမသာ ပိုမြင့်နေသည်။

နှစ်ယောက်စလုံး အလှကိုယ်စီနှင့် ကြည့်၍ကောင်းကြသည်သာ။ မသောင်းက မြန်မာဆန်ဆန်လှသလို နန္ဒာရွှေကလည်း ခေတ်နှင့် တစ်ပြေးညီ အလှမျိုးရှိ၏။ သူတို့နှစ်ယောက်၏ ရုပ်ရည်ကို အဓိကကာကွယ်ပေးလိုက်သော နယ်ခြားမျဉ်းမှာ ဝတ်စားဆင်ယင်မှု ဖြစ်၏။

မသောင်းက ခေတ်ပေါ် ဇာအင်္ကျီ၊ စမ်းဆက်ဝတ်ကာ ပတ္တမြားနားကပ်၊ ယိုးဒယားရွှေဘတ်ကြိုးနှင့် ကြံဆစ်လက်ကောက်ခုနစ်ကွင်းနှင့် ဖြစ်၏။ နန္ဒာရွှေမှာကား လှိုင်းကြီးဖော့ခရစ် ဝမ်းဆက်ဝတ်ထားကာ သာမန် ရွှေနားကပ်၊ ရွှေဆွဲကြိုး ခပ်သေးသေးနှင့် ပန်းလက်ကောက်နှစ်ကွင်းသာ ဆင်ယင်နိုင်သည်။

ထိုအချက်သည် သာမန် ထီဆိုင်အရောင်းစာရေးမ နန္ဒာရွှေနှင့် မည်သည့်အလုပ်လုပ်သည် မသိရသော်လည်း သုံးလတစ်ကြိမ် ငွေ(၈)သိန်းအထိ ဝင်ငွေရှိသူ မသောင်းတို့၏ ဘဝပေးအခြေအနေကို စည်းခြားပြလိုက်ခြင်းပင် ဖြစ်၏။

ထိုစဉ် နန္ဒာရွှေ ဘုရားဝတ်ပြုပြီး၍ ထလာသည်။

"ကဲ- ဘယ်မှာထိုင်ကြမလဲ အစ်ကို"

နန္ဒာရွှေက စလင်းဘက်ကိုပြင်လွယ်ရင်း မေးလိုက်သည်။

"ဟိုတစ်ပတ် ဆုငွေထုတ်ပြီးကတည်းက မနန္ဒာရွှေကို ဘာမှ မကျွေးရသေးဘူးမဟုတ်လား၊ ကဲ- ဘာစားချင်သလဲ ပြော"

"ဘာမမစားချင်ပါဘူး အစ်ကိုရယ်။ သူငယ်ချင်းအိမ်က ထမင်းကြော် အဝစားပြီးမှ ထလာတာလေ။ ကော်ဖီလောက်ဆိုရပါပြီ"

မောင်သီဟက အနီးဆုံးလက်ဖက်ရည်ဆိုင်တစ်ဆိုင်သို့ ခေါ်သွားကာ ကော်ဖီနှစ်ခွက်နှင့် မုန့်များမှာလိုက်သည်။

"အစ်ကို ဒီတစ်ပတ် ဘယ်လိုဖြစ်တာလဲ၊ နန္ဒာတို့ဆိုင်မှာလည်း လာအားမပေးဘူး။ နန္ဒာကဖြင့် တစ်နေ့တစ်နေ့ မျှော်နေလိုက်ရတာ။ ကြည့်- ဒီနေ့ပဲ ထီတောင်ဖွင့်နေပြီ"

"ဆောရီးပဲ နန္ဒာရေ၊ အစ်ကိုလည်း အဲဒီဘက်ကိုလာမလို့ဟာ ဒီမှာ အလုပ်နည်းနည်းရှုပ်နေတာနဲ့ မရောက်ဖြစ်ခဲ့ဘူး"

အမှန်တကယ်ဆိုလျှင် မောင်သီဟ နန္ဒာတို့ဆိုင်ကို တမင်တကာ ရှောင်ကွင်းခဲ့ခြင်းသာ ဖြစ်၏။ ဟိုတစ်ခေါက်က ထီခြောက်

စှောင်ထိုး၍ ခြောက်စောင်လုံးပေါက်ခဲ့သည်ကို ထူးထူးခြားခြား ကံကောင်းသူအဖြစ် နန္ဒာက ယူဆထားခဲ့သည် မဟုတ်လား။ အကယ်၍ ယခုတစ်ကြိမ်တွင်လည်း ထိုးသမျှလက်မှတ်များ ထီပေါက်နေပါက မယုံသင်္ကာဖြစ်လာပေတော့မည်။ ထို့ကြောင့်လည်း နန္ဒာတို့၏ ထီဆိုင်ကို ယခုတစ်ခေါက် ထီသွားမထိုးခဲ့ခြင်း ဖြစ်သည်။

"ဒါနဲ့ အစ်ကို့ကိုမေးရဦးမယ်။ ပြီးခဲ့တဲ့အပတ်က နန္ဒာတို့ဆိုင်မှာ အစ်ကို ထီ(၆)စောင်ထိုးတာ (၆)စောင်စလုံးပေါက်နေတယ်နော်။ နန္ဒာ အဲဒါကိုတွေးမိတိုင်း အတော်အံ့သြနေမိတယ်။ အစ်ကို အဲဒီလိုပေါက်အောင် ဘယ်လိုလုပ်ထိုးတာလဲဟင်"

မောင်သီဟ ရင်ထဲက မသိမသာခုန်သွားမိသည်။ ကြည့်လေ၊ ခုပဲမေးနေပြီ မဟုတ်လား။ နန္ဒာ ပထမဆုံး မိမိအိမ်ကို ထီပေါက်ကြောင်း လာအကြောင်းကြားစဉ်ကပင် သည်မေးခွန်းကို မေးချင်နေခဲ့ပုံရသည်။ တွေ့တွေ့ချင်းမေးရန် ခက်နေ၍ ရင်းနှီးမှုရအောင် အရင်ဖန်တီးလိုပုံရ၏။ သူတို့၏ ထီဆိုင်သို့ မိမိထီသွားထိုးသည့်အခါ လက်တွေ့ မျက်တွေ့ လေ့လာမေးမြန်းရန် အားခဲထားခဲ့ဟန် တူသည်။ ယခု မမျှော်လင့်ဘဲတွေ့ရသည့် အခွင့်အရေးကို လက်လွှတ်မခံဘဲ သူသိချင်သောဆန္ဒပြင်းပြနေသည့်မေးခွန်းကို ဖွင့်ဆော်ဦးမေးလိုက်ခြင်း ဖြစ်၏။

"အင်း . . . ဒီကိစ္စက ပြောရရင် အလွန်ကျယ်ပြန့်ပါတယ်။ ဒီလို ထီပေါက်ဖို့ ကျင့်ကြံအားထုတ်ရတာ၊ စောင့်ထိန်းရှောင်ကြဉ်ရတာတွေ အများကြီး ရှိတယ်။ ဒါဟာ တော်ရုံတန်ရုံလူ မလိုက်နာ မကျင့်ကြံနိုင်ဘူး နန္ဒာ"

"ဟုတ်လား အစ်ကို"

"နောက်ပြီး သတ်မှတ်ထားတဲ့ စည်းကမ်းပညတ်ချက်တွေကလည်း အများကြီးရယ်၊ အဲဒါတွေ အားလုံးကို တစ်ချိန်တည်း တစ်ပြိုင်တည်း လိုက်နာကျင့်သုံးဖို့ဆိုတာ အင်မတန်ခက်ပါတယ်"

"ဘယ်လို ပညတ်ချက်တွေလဲ အစ်ကို။ နည်းနည်းပြောပြလို့ မရဘူးလား"

"ရပါတယ်၊ ဥပမာ ဆိုပါတော့ နန္ဒာ ငါးပါးသီလကို အမြဲ

မပြတ် စောင့်ထိန်းနိုင်ရဲ့လား"

"အင်း . . . သိပ်မလွယ်ဘူးထင်တယ်"

"ဒေါသ၊ မောဟ၊ လောဘတွေကိုကော"

"ဒါလည်း လူတွေကြားထဲမှာ တစ်ယောက်နဲ့တစ်ယောက် အပြိုင်အဆိုင် စီးပွားရှာနေကြတာဆိုတော့ ထိန်းထားနိုင်ဖို့ ခက်မယ် အစ်ကို"

"အေး- ဒါပဲပေါ့ နန္ဒာရယ်၊ ဒါက အစ်ကို နမူနာ တစ်ချက် နှစ်ချက်လောက် ပြောပြရသေးတာပါ။ အဲဒါမျိုး အချက် (၃၀)ကို ထိန်းသိမ်း လိုက်နာနိုင်ဖို့ဆိုရင် ဘယ်လောက် ခက်ခဲမလဲဆိုတာ တွေးသာကြည့်တော့။ အဲဒါတွေအပြင် အမိဋ္ဌာန်တွေဝင်ရသေးတယ်။ ဂါထာတွေ ရွတ်ရသေးတယ် လေ"

"ဒါဖြင့် ဒီလောက် လူတကာ လိုက်နာထိန်းသိမ်းဖို့ ခက်ခဲတဲ့ အဲဒီပညတ်ချက်တွေကို အစ်ကိုကျတော့ ဘာလို့ လိုက်နာနိုင်ရတာလဲ။ အစ်ကိုလည်း သာမန်လူတစ်ယောက်ပဲမဟုတ် ဘူးလား"

"ဟုတ်တော့ဟုတ်ပါတယ်၊ အစ်ကိုလည်း လူထဲက လူတစ် ယောက်ပါပဲ။ ဒါပေမယ့် အစ်ကိုမသိတဲ့ ရှေးအတိတ်ဘဝက ပြုခဲ့တဲ့ ကောင်းမှုကုသိုလ်တွေ၊ ကံကြမ္မာရဲ့ မျက်နှာသာပေး တာတွေကြောင့်မို့လည်း အစ်ကိုဟာ အရေးကြီးတဲ့ အချိန် တွေမှာ အဲဒီပညတ်ချက်တွေကို ထိန်းသိမ်းလိုက်နာနိုင်ခဲ့ တယ်။ အဲ- ထိထိုးတိုင်း ပေါက်တာမျိုးတော့ မဟုတ်ပါဘူး"

"ပြီးခဲ့တဲ့အခေါက်က နန္ဒာတို့ ထီဆိုင်မှာ ထီ(၆)စောင်လုံး ပေါက်တာကိုကော အစ်ကို ဘယ်လိုပြောမလဲ"

နန္ဒာရွှေက မောင်သီဟ၏မျက်နှာကို စေ့စေ့ကြည့်သည်။ ရေပက်မဝင်သော မေးခွန်းမျိုးမေးသည်။ သူ့စိတ်ထဲ၌ မောင်သီဟ ရှင်းပြနေသည်ကို လက်သင့်ခံချင်ပုံမရသေး။

"ဒါကတော့ တိုက်ဆိုင်မှုပါ နန္ဒာ။ ဒီတိုက်ဆိုင်မှုဟာ ဘယ်

၁ တုံးကမှ ဘယ်လိုမှမဖြစ်နိုင်တဲ့ အင်မတန်ကို ထူးခြားဆန်း ကြယ်တဲ့ တိုက်ဆိုင်မှုကြီးပါ။ ဒီတိုက်ဆိုင်မှုမျိုး နောင်အခါမှာ လည်း ဘယ်တော့မှဖြစ်နိုင်မှာ မဟုတ်ပါဘူး"

"ဒါနဲ့ အစ်ကို၊ အဲဒီအပတ်က နန္ဒာတို့ဆိုင်မှာ ထီထိုးခဲ့သလို တခြားဆိုင်တွေမှာလည်း ထိုးခဲ့သေးလား။ အဲဒီ ဆိုင်တွေက ကော ပေါက်ခဲ့သေးလား။ ပေါက်ရင် ဘာဆုတွေ ပေါက်ခဲ့လဲ"

အတော် ကြောက်စရာကောင်းတဲ့ မေးခွန်းဖြစ်၏။ ထွက်ပေါက်ကိုပိတ်၍၊ အရှိက်ကိုပင့်၍ ထိုးလိုက်သော အောက်လက်သီးပုန်းသဖွယ် ဖြစ်၏။ မောင်သီဟအနေနှင့် အလဲမထိုးနိုင်သည့်တိုင် ဒိုင်ပွဲရပ်လောက်ဖြင့် မြန်မြန်ပွဲသိမ်းနိုင်မှ ဒီဇာတ်လမ်းပြီးပြတ်တော့မည်။

"အဲဒီအခေါက်က အစ်ကို တရားထိုင်နေတုန်း ကြည့်မြင်တိုင်ဘက်က အင်္ဂါနံနဲ့စတဲ့ ထီဆိုင်မှာ ထီ(၆)စောင် ထိုးရမယ်လို့ အာရုံရတယ်လေ။ အဲဒါကြောင့် နန္ဒာတို့ရဲ့ စိန်ရွှေလျှံထီဆိုင်မှာ လာထိုးခဲ့ရတာပေါ့။ တခြား ဘယ်ဆိုင်မှမထိုးခဲ့ပါဘူး။ ဒီတစ်ဆိုင်ပဲ အာရုံရခဲ့တာလေ။ အဲဒါကြောင့် ထူးထူးခြားခြားပေါက်ခဲ့တာပေါ့ နန္ဒာရဲ့"

နန္ဒာရွှေက ခေါင်းဆတ်ခနဲညိတ်လိုက်သည်။

"ဟုတ်တယ်နော်၊ အဲဒီနေ့က အစ်ကို့ကိုကြည့်ရတာ ထီတစ်စောင်ထိုးဖို့ တော်တော် အချိန်ယူနေရတယ်။ ဂါထာတွေ ဘာတွေရွတ်နေသလိုလဲထင်ရတယ်။ ဒါနဲ့ အစ်ကို အဲဒီ ဂါထာ နန္ဒာ့ကို သင်ပေးလို့မရဘူးလား"

မောင်သီဟ၏ မျက်ခုံးနှစ်ဖက် မြင့်တက်သွားသည်။ ပွဲပြီးသော်လည်း မီးကမသေနိုင်သေးပါလား။

"ရတာပေါ့ နန္ဒာရယ်၊ ဒါပေမယ့် ရှေ့က သတ်မှတ်ထားတဲ့ ပညတ်ချက်တွေကို မစောင့်ထိန်းမလိုက်နာနိုင်ဘဲနဲ့ ဒီဂါထာ ရွတ်နေလို့ကတော့ ဘာမှ အကျိုးသက်ရောက်မှုရှိမှာ မဟုတ်ဘူးလေ"

"ဟုတ်တယ်၊ အစ်ကိုပြောတာ သဘာဝကျပါတယ်လေ။ ကြည့်ရတာ အစ်ကို့ ဂါထာကလည်း အတော်ရှည်ပုံရတယ်။ ဆိုင်ရှေ့မှာရပ်ပြီး ထီတစ်စောင်ပြီးတစ်စောင် ထိုးနေတာ တော်တော်ကြာတယ်။ အင်း . . . အဲဒါကြောင့်လည်း နန္ဒာ အစ်ကို့ပုံတူကိုဆွဲဖို့ အချိန်ရခဲ့တာပေါ့"

မောင်သီဟက ရသည့်အခွင့်အရေးကို လက်လွှတ်မခံဘဲ ရုတ်တရက် စကားလမ်းကြောင်းပြောင်းလိုက်သည်။

"ဒါနဲ့ နန္ဒာ့ကို မေးရဦးမယ်၊ တစ်ခါမှ မမြင်ဘူးမသိဘူးတဲ့ အစ်ကို့ကို တွေ့တွေ့ချင်း ဘယ်လိုကြောင့် ပုံတူကောက်ဆွဲမိလိုက်တာလဲဟင်"

နန္ဒာ့ရွှေက ပါးချိုင့်ကလေးများပေါ် အောင် ပြုံးပြလိုက်သော်လည်း သူမျက်နှာတစ်ခုလုံး ရုတ်ခြည်း သွေးရောင်လွှမ်းသွားလေသည်။

"အဲ- အစ်ကို့မေးခွန်းကို ဖြေရမှာက စောစောက 'အစ်ကို ပြောသလိုပဲ သိပ်ကျယ်ပြန့်ပါတယ်။ လူ့စိတ်ဆိုတာ အတော်ဆန်းကြယ်ပါလားလို့ အဲဒီနေ့က နန္ဒာသဘောပေါက်မိတယ်။ နန္ဒာ လူပုံတူပန်းချီကားတွေ တော်တော်များများဆွဲဖူးတယ်။ များသောအားဖြင့် ဓာတ်ပုံတွေကတစ်ဆင့်ပေါ့။ လူကိုယ်တိုင်ဆိုရင် နန္ဒာ့သူငယ်ချင်းမိန်းကလေးတွေလောက်ပဲ ဆွဲဖူးတာ။ ဘယ်ယောကျ်ားလေးကိုမှ လူကိုယ်တိုင် ကြည့်မဆွဲဖူးဘူး။ ဟို- ဒါ အစ်ကို့ပုံဆွဲတာ ပထမဆုံးပဲ"

မောင်သီဟက မျက်ခုံးပင့်ကြည့်လိုက်သည်။

"အဲဒါဘာဖြစ်လို့လဲ"

နန္ဒာ့ရွှေက မောင်သီဟအား ကြည့်ပြောနေရာက မျက်လုံးအကြည့်ကို စားပွဲပေါ်သို့ ရွှေ့လိုက်သည်။ မျက်နှာမှာလည်း သွေးရောင်တို့ ယှက်သန်းလာပြန်သည်။

"အဲဒါ ဘာဖြစ်လို့လဲဆိုတော့ ဟိုလေ အို- ပြောရခက်လိုက်တာနော် ဘယ်လိုပြောရမလဲ၊ နန္ဒာ့အဖြစ်က ဟိုစကားလိုဖြစ်နေပြီထင်ပါရဲ့"

"ဘယ်လိုစကားလဲ နန္ဒာ"

"ဟိုလေ ဟိုစကား၊ ရှက်လည်းရှက်ပါတယ် မရှက်လည်း မရှက်ပါဘူး ဆိုတာမျိုးလိုပေါ့"

မောင်သီဟက နားမလည်စွာ မျက်မှောင်ကုတ်၍ ကြည့်လိုက်သည်။

"ဘာဆိုင်လို့လဲ နန္ဒာရယ်၊ ခုအဖြစ်နဲ့"

"အင်း-ဟုတ်တယ်နော်၊ အို-မိန်းကလေးတစ်ယောက်အနေ

နဲ့ ပြောရခက်လှပါတယ် အစ်ကိုရယ်"

မောင်သီဟ ပြုံး၍ အားပေးလိုက်သည်။

"ရပါတယ် နန္ဒာရယ်၊ ပွင့်ပွင့်လင်းလင်းသာပြောပါ။ အစ်ကို နားလည်မှုရှိပါတယ်"

နန္ဒာရွှေက သက်ပြင်းခပ်မျှဉ်းမျှဉ်းချလိုက်သည်။ မျက်လုံးများကတော့ စားပွဲပေါ်က မခွာ။

"ဟို - ပွင့်ပွင့်လင်းလင်းပြောရမယ်ဆိုရင် ခေတ်ဟောင်းအဆိုတော်ဒေါ်မေရှင်ရဲ့ ပျို့ဆုတောင်း သီချင်းအစပိုဒ်လို ဖြစ်နေမိလို့ပါရှင်"

ပြောနေရင်းက နန္ဒာရွှေအကြည့်က ကြမ်းပြင်ပေါ်သို့ရောက်သွားကာ ခေါင်းလည်းငိုက်စိုက်ကျသွားသည်။ မျက်နှာတွင်လည်း သွေးရောင်များ စောစောကထက် နီမြန်းလာသည်။

မောင်သီဟက နန္ဒာ၏ ရှက်သွေးဖြန်းနေသော အမူအရာကို ဇဝေဇဝါဖြင့် ငေးစိုက်ကြည့်နေမိရင်း ခေတ်ဟောင်းအဆိုတော်ဒေါ်မေရှင်၏ ပျို့ဆုတောင်းသီချင်းအစပိုဒ်ကို စဉ်းစားကြည့်သည်။ ရုတ်တရက် မရ။ တွေးတောကြည့်သည်။ သီချင်းအစက ဘယ်လိုမှ ပေါ်မလာ။

နန္ဒာရွှေကိုကြည့်တော့လည်း မျက်နှာပြန်မော့မလာသေး။ ငုံ့မြဲငုံ့ထားဆဲ။ သူ့ကိုမေးကြည့်လို့ကလည်း ဖြစ်မည်မဟုတ်။ ဒေါ်မေရှင်သီဆိုခဲ့သောသီချင်းများကို တွေးကြည့်သည်။ ကျေးစေတမန်၊ ချစ်ရေစင်၊ ပျို့မှာတမ်း၊ ပြီးတော့ ပျို့ဆုတောင်း။

ကျေးစေတမန်သီချင်းအစမှာ 'xxxချစ်သွေးတွေက တဝေဝေ' ဖြစ်သည်။ ချစ်ရေစင်၏အစကိုတော့ မေ့ဘော့တော့ဖြစ်နေပြီ။ ပျို့မှာတမ်း၏ သီချင်းအစကိုတော့ ကောင်းကောင်း မှတ်မိနေသည်။ '*xxxစိတ်ချလက်ချ ကြည်ဖြူချင်xxxမြေပေါ်တွင်xxx*' ဖြစ်၏။ အင်း- ဒါဖြင့် ပျို့ဆုတောင်းသီချင်းက ဘယ်လိုစ,တာပါလိမ့်။ ဘယ်လိုဆုတွေများတောင်းခဲ့တာပါလိမ့်။ ဒီသီချင်းစာသားအရဆိုလျှင် ဒီလိုပဲ ယူဆရတော့မလိုဖြစ်နေသည်။ ခုတော့ ယောကျ်ားလေးက ပြန်စဉ်းစားပေးရလိုလို အဖြေပေးရမလိုဖြစ်နေပြီပေါ့။

အေးလေ- သူ့ကို အပြစ်ပြောလို့တော့မသင့်။ ယောကျ်ားလေးကသာ ချစ်ရေးဆိုခွင့်ရှိသည် မဟုတ်။ မိန်းကလေးမှာလည်း

အသည်းနှလုံးနှင့်ပင်။ သူမှာလည်း ရင်ဖွင့်ပိုင်ခွင့်ရှိတာပေါ့။ မိန်းကလေးကမ,စရဟု ဘယ်ဓလေ့ထုံးတမ်းဥပဒေကမှ အတိအလင်းတားမြစ်ပိတ်ပင်ခဲ့သည်မဟုတ်။ ဒါ လူ့အခွင့်အရေးပေပဲ။

ပွင့်ပွင့်လင်းလင်းပြောသည်ဆိုသော်လည်း အရှက်ကင်းမဲ့စွာ တိုက်ရိုက် တဲ့တိုးကြီးပြောသည်တော့မဟုတ်။ သွယ်ဝိုက်၍ မသိမသာလေး မပွင့်တပွင့် ကွယ်ဝှက်ပြောသည်မျိုးသာ။ ဒါတောင် သူ့ခမျာ ရှက်လွန်လွန်း၍ ခေါင်းပင်မဖော်နိုင်သေး။

မည်သို့ဆိုစေ မိမိကပင် ထိုအကြောင်း ဆက်မမေးနိုင်စေရန် စကားလမ်းကြောင်း၍ ပုံတူပန်းချီကိုစွကို စတင် မေးမြန်းခဲ့ခြင်းဖြစ်သည် မဟုတ်လား။ သူ့ခမျာ မိမိမေးခွန်းများကိုဖြေရင်း သူ့ရင်ထဲက လျှို့ဝှက်ခံစားချက်ကို အတင်းနှိုက်ထုတ်ပံလိုက်ရသလို ချောင်ပိတ်မိရာက မထိန်းချုပ်နိုင်တော့ဘဲ အန်ထွက်လာသော ဝေဒနာတစ်ပိုင်းတစ်စကို နားလည်ပေးရပေမည်။ သူ့ကြ့ွနွေပြုံလဲ၍ အရှက်အိုးကွဲမသွားအောင်တော့ ယောကျ်ားတစ်ယောက်အနေနှင့် နိုင်နိုင်နင်းနင်း ဦးဆောင်ပဲ့ကိုင်ပေးနိုင်ရပေလိမ့်မည်။

"ကဲ- နန္ဒာရေ၊ အစ်ကိုလည်း သွားစရာရှိနေသေးတယ်။ နန္ဒာပြောတဲ့ ဒေါ်မေရှင်ရဲ့ ပျို့ဆုတောင်း သီချင်းအစကို အစ်ကို ဘယ်လိုမှ စဉ်းစားလို့မရဘူး။ အိမ်ကျမှ ခေတ်ဟောင်းသီချင်းစာအုပ်ရှာပြီး ဖတ်ကြည့်လိုက်ပါ့မယ်။ ဒီတော့ နန္ဒာက ကြည့်မြင်တိုင်ပြန်မှာမဟုတ်လား။ အစ်ကိုကားဂိတ်လိုက်ပို့ပေးမယ်လေ"

"ဟုတ်ကဲ့ အစ်ကို"

ထိုအခါမှ နန္ဒာရွှေခမျာ ခေါင်းပြန်မော့နိုင်လာကာ နေရာမှထရပ်လိုက်သည်။ မျက်နှာပေါ်တွင်လည်း ရှက်သွေးရောင်များ လျော့ပါးစပြုနေပြီလေ။ မောင်သီဟက ဆိုင်ကောင်တာတွင် ကျသင့်ငွေရှင်းပြီးနောက် နန္ဒာရွှေနှင့်အတူ လမ်းထိပ်ဆီသို့ ထွက်လာခဲ့၏။

"ဒီတစ်ခါတော့ အစ်ကို နန္ဒာတို့ဆိုင်မှာ ထီလာထိုးရမယ်နော်။ နန္ဒာ နေ့တိုင်းမျှော်နေမှာ သိလား"

ကားမှတ်တိုင်သို့ရောက်၍ ဘတ်စ်ကားပေါ် တက်ခါနီး နန္ဒာရွှေက မျက်လုံးဝိုင်းထောင့်ကပ်ကြည့်ကာ ကန္တဲ့ကလျပြောလိုက်သည်။

"စိတ်ချစမ်းပါ နန္ဒာရယ်၊ အစ်ကို ထီဖွင့်ပြီးတာနဲ့ နန္ဒာ့ဆီကို မရောက်ရောက်အောင်လာခဲ့မယ်လို့ ကတိပေးလိုက်မယ် နော်။ ကဲ- ကျေနပ်ပြီလား"

နန္ဒာရွှေက ခေါင်းတစ်ချက် ဆတ်ခနဲညိတ်ကာ ပါးချိုင့်ကလေးပေါ်သည်အထိ ပြုံးပြရင်း ဘတ်စ်ကားပေါ်သို့ တက်သွားသည်။ မောင်သီဟက ဘတ်စ်ကား ခပ်လှမ်းလှမ်းရောက်သည်အထိ လက်ဝှေ့ယမ်းပြ၍ ကျန်ရစ်ခဲ့သည်။

မောင်သီဟ၏နားထဲတွင်ကား ခေတ်ဟောင်းအဆိုတော်ကြီး ဒေါ်မေရှင်၏ ပျို့ဆုတောင်းသီချင်း အစပိုဒ်ကိုသာ ထပ်ခါတလဲလဲ ကြားယောင်နေမိပါတော့သည်။

*"xxxမြင်မြင်ချင်းကွယ် ဘာ့ကြောင့်များ သူ့အပေါ်ဝယ်xxx ဘဝဟောင်းက ပျို့ဆုတောင်းကြောင့် ထင်တယ်"*

✿✿✿

## အခန်း (၆)
## အဖြေညှိမရသည့် ပဟေဠိ

၁၉၈၀ ပြည့်နှစ်၊ ဒီဇင်ဘာလ(၄)ရက်နေ့ ဖြစ်သည်။

မောင်သီဟသည် ထိုနေ့နံနက်(၈)နာရီ (၁၅)မိနစ်ခန့်မှ စ၍ ရွှေဘုန်းပွင့်စေတီ မြောက်ဘက်မုခ်ဝတွင် ရောက်နေသည်။ တန်ဆောင်မုန်းလ ကုန်ခါနီးဖြစ်၍ အအေးဓာတ်က တစိမ့်စိမ့်ဖြစ်နေသည်။ မုခ်ဝရှေ့က ပန်းဆိုင်များ ဖွင့်လှစ်နေပြီ ဖြစ်သော်လည်း ဘုရားဖူးလာသူများ အလွန် နည်းပါးလှသေးသည်။

နံနက် (၈း၃၀)နာရီခန့် လေးဘီးအငှားယာဉ်တစ်စီး မုခ်ဝရှေ့တည့်တည့်တွင် ထိုးရပ်လိုက်သည်။ ထိုအခိုက် တန်ဆောင်းအတွင်းမှ ဆယ်နှစ်အရွယ် ကောင်လေးနှစ်ယောက် ပြေးထွက်လာကာ လေးဘီးကားနောက်ခန်းတွင်ပါလာသော ကြိမ်လက်ဆွဲခြင်းတောင်းကို ဘွဲယူလိုက်ကြသည်။ ကားနောက်ခန်းထဲမှ ကြည်ပြာရောင်အင်္ကျီ၊ လုံချည်ဝတ်ထားပြီး အနွေးထည်အဖြူရောင် ဝတ်ထားသော မိန်းမပျိုတစ်ဦးဆင်းလာသည်။

သူမကား မသောင်း ဖြစ်၏။

"ဩော်- အစ်ကို၊ ဘုရားလာတာလား"

မုခ်ဝတွင် ငူငူကြီးရပ်နေသော မောင်သီဟအား မိန်းမပျိုက ရင်းရင်းနှီးနှီး နှုတ်ဆက်လိုက်သည်။ မောင်သီဟက အိုးတိုးအမ်းတမ်း အံ့အားသင့်သွားမိသော်လည်း ဟန်မပျက် ပြန်ပြုံးပြ၍ အလိုက်သင့် နှုတ်ဆက်လိုက်ရ၏။

"ဟုတ်ကဲ့၊ ဒီက မသောင်း အဲ . . . ညီမကကော ဘုရားလာဖူးတာပဲပေါ့"

"ကျွန်မ နာမည် သဇင်မြိုင်ပါ အစ်ကို။ ကျွန်မ ဒီနေ့ အဓိဋ္ဌာန်ဝင်ရမယ့်ရက်လေ"

"ဩော် . . . ဩော်"

အဓိဋ္ဌာန်ဆိုပါလား။ သူ့ကို ဆက်ဆံပုံကလည်း ရင်းရင်းနှီးနှီး။ သူ့နာမည်ကိုလည်းမမေးဘဲနှင့် ပြောသည်။ သဇင်မြိုင်တဲ့။ ပြီးတော့ သည်အဓိဋ္ဌာန်ဆိုသောစကားက အပြင်လူတွေ နားလည်မည့် အသုံးအနှုန်းမဟုတ်။ ငွေလက်ပတ်နာရီ လက်ဝယ်ရှိသူများသာ သဘောပေါက်မည့်စကား ဖြစ်သည်။ မသောင်း အဲ-သဇင်မြိုင်က မိမိကို ဘာကြောင့် ယနေ့ ရင်းနှီးစွာဆက်ဆံ၍ အဓိဋ္ဌာန်ဝင်ရမည့်အကြောင်း ပြောရပါလေသနည်း။

အင်း- တစ်ခုခုတော့ ထူးခြားနေပြီထင့်။

ကောင်လေးနှစ်ယောက်က ကြိမ်ခြင်းတောင်းကိုဆွဲ၍ ရှေ့ကဝင်သွားသည်။ သဇင်မြိုင်က ဘုရားရင်ပြင်ဆီ လှမ်းလိုက်သည်။

"ကျွန်တော် ဘာများအကူအညီပေးရမလဲ သဇင်မြိုင်"

"အို- ရပါတယ် အစ်ကို၊ ကောင်လေးတွေက လာကြိုနေကျလေ၊ သူတို့သိပါတယ်"

သဇင်မြိုင်က ပြောပြောဆိုဆို ရှေ့မှထွက်သွားသည်။ မောင်သီဟက မလှမ်းမကမ်းကလိုက်ပါသွားသည်။ သောကြာနံထောင့်အရောက်တွင် သဇင်မြိုင်က ဂြိုဟ်တိုင်နှင့် မနီးမဝေးတွင်ထိုင်၍ ဘုရားဝတ်ပြုသည်။ မောင်သီဟကလည်း သဇင်မြိုင်ရှေ့ဘက် ဂြိုဟ်တိုင်အနီးတွင် ဝင်နေရာယူ၍ ဦးသုံးကြိမ်ချကာ ဘုရားကို အာရုံပြုလိုက်သည်။ နမောတဿ သုံးကြိမ်ရွတ်ဆိုသည်။ သရဏဂုံသုံးပါးဆောက်တည်သည်။ ဘဒ္ဒကမ္ဘာတွင် ပွင့်ပြီး ပွင့်လတ္တံ့ ကကုသန်၊ ကောဏာဂုံ၊ ကဿပ၊ ဂေါတမနှင့် အရိမေတ္တေယျဘုရားငါးဆူအားဦးထိပ်ထား၍ ရှိခိုးပူဇော် ဖူးမြော်ကန်တော့သည်။ ပြီးမှ ဂုဏ်တော်ကို ကိုးခေါက် ရွတ်ဆိုသည်။ အားလုံးပြီးမှ ဦးသုံးကြိမ်ချ၍ မတ်တတ်ရပ်လိုက်သည်။

သူ၏နောက်ဘက်တွင် သဇင်မြိုင်အား မတွေ့ရပါလေတော့။ မောင်သီဟက ဘုရားကို လက်ယာရစ် တဖြည်းဖြည်း

ပတ်လျှောက်လာသည်။ စနေနံထောင့် ရှေ့တန်ဆောင်းတွင်ကား သဇင်မြိုင်အား ဘုရားရှိခိုးလျက် တွေ့ရ၏။ သူ့ရှေ့ရှိ စားပွဲဝိုင်းပေါ်တွင် ယခင်ကအတိုင်း သောက်တော်ရေ(၇)ခွက်၊ အလင်းတိုင်(၇)တိုင်၊ အမွှေးတိုင်(၇)တိုင်နှင့် ပန်း(၇)မျိုးတို့ကို တွေ့ရ၏။ နောက်နားတွင် သစ်သီးဆွမ်း(၇)မျိုး ကပ်လှူထားသော ငွေလင်ပန်း၏ အလယ်တွင် ငွေလက်ပတ်နာရီ တစ်စွန်းတစ်စကိုပါ လှမ်းမြင်လိုက်ရသည်။

အချိန်ကား နံနက် (၉း၃၀) နာရီ ရှိပေပြီ။

မောင်သီဟက ရွှေဘုန်းပွင့်စေတီရင်ပြင်တော်တွင် လက်ယာရစ် သုံးပတ်ပတ်၍ ပူဇော်သည်။ ထို့နောက် သဇင်မြိုင်နှင့် မလှမ်းမကမ်းတွင် နေရာယူ၍ တရားထိုင်နေလိုက်သည်။ အချိန်အတန်ကြာပြီးနောက် အသံကြား၍ မောင်သီဟ မျက်လုံးဖွင့်ကြည့်လိုက်သည်။

သဇင်မြိုင်သည် စားပွဲဝိုင်းပေါ်က အလင်းတိုင် (၇)တိုင်နှင့် အမွှေးတိုင် (၇) တိုင်ကို စနေဂြိုဟ်ဘုရားဆီသို့ သယ်ယူနေသည်။ မောင်သီဟက အနီးသို့ကပ်သွားကာ အရင်တစ်ခေါက်ကဲ့သို့ အလင်းတိုင်ပြုတ်ကျဦးမလား စောင့်ကြည့်နေမိသည်။ ခုတစ်ခေါက်တော့ ဘာမှမဖြစ်အောင် ဂြိုဟ်တိုင်ဆီသို့ ချောချောမောမော ရောက်သွားသည်။

မောင်သီဟက စားပွဲဝိုင်းပေါ်တွင် ကျန်နေသော ပန်းအိုးနှင့် သောက်တော်ရေဇန်းကို ကောက်ကိုင်လိုက်သည်။

"အို- အစ်ကိုကလည်း ရပါတယ်"

သဇင်မြိုင်က ဂြိုဟ်တိုင်က ပြန်လှည့်လာရင်း အားနာစွာ လှမ်းပြောသည်။

"ရပါတယ်ဗျာ၊ အားနာစရာ မလိုပါဘူး။ ကူညီရမှာပေါ့။ ကုသိုလ်ရပါတယ် ရော့"

မောင်သီဟက ပြောပြောဆိုဆို ပန်းအိုးနှင့် သောက်တော်ရေဇန်းကို သဇင်မြိုင်ထံ ကမ်းပေးသည်။ သဇင်မြိုင်က မောင်သီဟအား မျက်လုံးရွဲကြီးများဖြင့် တစ်ချက်စိုက်ကြည့်ကာ လှမ်းယူလိုက်သည်။

ဂြိုဟ်တိုင်တွင် ကပ်လှူပြီး ပြန်လှည့်လာသော သဇင်မြိုင်

သည် စားပွဲဝိုင်းဘေးတွင် ထိုင်ချလိုက်ကာ ဇမ်းထဲက ငွေလက်ပတ်နာရီကို လှမ်းယူသည်။ တစ်ချိန်တည်းမှာပင် ဆတ်ခနဲမော့၍ မောင်သီဟ၏ မျက်လုံးများအတွင်းသို့ မျက်တောင်မခတ် စူးစိုက်ကြည့်နေပြန်သည်။ မောင်သီဟကလည်း မျက်တောင်မခတ်ဘဲ အပြိုင်အဆိုင် ပြန်ကြည့်နေလိုက်သည်။ သဇင်မြိုင်က ငွေလက်ပတ်နာရီကို သူ့စလင်းဘက်အိတ်ထဲသို့ ပြန်ထည့်ပြီးသည်နှင့် ချက်ချင်း မျက်လွှာချကာ တန်းဆောင်းအနောက်ဘက်ဆီသို့ မျှော်ကြည့်လိုက်သည်။ ကောင်လေးနှစ်ယောက်ပြေးလာ၍ တစ်ယောက်က သစ်သီးများကိုယူကာ ငွေလင်ပန်းကို သဇင်မြိုင်အားပေးသည်။ ကျန်တစ်ယောက်က စားပွဲဝိုင်းကို သိမ်းသွားသည်။

"ကဲ - အစ်ကို၊ ကူညီတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ခွင့်ပြုပါဦး"

သဇင်မြိုင်က ဦးညွှတ်၍ နှုတ်ဆက်သည်။

"ပြန်တော့မလို့လား။ ကျွန်တော့်နာမည် မောင်သီဟပါ မသဇင်မြိုင်။ အချိန်ရရင် တစ်ခုခုကျွေးပါရစေဗျာ"

"သိနေပါတယ် ကိုသီဟရယ်၊ နောက်လည်း တွေ့ကြရဦးမှာပဲဟာ။ ဒီနေ့တော့ သွားစရာလေးတစ်ခုရှိနေလို့ပါ။ ကျွန်မ သွားလိုက်ပါဦးမယ်"

သဇင်မြိုင်က ပြောရင်း သူ့ရှေ့က ခေါင်းငုံ့ဖြတ်ကာ စေတီတော်ကို လက်ယာရစ် ပတ်လျှောက်သွားသည်။ မောင်သီဟက မျက်လုံးများပြူးဝိုင်းကာ အံ့အားသင့်စွာဖြင့် မှင်တက်မိသူလို နေရာတွင်ရပ်၍ စင်းစင်းကျန်ရစ်ခဲ့သည်။

ကြည့်စမ်း- ပြောပုံက သိနေပါတယ် ကိုသီဟရယ်တဲ့။ ဘယ်တုံးက ဘယ်လိုသိနေတာပါလိမ့်။ သူ့နာမည်ကိုတောင် မောင်သီဟက သူပြောပြ၍ ဒီနေ့မှသိရတာ ဖြစ်၏။ သူက အရင် မိမိနာမည်ကို သိနေပါလား အံ့သြစရာ။

ပြီးတော့ ပြောသေးသည်၊ နောက်လည်း တွေ့ကြရဦးမှာပဲဟာတဲ့။ ဧကန္တ- သည်သဇင်မြိုင်ဆိုသော မိန်းမပျိုမှာ အနာဂတ်ကို ကြိုသိနိုင်သူများ ဖြစ်နေလေမလား။ ဒါဆို မိမိစိတ်ထဲက အကြံအစည်တွေကို ကြိုတင်သိနေရင်တော့ ဒုက္ခ။

ထိုနေ့က မသောင်းခေါ် သဇင်မြိုင်နှင့် ရင်းနှီးမှုရလိုရငြား

မြန်မာ့စွယ်တော်စာအုပ်တိုက်

ရွှေဘုန်းပွင့်ဘုရားတွင် လာစောင့်နေခဲ့သော မောင်သီဟတစ်ယောက်မှာ သဇင်မြိုင်နှင့်ပတ်သက်၍ ပဟေဠိပုစ္ဆာကို အဖြေညှိမရနိုင်ဘဲ ဦးနှောက်တစ်ခုလုံး ချာချာလည်နေခဲ့ကာ အချိန်အတော်လေးကြာမှ ဘုရားဝင်းထဲက ပြန်လည်ထွက်ခဲ့နိုင်လေသည်။

✿

၁၉၈၀ ပြည့်နှစ်၊ ဒီဇင်ဘာ(၅)ရက်၊ နံနက် (၈း၄၅) နာရီတိတိတွင် ဖြစ်၏။

ကြက်သွေးရင့်ရောင် မာဇဒါဆီဒင်ကားတစ်စီးသည် ရွှေတိဂုံစေတီတော် အနောက်ဘက်မုခ်အနီးတွင် ညင်သာစွာ ထိုးရပ်လိုက်သည်။ မောင်သီဟက မုခ်ဝရှေ့ကရပ်ရင်း ဆီဒင်ကားဆီသို့ မျှော်ကြည့်နေသည်။ ကားမောင်းသူ အခန်းထဲမှ ယိုးဒယားပါတိတ်ဖက်ဖူးရောင်ဝမ်းဆက် ဝတ်ထားသော မသိန်း ဆင်းလာသည်။ မသိန်းက လက်ပွေ့အိတ်ကို ချိုင်းကြားညှပ်ကာ ကားထဲမှ ပလတ်စတစ်အိတ်ဖြင့် ထည့်ထားသော ငွေလင်ပန်းကို လှမ်းယူသည်။ ကားကို သော့ခတ်လိုက်ကာ လက်ပတ်နာရီကို မြှောက်ကြည့်ရင်း မုခ်ဝဆီသို့ ခပ်သွက်သွက်လျှောက်လာသည်။

"ဟော- မောင်လေး မောင်သီဟပါလား၊ စောစောစီးစီး ဘုရားရောက်နေပါလား"

"ခင်ဗျာ"

မောင်သီဟက သူ့နာမည်ခေါ်ပြီး နှုတ်ဆက်လိုက်၍ အလွန်အမင်း အံ့အားသင့်နေမိသည်။

"ဩော်- မနက်စောစော ဘုရားလာဖူးတာလား"

"ဟုတ်. . . ဟုတ်ကဲ့"

"မောင်လေး ကြည့်ရတာက တစ်ယောက်ယောက်ကို လာစောင့်နေသလိုပဲ။ ရည်းစားတွေဘာတွေရှိနေပြီ ထင်တယ်နော ဟင်း ဟင်း ဟင်း"

"မ. . . မဟုတ်ပါဘူး၊ ကျွန်တော်လေ ဟို"

"ကဲ- မောင်လေး၊ မမ ကိုးနာရီတိတိမှာ အဓိဋ္ဌာန်ဝင်ရမှာမို့လို့ သွားလိုက်ဦးမယ်"

"ဩော်- ဟုတ်ကဲ့၊ ကျွန်တော် ဘာများအကူအညီပေးရမလဲ ခင်ဗျာ"

"အာ- ရပါတယ်၊ အခုလောက်ဆို အားလုံး ပြင်ဆင်ပြီးနေလောက်ပြီ။ အိမ်က ကလေးမလေးကို ကြိုလွှတ်ထားတယ်လေ"

"ဟုတ်လား၊ ဒါ. . . ဒါဆိုရင် ကျွန်တော် အဲဒီ ငွေလင်ပန်းကိုင်ခဲ့ပေးမယ်လေ မမသိန်း အဲအဲ"

"မမနာမည်က မာလာဒေဝီတဲ့။ ဒါဆိုလည်း ဒီငွေလင်ပန်းကို မောင်လေးယူလာခဲ့လေ။ ရော့- လာ မြန်မြန်၊ အချိန်ကပ်နေပြီ"

မသိန်းခေါ် မာလာဒေဝီက ငွေလင်ပန်းအိတ်ကို မောင်သီဟ လက်ထဲထည့်ကာ နာရီကိုမြှောက်ကြည့်ရင်း ရှေ့က ကမန်းကတန်းတက်သွားသည်။ မောင်သီဟက နောက်ကျမကျန်အောင် ကတိုက်ကရိုက် တက်လိုက်သွားရသည်။

ရင်ပြင်တော်အပေါ် အရောက် ညာဘက် အနည်းငယ်လျှောက်လိုက်သည်နှင့် စနေနံထောင့်သို့ ရောက်လာသည်။ ဂြိုဟ်တိုင်ရှေ့တည့်တည့်တွင် မာလာဒေဝီ ဒူးတုပ်ထိုင်လိုက်သည်။ မောင်သီဟ ငွေလင်ပန်းအိတ်ကို လှမ်းပေးသည်။ သူမက ငွေလင်ပန်းကို ပလတ်စတစ်အိတ်ထဲမှထုတ်ကာ ဆီမီးခုံပေါ် တင်လိုက်စဉ် ကောင်မလေး တစ်ယောက်က သစ်သီး(၇)မျိုး လာထည့်ပေးသည်။ မာလာဒေဝီက ဘေးဘီသို့ ဝေ့ဝဲကြည့်လိုက်ရာ သောက်တော်ရေ(၇)ခွက်၊ အလင်းတိုင်(၇)တိုင်၊ အမွှေးတိုင်(၇)တိုင်နှင့် ပန်း(၇)မျိုး ကပ်လှူထားပြီးဖြစ်သည်ကို တွေ့ရသည်။

မာလာဒေဝီက ကျေနပ်ဟန် ခေါင်းတစ်ချက်ညိတ်ပြလိုက်သည်နှင့် ကောင်မလေးက ခပ်ရို့ရို့နောက်ဆုတ်ကာ နောက်ဘက်သို့ ထွက်သွားသည်။ မာလာဒေဝီက လက်ပွေ့အိတ်ကို အမြန်ဖွင့်ကာ အတွင်းမှ ငွေလက်ပတ်နာရီကို ထုတ်ယူ၍ ငွေလင်ပန်းပေါ်ရှိ သစ်သီးများကြားထဲ ထည့်သည်။ ထိုအခိုက်အတန့်တွင် မောင်သီဟအား စပါးကြီးမြွေကဲ့သို့ ညှို့အားပြင်းသော မျက်လုံးစိမ်းကြီးများဖြင့် မျက်တောင်မခတ် မော့ကြည့်နေသည်။ မောင်သီဟကလည်း ငွေလက်ပတ်နာရီကို လက်ပွေ့အိတ်ထဲက ထုတ်ယူသည်မှ ငွေလင်ပန်းပေါ် တင်လိုက်သည်အထိ မမှိတ်မသုန် လိုက်ကြည့်နေမိသည်။

မာလာဒေဝီက နှုတ်ခမ်းထောင့်စွန်းကပဲဖက် ကွေးပြုံးရင်း

မျက်လွှာချသွားကာ ပါလာသော ဇာပဝါကိုဖြန့်ခင်း၍ ဦးသုံးကြိမ်ချလိုက်သည်။ မောင်သီဟက မလှမ်းမကမ်းတွင် ထိုင်လိုက်ကာနာရီကို မြောက်ကြည့်လိုက်သည်။

နံနက်(၉)နာရီ တိတိပါလေ။

လဆန်း(၃)ရက်နေ့က စတင် ဖွင့်လှစ်နေသော အောင်ဘာလေထီသည် ယနေ့နံနက်(၉)နာရီတွင် တတိယနေ့အဖြစ် စတင်နေလေပြီ။ ဆန်းတော့ဆန်းသည်။ မိမိကဲ့သို့ ထောင်တန်ငွေလက်ပတ်နာရီ ပိုင်ဆိုင်ထားသူက ထီစဖွင့်သည့် လဆန်း(၃)ရက်နေ့တွင် ဗိုလ်တထောင်ဘုရား၌ အဓိဋ္ဌာန်ဝင်ရသည်။ သောင်းတန်ငွေလက်ပတ်နာရီ လက်ဝယ်ရှိသူ သဇင်မြိုင်က လဆန်း(၄)ရက်နေ့တွင် ရွှေဘုန်းပွင့်စေတီ၌ အဓိဋ္ဌာန်ဝင်ရသည်။ သည်အမျိုးသမီး မာလာဒေဝီကျတော့ ထီဖွင့်သည့် တတိယမြောက်ရက်တွင်မှ ရွှေတိဂုံစေတီမှာ လာရောက် အဓိဋ္ဌာန်ဝင်ရ၏။

ဤအစဉ်အလာဤစနစ်သည် မည်သည့်အချိန်က စတင်၍ လည်ပတ် လှုပ်ရှားနေခဲ့ခြင်း ဖြစ်ပါသနည်း။ မည်သူတို့က တီထွင်ဖန်တီး၍ မျိုးဆက်ပေါင်း ဘယ်နှဆက်ထိအောင် ဖြတ်သန်းကျော်လွှားခဲ့ပါလေသနည်း။ မည်သို့သောပုဂ္ဂိုလ်တို့က မည်ကဲ့သို့သော နည်းပညာများဖြင့်၊ မည်သည့်ရည်ရွယ်ချက်ဖြင့် တွေးခေါ် ကြံဆခဲ့ကြပါလေသနည်း။

ထူးခြားတိုက်ဆိုင်မှုတစ်ခုမှာ သဇင်မြိုင်ရော မာလာဒေဝီပါ ငွေလက်ပတ်နာရီ အထုတ်အသွင်းပြုတိုင်း မောင်သီဟအား မျက်တောင်မခတ် မော့ကြည့်စူးစမ်းတတ်ကြခြင်းပင်။ ဘာကြောင့် ကြည့်ရှုပုံ နှစ်ယောက်စလုံး တစ်ပုံစံတည်းဖြစ်နေရပါသလဲ။ မယုံကြည်နိုင်စရာ။

နောက်ထပ် ဆန်းကြယ်တာ ကစ်ခုရှိ သေးသည်။

မောင်သီဟနာမည်နှင့် ပတ်သက်၍ ဖြစ်၏။ သဇင်မြိုင်က 'သိနေပါတယ် ကိုသီဟရယ်' တဲ့။ ယနေ့ မာလာဒေဝီကလည်း မနက်က တွေ့တွေ့ချင်း 'မောင်လေး မောင်သီဟပါလား' တဲ့။ သည်အမျိုးသမီးနှစ်ယောက်ကို ပြီးခဲ့သည့် သုံးလပတ် ထီဖွင့်ချိန် စက်တင်ဘာလ(၄)ရက်နှင့် (၅)ရက်တို့တွင် တစ်ယောက်လျှင် တစ်ကြိမ်စီသာ တွေ့ခဲ့ဖူးသေးသည်။ သဇင်မြိုင်နှင့်ကျတော့ မျက်မှန်း

တန်းမိရုံမျှလောက်သာ။ စကားတစ်လုံးမျှ မပြောဖူးဘူး။

သို့ပါလျက် မိမိက သဇင်မြိုင်အား သိကျွမ်းအောင် ကြိုးစားမည် ကြံကာရှိသေး သူကပင် အရင်စ၍ တရင်းတနှီး နှုတ်ဆက်နေပြီး မိမိနာမည်ကိုပါ သိပြီးဖြစ်နေသည်။

မာလာဒေဝီကျတော့ သူ့ထက်ပိုသေးသည်။ လူကိုမြင်သည်နှင့် နှစ်အတန်ကြာက ခင်မင်ရင်းနှီးခဲ့သူတစ်ဦးပမာ မောင်လေးတဲ့၊ မောင်သီဟတဲ့။

သဇင်မြိုင်က အစ်ကိုဟုခေါ်၍ ယဉ်ယဉ်ကျေးကျေးအောက်ကျို့ဆက်ဆံသည်။ မာလာဒေဝီက စလာကတည်းက အပေါ်စီးကလေသံနှင့်ဖြစ်၏။ ငွေကြေးချမ်းသာကြွယ်ဝသည့် ဂုဏ်မာနနှင့်တော့ ဟုတ်ပုံမရ။ အသက်အရွယ်ကိုလိုက်၍ လူမှုဆက်ဆံရေး ရင့်ကျက်နေသူတစ်ဦး၏ ထမင်းစားရေသောက်အပြုအမူမျိုးသာ ဖြစ်ပေလိမ့်မည်။

တစ်ခုစဉ်းစားမရသည်မှာ သည်အမျိုးသမီး နှစ်ဦးစလုံး မိမိနာမည်ကို ကောင်းစွာသိနေကြသည့်အပြင် မိမိအားလည်း နှစ်ယောက်စလုံးက လိုလားဖော်ရွေစွာ ဆက်ဆံနေကြခြင်း ဖြစ်၏။

ဤအချက်က မောင်သီဟ၏ နုနယ်သောဦးနှောက်ကလာပ်စည်းများကို လွင့်စဉ်ပေါက်ကွဲသွားမတတ် အခံရခက်စေသည်။

တစ်ကြိမ်တစ်ခါမျှ ခဏတာတွေ့ခဲ့ရသော သည်အမျိုးသမီးနှစ်ဦးသည် မိမိ၏နာမည်ကို မည်သို့မည်ပုံ သိရှိသွားကြလေသနည်း။ သူတို့နှစ်ယောက်စလုံးက မိမိအား အဘယ်ကြောင့် တရင်းတနှီး လိုလိုလားလား ဆက်ဆံနေကြပါလေသနည်း။

"ကဲ- မောင်သီဟ မမကိုလိုက်မပို့ေ ့ဘူးလား"

"ဗျာ"

မည်မျှကြာအောင် အတွေးနယ်တစ်ကြောဝယ် လွင့်မြောပါနေမိသည် မသိ။ မိမိရှေ့တွင် မတ်တတ်ရပ်လျက် မေးလိုက်သော မာလာဒေဝီ၏အသံကြောင့် အယောင်ယောင်အမှားမှားဖြစ်ကာ ကမန်းကတမ်း ထရပ်လိုက်မိသည်။

"မောင်လေး ဘုရားဖူးချင်ဖူးဦးလေ၊ မမက အလုပ်ကိစ္စ ား တစ်ဦးရှိလို့ ပြန်မှဖြစ်မယ်"

"မ. . . မဖူးတော့ပါဘူး မမရယ်၊ ပေးပေး ကျွန်တော်လိုက်ပို့

ပေးမယ်"

မောင်သီဟက မာလာဒေဝီလက်ထဲမှ ငွေလင်ပန်းအိတ်ကို လက်လှမ်း၍တောင်းလိုက်သည်။

"ဒါဖြင့်လည်း ရော့၊ လာ - သွားကြစို့"

မာလာဒေဝီက ဖြူဖွေးသော သွားများပေါ်သည်အထိ နှစ်ခြိုက်စွာ ပြုံးဖြရင်း ငွေလင်ပန်းအိတ်ကို ကမ်းပေးသည်။ မောင်သီဟက မာလာဒေဝီ၏မျက်နှာကို သတိထားကြည့်မိသည်။သူ့စိတ်ထဲ မာလာဒေဝီမှာ ပထမတစ်ကြိမ်တွေ့စဉ်ကထက်ပင် အသားအရေ ပို၍ ဖြူလာသည်ဟု တွေးနေမိသည်။ သေချာဂရုပြုကြည့်မှ အဖြေပေါ်လာတော့သည်။ မာလာဒေဝီမှာ ထိုနေ့က ပုလဲနားကပ်၊ ပုလဲလည်ဆွဲ၊ ပုလဲလက်ကောက် စသည်ဖြင့် ပုလဲတစ်ဆင်စာ ဝတ်ဆင်လာ၍ပင် ဖြစ်လေသည်။

မာလာဒေဝီက ခြေလှမ်းသွက်သွက်ဖြင့် ရှေ့က လျှောက်နေသည်။ မောင်သီဟကလည်း အမြန်လျှောက်လိုက်သွားရာ လှေကားထိပ်ရောက်မှ နှစ်ယောက်ယှဉ်၍ရပ်မိသည်။

မာလာဒေဝီကား မြန်မာအမျိုးသမီးထဲတွင် အရပ်အမောင်းကောင်းလှသူဟု ဆိုနိုင်သည်။ ငါးပေခြောက်လက်မရှိသော မိမိအရပ်ကိုပင် မှီချင်လုလုဖြစ်နေသည်။ ဒါတောင် ဘုရားပေါ်တွင်ဖြစ်၍ ဖိနပ်စီးထားသည် မဟုတ်သေး။ ဒေါက်ဖိနပ်ခပ်မြင့်မြင့်သာ စီးလိုက်ပါက မိမိအရပ်ထက်ပင် မြင့်သွားပေလိမ့်မည်။

အုတ်လှေကားအတိုင်း ယှဉ်တွဲ၍ ဆင်းလာကြသည်။ မောင်သီဟရင်ထဲ မာလာဒေဝီကို မေးလိုက်ချင်သော မေးခွန်းများ တန်းစီနေသည်။ လှေကားကဆင်းရင်း မာလာဒေဝီအား စောင်းငဲ့ကြည့်မိသည်။ အခုနေ မေးသင့်၊ မမေးသင့် ချိန်ဆနေသည်။

"မောင်လေးနဲ့ စကားလည်းပြောချင်တယ်၊ အိမ်ကိုလည်း လိုက်ပို့ပေးချင်တယ်။ နောက်တစ်ခေါက်ကျမှပဲ ဆုံကြသေးတာပေါ့။ ဒီနေ့တော့ မမကိစ္စက နည်းနည်းအရေးကြီးနေလို့ ခွင့်လွှတ်ပါ"

မာလာဒေဝီက ကားမောင်းခန်းတွင် ဝင်ထိုင်ရင်း ပြောသည်။ မောင်သီဟက ငွေလင်ပန်းအိတ်ကို လှမ်းပေးလိုက်သည်။ မာလာဒေဝီက ကားစက်ကိုနှိုးကာ နံပါတ်တစ်ဂီယာသွင်းလိုက်

သည်။ ပြီးတော့ လီဗာကိုစနင်းလိုက်သည်။

"ကဲ- မမသွားပြီနော် မောင်သီဟ"

မောင်သီဟက လက်တားပြလိုက်သည်။

"ခဏနေပါဦး မမ"

မောင်သီဟက တံတွေးတစ်ချက် မျိုချလိုက်သည်။

"ဟိုလေ ကျွန်တော့်နာမည်ကို မမ ဘယ်လို သိနေတာလဲလို့ ပါ"

မာလာဒေဝီက အသံထွက်အောင် တခစ်ခစ်ရယ်ရင်း မောင်သီဟအား နှုတ်ခမ်းထောင့်စွန်းတစ်ဖက် ကွေးညွတ်၍ ကြည့်လိုက်သည်။

"ဩော်- ဒါလား ဒီလိုပေါ့ကွယ်၊ ဟင်း . . . ဟင်း . . . ဟင်း . . . ခစ် . . . ခစ် . . . ခစ်"

မာလာဒေဝီက မောင်သီဟအားကြည့်၍ပြောရင်း တခစ်ခစ် ရယ်ကာ လျင်မြန်စွာ မောင်းထွက်သွားလေတော့သည်။

✿✿✿

## အခန်း (၇)
## လှုပ်လှုပ်ရှားရှားမိန်းမများ

“ဘာပြောတယ် နွေးနွေး၊ အိပ်မက်မက်တာလား”

“ဟုတ်တယ် အစ်ကိုကြီးရဲ့၊ အိပ်မက်ထဲမှာ ဘွားဘွားနဲ့ တွေ့ရတာ သိပ်ထူးဆန်းတာပဲ”

“ဘယ်လိုထူးဆန်းတာတုံးဟ”

“ဟိုလေ- ဘွားဘွားကလေ အတောင်လည်း မရှိဘဲနဲ့ ဒီအတိုင်းချည်း လေထဲမှာဝဲပျံနေတယ်။ ပြီးတော့လေ ညီမနွေးရဲ့ အခန်းထဲကို ပြတင်းပေါက်ကနေဝဲပြီး ဝင်လာတယ် အစ်ကိုကြီး”

“သြော်”

“အဲဒါ ဘွားဘွားက ညီမနွေးအနားလာရပ်ပြီး မေးတယ် သိလား”

“အင်း- ဘာတွေမေးလဲ”

“နင်တို့ နေကောင်းကြရဲ့လား၊ ကျောင်းမှာစာလိုက်နိုင်ကြရဲ့လား၊ စားဝတ်နေရေးကော အဆင်ပြေကြရဲ့လားတဲ့ မေးတယ်”

“အင်း”

“ညီမနွေးက အားလုံး အဆင်ပြေပါတယ် ဘွားဘွားလို့ ဖြေလိုက်တယ်”

“ပြီးတော့ကော”

ပညာရွှေတောင်စာအုပ်တိုက်

"ပြီးတော့လေ ဘွားဘွားက မေးတယ်၊ နင့်အစ်ကိုကြီး ဘာတွေလုပ်ကိုင်ကျွေးမွေးနေလဲတဲ့"

"အင်း"

"နောက်ပြီးတော့လေ ဘွားဘွားကပြောသေးတယ် ဟိုဒင်း"

"ဘာဟိုဒင်းလဲ"

"ဟိုလေ၊ နင့်အစ်ကိုကြီးကို ဒီအတိုင်းပစ်မထားနဲ့ ဝိုင်းထိန်းကြဦးတဲ့"

"ဘာကိုထိန်းရမှာတဲ့လဲ"

"ဟိုလေ၊ နင့်အစ်ကိုကြီးမှာ မိန်းမတွေဝိုင်းနေတာတဲ့"

"ဟော"

"သုံးယောက်တောင်တဲ့"

"ဟုတ်တယ် အစ်ကိုကြီး၊ ညီမနွေးလည်း ဘွားဘွားပြောတဲ့ အတိုင်း ပြန်ပြောပြနေရတာပါ"

မောင်သီဟ ဘာဆက်ပြောရမှန်းမသိ ဖြစ်သွားသည်။ ထို နေ့က အောင်ဘာလေသိန်းဆုဌာနခွဲတွင် ထီဆုငွေများ ထုတ်ယူခဲ့ ပြီးနောက် အိမ်သို့ စောစောပြန်လာခဲ့ရာ ညီမကြီးနွေးနွေးက အရင် ပြန်ရောက်နေသည်။ နွေးနွေးမှာ ပညာရေးတက္ကသိုလ်တွင် တတိယ နှစ်ရောက်နေပြီ ဖြစ်၏။

အိမ်ရောက်ရောက်ချင်း ဆီး၍ပြောနေသော နွေးနွေး၏အိပ် မက်အကြောင်းကို နားထောင်နေရာ ပထမတွင် စိတ်မဝင်စားလှ သော်လည်း မိန်းမသုံးယောက်ကိစ္စပါလာရာ မောင်သီဟသည် ဘာမှမပြောနိုင်ဘဲ အံ့အားသင့်နေခြင်း ဖြစ်၏။

"အင်း- ဆက်ပြောပါဦး နွေးနွေး"

"အဲဒါ ဟိုမိန်းမတစ်ယောက်က အသက်လည်း ကြီးတယ်၊ အရမ်းလည်း ချမ်းသာတယ်။ ပြီးတော့ လည်လည်းလည် တယ်။ ဒီလိုမိန်းမမျိုးရဲ့ မာယာကျော့ကွင်းထဲမှာ မိသွားရင် တစ်သက်လုံး နောင်တရလို့ဆုံးမှာ မဟုတ်ဘူး။ နင်တို့နဲ့ လည်း အဲဒီမိန်းမနဲ့ မျက်နှာကြောတည့်မှာ မဟုတ်ဘူး။ သူက အကုန်ချုပ်ကိုင်ထားမှာတဲ့"

"ဟုတ်လား"

"ဟုတ်တယ် အစ်ကိုကြီး၊ အဲဒါ ဘယ်မိန်းမလဲဟင်။ နာမည်

ဘယ်သူလဲ၊ ဘယ်မှာနေတာလဲ"

"အာ - ဒါတွေ နင်မသိချင်ပါနဲ့ဟာ။ ကဲ - ပြောပါဦး၊ ဘွားဘွားက ဘာဆက်ပြောသေးလဲ"

"နောက် အမျိုးသမီးလေးတစ်ယောက်ကတော့ မဆိုးဘူးတဲ့။ အစ်ကိုကြီးထက်လည်း အသက်ငယ်တယ်။ ရုပ်ချောချော ရိုးရိုးအေးအေးလေးတဲ့။ ဟုတ်လား အစ်ကိုကြီး"

"အင်း- ဆိုပါတော့"

"ဒါပေမယ့် အဲဒီအမျိုးသမီးလေးနဲ့လည်း ဖြစ်မှာမဟုတ်ဘူး တဲ့"

"ဟေ- ဘာဖြစ်လို့တဲ့လဲ"

"အဲ . အဲဒီအမျိုးသမီးလေးကလည်း အတော်အသင့်တော့ ချမ်းသာတယ်တဲ့။ ဒါပေမယ့် သူတို့မိသားစုက သိပ်ပြီး ရှေးရိုးဆန်တယ်။ အစွဲအလမ်းတွေများတယ်။ အယူသီးလွန်း တယ်တဲ့။ အဲဒါကြောင့် နင်တို့အစ်ကိုကြီးရဲ့ ခေတ်မီမီအဆင့် အတန်းမြင့်မြင့်နေချင်တဲ့ စိတ်ဓာတ်နဲ့ ပြဒါးတစ်လမ်းသံ တစ်လမ်းပဲတဲ့။ နင်တို့နဲ့လည်း အမျိုးသမီးလေးနဲ့ စိတ် သဘောထားချင်း ညှိယူလို့ရမှာ မဟုတ်ဘူးတဲ့ အစ်ကိုကြီး"

"အင်း"

"ဒီအမျိုးသမီးလေး ဆိုတာလည်း တကယ်ရှိတာပဲလား အစ်ကိုကြီး၊ နာမည်က ဘယ်သူလဲ"

"တဲပါ နွေးနွေးရယ်၊ ဘွားဘွားစကားကိုသာ ဆက်ပြောစမ်း ပါဟာ"

"နောက်တစ်ယောက်ကတော့ အစ်ကိုကြီးထက် အသက် လည်းငယ်တယ်၊ ရုပ်ရည်လည်းသန့်ပြန့်တယ်၊ ကိုယ့်ထူး ကိုယ်ချွန်တယ်၊ ဉာဏ်ထက်မြက်မြက်ရှိတယ်။စိတ်သဘော ထား ပျော့ပျောင်းသိမ်မွေ့ပြီး အနုပညာစိတ်ဓာတ် ရှိတယ် တဲ့။ လူက မချမ်းသာပေမယ့် ရိုးသားကြိုးစားပြီး စိတ်ချမ်း သာမှုပေးနိုင်တဲ့ ပါရမီရှင်ဖြစ်တယ်တဲ့။ ဘွားဘွားကလေ အဲဒီအကျင့်စာရိတ္တ နှစ်လိုဖွယ်ရှိတဲ့ အဲဒီမိန်းကလေးကို သဘောကျသတဲ့။ အစ်ကိုကြီးရဲ့ဖက်နဲ့ အလိုက်ဖက်ဆုံးပဲ တဲ့။ ပြီးတော့ ညီမနွေးတို့နဲ့လည်း ညီအစ်မလိုနေတတ်မယ့်

မိန်းကလေးတဲ့"
"အင်း"
"ဒါနဲ့ အစ်ကိုကြီး၊ အဲဒီမိန်းကလေးဟာ ဟိုတစ်ခေါက် အစ်ကိုကြီး ထိပေါက်တာလာပြောတဲ့ တစ်ယောက်များဖြစ်နေမလား"
"အေး- ဘွားဘွားပြောပုံအရဆိုရင် သူပဲဖြစ်နိုင်တယ်"
"ဒါဆိုလည်း အစ်ကိုကြီးရယ်၊ သူနဲ့ တစ်ခါတည်း အဆင်ပြေအောင် ကြိုးစားထားလိုက်ပါတော့လား"
"အာ- ဒါတွေက ငါ့အလုပ်ပါဟာ နင်ကလည်း"
ထိုစဉ် စီးပွားရေးတက္ကသိုလ် ပထမနှစ်တက်နေသော ထွေးထွေးသည် ကျောင်းကပြန်ရောက်လာသည်။
"ဘာတွေလဲ၊ အစ်ကိုကြီးတို့ပြောနေတာ ဘွားဘွားလည်းပါတယ်။ မိန်းကလေးဆိုတာလည်း ကြားလိုက်တယ်နော်"
ထွေးထွေးက အိမ်ထဲလှမ်းဝင်လာရင်း မေးသည်။
"နင့်အစ်မ အိပ်မက်မက်တဲ့အကြောင်း ပြောနေကြတာပါ"
"ဟုတ်လား၊ ဒါဆို ညီမထွေး ပြီးခဲ့တဲ့ နှစ်ပတ်ကျော်ကျော်လောက်ကမက်တဲ့ အိပ်မက်အကြောင်း ပြောပြချင်နေတာ။ အစ်ကိုကြီးတို့နဲ့ အေးအေးဆေးဆေး မတွေ့ရသေးလို့မပြောဖြစ်ခဲ့တာ"
"ဆိုပါဦး နင့်အိပ်မက်က"
"ညီမထွေး အိပ်မက်ထဲမှာ ဘွားဘွားက အရမ်းကို ထူးဆန်းတာပဲ"
"ဟိုလေ ဘွားဘွားက လေထဲမှာဝဲပျံပြီး ပြတင်းပေါက်ကနေ ညီမထွေး အခန်းထဲဝင်လာတယ်။ ညီမထွေး ခုတင်ဘေးမှာ ရပ်ပြီး နင်တို့ ကျန်းမာရေး၊ ပညာရေး၊ စားဝတ်နေရေး အဆင်ပြေကြရဲ့လားတဲ့။ ပြီးတော့လေ ဘွားဘွားက"
ထွေးထွေးက လက်ကာပြ၍ ကြားဖြတ်ပြောလိုက်သည်။
"ပြီးတော့ နင့်တို့အစ်ကိုကြီး ဘာတွေလုပ်ကိုင်ကျွေးမွေးနေလဲ၊ နင်တို့အစ်ကိုကြီးကို ဒီအတိုင်းပစ်မထားနဲ့၊ ဝိုင်းထိန်းကြဦး။ သူ့မှာ မိန်းမတွေဝိုင်းနေတယ်"
ထွေးထွေးက အလွန်အံ့ဩသွားကာ -

"ဟင်- မမနွေးက ညီမထွေးအိပ်မက်ကို သိနေပါလား၊ ထူးဆန်းလိုက်တာ။ ဘယ်. . . ဘယ်လိုလုပ်ပြီး သိနေတာလဲ ဟင် မမနွေး"

"အေး- ငါ နင့်အိပ်မက်ကို သိနေတာမဟုတ်ဘူး၊ ငါလည်း နင့်လိုပဲ အိပ်မက်မက်လို့ အစ်ကိုကြီးကို ပြောပြနေတာ"

"ဟာ- ဒါဆို ညီမထွေးမက်တာနဲ့ မမနွေးမက်တာ အတူတူ ဖြစ်နေတာပေါ့နော်"

"ဒါတော့ ငါလည်းမသိဘူး၊ နင့်အိပ်မက်နဲ့ တူ၊ မတူ သိရအောင် ငါ့အိပ်မက်ကို အရင်နားထောင်ကြည့်"

နွေးနွေးက သူ့အိပ်မက်ကို အသေးစိတ်ပြန်ပြောပြနေသည်။ မောင်သီဟက တစ်ချက်သမ်းဝေလိုက်သည်။ ထွေးထွေးက စိတ်ဝင်တစား ငေးသျှာနားထောင်သည်။ အားလုံးပြီးမှ -

"အိပ်မက်မက်တဲ့ရက်ကလည်း လွန်ခဲ့တဲ့ နှစ်ပတ်ကျော်လောက်ကပဲဆိုတော့ ရက်သိပ်မကွာလှဘူး။ မက်တဲ့အကြောင်းအရာနဲ့ သဘောတရားကလည်း အတူတူလိုပါပဲ။ ဒါပေမယ့် စကားအသုံးအနှုန်း နည်းနည်းကွာတာမျိုးတော့ ရှိတယ် အစ်ကိုကြီး"

"ဘယ်လိုကွာတာလဲ"

"ဘွားဘွား စကားထဲမှာ ဟိုအသက်ကြီးပြီး ချမ်းသာတဲ့ အမျိုးသမီးကြီးက အစ်ကိုကြီးကို ဖြစ်တဲ့နည်းနဲ့ သိမ်းသွင်းပြီး ရအောင် ယူချင်ပုံရတယ်တဲ့။ ဒါပေမယ့် ဒီမိန်းမက သိပ်မတရားကြီးတော့ လုပ်မယ်မထင်ဘူးတဲ့။ ဒီစကား အစ်မနွေး အိပ်မက်ထဲမှာ မပါဘူးနော်"

"ဩော်"

"နောက် ဟိုရှေးရိုးဆန်တဲ့အမျိုးသမီးလေးက အစ်ကိုကြီးရဲ့ မေတ္တာကို အတော် မျှော်လင့်နေပုံပဲတဲ့။ သူကိုယ်တိုင်ကလည်း အစ်ကိုကြီးအပေါ်မှာ မေတ္တာသက်ဝင်နေတာတဲ့။ ဒါပေမယ့် သူ့မှာ အိမ်ထောင်ရေးနဲ့ပတ်သက်ပြီး ကိုယ်ပိုင်ဆုံးဖြတ်နိုင်ခွင့်မရှိဘူးတဲ့ အစ်ကိုကြီး။ အစ်မနွေးနဲ့ အဲဒီလို နည်းနည်းကွာတယ်"

"အင်း- ပြောပါဦး"

"နောက် သွက်သွက်လက်လက်နဲ့ ခေတ်ဆန်ချင်တဲ့ မိန်း

ကလေးဆိုတာက အစ်ကိုကြီးကို တစ်ဖက်သတ် စွဲစွဲလမ်းလမ်းဖြစ်နေတာတဲ့။ ပြီးတော့ သူက ပန်းချီတွေဘာတွေလဲ ဆွဲတတ်တယ်တဲ့၊ ဟုတ်လားဟင် အစ်ကိုကြီး"

မောင်သီဟမျက်စိထဲတွင် နန္ဒာရွှေရေးဆွဲပေးသော သူ၏ ပုံတူပန်းချီကားကို ပြန်လည် မြင်ယောင်မိသည်။ အင်း-မိန်းကလေး တစ်ယောက်အနေနှင့် ယောကျ်ားလေးတစ်ယောက်ကို တွေ့တွေ့ချင်း ပုံတူပန်းချီကား တစ်ချပ်ရအောင် ရေးဆွဲလိုက်နိုင်သည်ဆိုသည်မှာ တော်ရုံခံစားချက်မျိုးတော့ မဟုတ်တန်ရာ။ ပြီးတော့ ပျို့ဆုတောင်းသီချင်းအစပိုဒ်။ နန္ဒာရွှေသည် မိမိအပေါ် တကယ်ပဲ စွဲစွဲလမ်းလမ်းဖြစ်နေတာများလား။

"ဪ- အစ်ကိုကြီးကလည်း ဘာတွေငေးနေတာလဲ။ ညီမထွေးမေးတာ ဖြေပါဦး"

"အင်း- အဲဒီတစ်ယောက်ကတော့ ပန်းချီဆွဲတတ်တာ မှန်ပါတယ်"

"ဒါဆို ဟိုထီဆိုင်မှာလုပ်တဲ့ မိန်းကလေးပေါ့။ အစ်ကိုကြီး ပုံတူပန်းချီကားတောင် ပေးသွားသေးတာလေ"

"အင်း"

"ဒါဖြင့်လည်း အစ်ကိုကြီးရယ်၊ ဘွားဘွားကိုယ်တိုင်က သဘောကျနေမှတော့ ဘွားဘွားစကားကို လိုက်နာပါတော့လားလို့"

"တယ်- ဒီကောင်မလေး၊ ငါ့ကို ပေါက်တတ်ကရတွေလာ ပြောမနေနဲ့။ ကဲကဲ- ရေချိုးပြီး ထမင်းစားမယ်။ ဒီနေ့ စောစောစီးစီးဗိုက်ဆာနေပြီ"

မောင်သီဟက ပြောပြောဆိုဆို နေရာမှထရပ်လိုက်သည်။ ထွေးထွေးက သူ့လက်တစ်ဖက်ကို ဆွဲထားရင်း -

"ခဏထိုင်ပါဦး အစ်ကိုကြီးရယ်၊ အရေးတာတစ်ခု အခုမှ သတိရမိလို့ပါ"

မောင်သီဟက စိတ်မပါတပါဖြင့် ပြန်ထိုင်လိုက်သည်။

"ဘာလဲဟ နင်တို့ဟာကလည်း ပြီးကိုမပြီးနိုင်တော့ဘူး"

ထွေးထွေးက မျက်နှာချိုသွေးပြုံးပြသည်။

"ဒီလို ငေ့ါကိုကြီး၊ ညီမထွေး အဲ ိအိပ်မက်မက်ပြီးလို့

တစ်ရက်၊ နှစ်ရက် အကြာလောက်မှာ လမ်းထိပ်က မကြူတို့ ကုန်စုံဆိုင်ကို အမျိုးသမီးနှစ်ယောက်ရောက်လာပြီး မေးတယ်တဲ့။ ဒေါ်ငြိမ်းခင်တို့အိမ် ဘယ်အိမ်လဲလို့ မေးတယ်တဲ့။ မကြူက ရှေ့နား ခုနစ်အိမ်မြောက် ညာဘက်ခြမ်းကအိမ်ပဲ။ ဒါပေမယ့် ဒေါ်ငြိမ်းခင်က လွန်ခဲ့တဲ့(၆)လကျော်လောက်က ဆုံးသွားပြီ။ သူ့မြေးတွေပဲရှိတယ်လို့ ဖြေလိုက်တယ်တဲ့"

"ဩော်- အဲဒီတော့"

"အဲဒီတော့ ဟိုအမျိုးသမီးတွေက မြေးဘယ်နှယောက်ရှိလဲ၊ ဘယ်သူတွေလဲလို့ မေးတယ်။ မကြူက မြေးသုံးယောက်ရှိတယ်။ မောင်သီဟ၊ မနွေးနွေးနဲ့ မထွေးထွေးတို့သေလို့ ပြောပြလိုက်တော့ သူတို့က မောင်သီဟက ဘယ်အရွယ်လောက်ရောက်နေပြီလဲလို့ ထပ်မေးတယ်တဲ့"

"ဟာ- တော်တော်စပ်စုတဲ့မိန်းမတွေပါလား"

"မကြူက မောင်သီဟဆိုတာ အသက် (၂၃) နှစ်လောက်ရှိပြီထင်တယ်လို့ပြောလိုက်တော့ အဲဒီအမျိုးသမီးတွေက ဟုတ်လား၊ ဒါဆို နောက်မှပဲလာတွေ့တော့မယ်ဆိုပြီး ထွက်သွားကြသတဲ့ အစ်ကိုကြီး"

မောင်သီဟက စိတ်ရှုပ်ဟန် ခေါင်းကုတ်ပြလိုက်သည်။

"အဲဒါဘာဖြစ်လဲ ထွေးထွေးရဲ့၊ အဲဒီမိန်းမတွေက ဘွားဘွားနဲ့ လုပ်ဖော်ကိုင်ဖက် ရတနာပွဲစားမတွေဖြစ်မှာပေါ့။ ဘွားဘွားကို မတွေ့တာကြာလို့ လာစုံစမ်းကြတာနေမှာပေါ့ဟာ"

"ညီမထွေးလည်း ပထမတော့ အစ်ကိုကြီး ပြောသလိုပဲထင်မိတယ်။ နောက်မှ စဉ်းစားမိတာက တကယ်လို့ ဘွားဘွားရဲ့ မိတ်ဆွေတွေဆိုရင် ဘွားဘွားဆုံးတဲ့ သတင်းကြားလိုက်တာနဲ့ ဟုတ်လား၊ ကြားရတာ ဝမ်းနည်းလိုက်တာရှင်၊ ကျွန်မတို့ လုံးဝမသိလိုက်ဘူး၊ မတွေ့တာကြာလို့ လာစုံစမ်းတာပါလို့ ရိုးရိုးသားသားပြောရမှာပေါ့။ ခုတော့ သူတို့က မြေးဘယ်နှယောက်လဲ၊ ဘယ်သူတွေလဲ၊ မောင်သီဟဆိုတာ ဘယ်အရွယ်လောက်ရှိနေပြီလဲဆိုပြီး ဘာလို့ ဒီလောက် တောင် နိုက်နိုက်ချွတ်ချွတ် အားမနာလျှာမကျိုး မေးကြတာလဲလို့။ ဒါ သွေးရိုးသားရိုးတော့ မဟုတ်လောက်ဘူး ထင်မိတယ်"

"အဲဒီတော့ ထွေးထွေးက ဘယ်လိုထင်လို့လဲ"

"ညီမထွေးထင်တာပြောရရင် အမျိုးသမီးနှစ်ယောက်ဆို တော့ ဘွားဘွားပြောတဲ့ မိန်းမတွေနဲ့များ ပတ်သက်နေမလားလို့"

"ဟေ"

ထွေးထွေးထံမှ မမျှော်လင့်ဘဲ ကြားလိုက်ရသော စကားကြောင့် မောင်သီဟ အလွန်အံ့အားသင့်သွားမိသည်။ ထွေးထွေးအား ပါးစပ်အဟောင်းသားဖြင့် ငေးစိုက်ကြည့်မိသည်။ ပြီးမှ တစ်စုံတစ်ခုကို သတိရသွားကာ -

"ဒါနဲ့ အဲဒီအမျိုးသမီးတွေက ဘယ်အရွယ်တွေတဲ့လဲ"

မောင်သီဟက အလောတကြီး မေးလိုက်မိသည်။

"မကြူပြောတာတော့ တစ်ယောက်က နှစ်ဆယ့်တစ်နှစ်လောက်ရှိမယ်။ နောက်တစ်ယောက်က အစိတ်သုံးဆယ်လောက်ရှိနိုင်တယ်တဲ့။ နှစ်ယောက်စလုံး ခပ်ချောချောတွေပဲတဲ့"

မောင်သီဟရင်ထဲ အေးခနဲစိမ့်ခနဲဖြစ်သွားမိသည်။ အင်း- နှစ်ဆယ်နှစ်ဆယ့်တစ်ဆိုတာ သဇင်မြိုင်ရဲ့ အသက်အရွယ်လောက်ပဲ။ အစိတ်သုံးဆယ်ဆိုရင်လည်း မာလာဒေဝီရဲ့ အရွယ်ပါပဲလား။ မိမိကို လာစုံစမ်းကြတာများလား။ ဘယ်လိုကဘယ်လို ခြေရာခံမိသွားတာပါလိမ့်။ ပြီးတော့ သူတို့က ဘွားဘွားနဲ့ ဘယ်လိုပတ်သက်နေတာလဲ။ ဘွားဘွား ဒီလမ်းထဲမှာနေတာ ဘယ်လိုလုပ်သိနေကြတာလဲ။

ဒါပေမယ့် သဇင်မြိုင်နဲ့ မာလာဒေဝီတို့ အတူလာတာမျိုးတော့ မဖြစ်နိုင်ထင်သည်။ သူတို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် သိနေနိုင်ကြလို့လား။ ဒါ တော်တော်စဉ်းစားရခက်သည့်ကိစ္စ။ ကဲ- သဇင်မြိုင်နဲ့ မာလာဒေဝီတို့နှစ်ယောက် အချင်းချင်း အပြန်အလှန် သိနေကြတယ်ပဲ ထားလိုက်ပါတော့။ သူတို့နှစ်ဦးပေါင်းပြီး မိမိကို အတူတူလာစုံစမ်းတာတော့ ဘယ်နည်းနဲ့မှ မဖြစ်နိုင်။ မိမိကို တစ်ပြိုင်တည်း လာရှာစရာ အကြောင်းလည်း မရှိနိုင်။

တစ်ခုတော့ရှိသည်။

သဇင်မြိုင်သော် လည်းကောင်း၊ မာလာဒေဝီသော် လည်း

ကောင်း တစ်ယောက်ယောက်တော့ ဖြစ်ချင်ဖြစ်နိုင်သည်။ သဇင်မြိုင်ဆိုလျှင် သူ့အစ်မကြီးအရွယ် အဖော်အမျိုးသမီးတစ်ဦးနှင့် လာစုံစမ်းတာမျိုး၊ မာလာဒေဝီဆိုလျှင်လည်း ညီမအရွယ် အဖော်တစ်ယောက်နှင့် လာစုံစမ်းတာမျိုး ဖြစ်နိုင်ကောင်းသည်။

သို့တစေ သူတို့က မိမိကို ဘာအတွက် လိုက်စုံစမ်းမည်နည်း။ ဘယ်လိုအကြောင်းကိစ္စမျိုး ရှိနေနိုင်ပါမည်လဲ။ သိပ်တော့အဓိပ္ပာယ်မရှိလှချေ။

ပြီးခဲ့သော နှစ်ပတ်ခန့် ထီဖွင့်ရက် လဆန်း(၄)ရက်နေ့က သဇင်မြိုင်ကို ရွှေဘုန်းပွင့်ဘုရားတွင် သွားရောက် တွေ့ခဲ့သေးသည်ပဲ။ သူ့ဆီက ဘာမှလဲ ပြောသံမကြားခဲ့ပါလား။ သူတကယ်လာရှာတာဆိုရင် ပြောပြရမှာပေါ့။

မာလာဒေဝီလည်း ထိုနည်းလည်းကောင်းပဲ၊ တုံဏှိဘာဝေပါပဲ။ ဘာမှ ပြောသံမကြားရ။ သူ မိမိကိုလာရှာခဲ့တာ မဟုတ်လို့နေမှာပေါ့။ ဤကိစ္စကို မသိကျိုးကျွန်ပြုကာ ဘာမှဖုံးကွယ်ထားစရာအကြောင်းရှိသည်လည်း မဟုတ်။

စဉ်းစားစရာတစ်ခုတော့ရှိသည်။

သည်တစ်ခေါက် သဇင်မြိုင်ရော မာလာဒေဝီပါ မိမိကို ဆက်ဆံပုံ ဖော်ဖော်ရွှေရွှေရှိလှသည်။ မိတ်ဟောင်းဆွေဟောင်းလို တရင်းတနှီးဖြစ်နေသည်။ ပြီးတော့ အံ့ဩစရာကောင်းသည်က မိမိ ၊ာမည်ကို နှစ်ယောက်စလုံးက သိနေကြခြင်းပင်။

ကြည့်စမ်း။ ဘယ်လိုဖြစ်လို့ သူတို့နှစ်ယောက်လုံးက မိမိနာမည်ကိုသိနေကြရတာလဲ။ ထွေးထွေးပြောသလိုမျိုး ဖြစ်နေပြီလား။ ဒါဆိုလည်း သူတို့ မိမိကို အသိပေးသင့်ကြသည် မဟုတ်လား။

မောင်သီဟက သက်ပြင်းမောတစ်လုံးကို ရှည်လျားစွာ ရှူထုတ်လိုက်မိသည်။ ဤကိစ္စက တွေးလိုက်တိုင်း မုန့်လုံးစက္ကူကပ်သလို ချာချာလည်လှသည်။ ကြာလျှင် ဦးနှောက်ပျက်မှာစိုးရသည်။ ရင်မောရပါလားကွယ်။

ဘာပဲဖြစ်ဖြစ် သည်တစ်ပတ် ထီဖွင့်ချိန်မှာတော့ ဒီအမျိုးသမီးနှစ်ယောက်နှင့် တော့တော့ဆိုင်ဆိုင်တွေ့ပြီး ပွင့်ပွင့်လင်းလင်း မေးမြန်းရတော့မည်။

သို့သော်လည်း တစ်ခုတော့ အထူးသတိထားရမည်၊ တုတ်

ထိုးအိုးပေါက် တဲ့တိုးကြီးတော့ သွားမေးလို့မဖြစ်။ အလွန် ညင်သာပျော့ပျောင်းသောလေသံ၊ နူးညံ့သိမ်မွေ့သော စကားအသုံးအနှုန်း၊ ယဉ်ကျေးပျူငှာသော အမူအရာတို့ဖြင့် မိမိရည်မှန်းချက်မပျောက်အောင် ဆက်ဆံမိရန် အရေးကြီးလှသည်။

မိမိအနေနှင့် သဇင်မြိုင်ထံမှ သောင်းတန်ငွေလက်ပတ်နာရီနှင့် မာလာဒေဝီထံမှ သိန်းတန်ငွေလက်ပတ်နာရီတို့ကို တရားသောနည်းလမ်းဖြင့် လက်ဝယ်ခိုင်ခိုင် ပိုင်ဆိုင်ရယူလိုနေသည် မဟုတ်ပါလား။

✿✿✿

## အခန်း (၈)
## သာသနာလမ်းကြောင်းအတွင်းကလူ

"အစ်ကို့ကို ဒီရွှေဘုန်းပွင့်ဘုရား စနေထောင့်မှာ စတွေ့လိုက်ကတည်းက အစ်ကိုဟာ ထောင်တန်ငွေလက်ပတ်နာရီပိုင်ရှင်ဖြစ်ရမယ်လို့ ကျွန်မတွက်ပြီးသားပါ အစ်ကို"

"ဗျာ- ဘယ်လို၊ ဘာကြောင့် တွေ့တွေ့ချင်း ဒီလိုတွက်နိုင်ရတာလဲ သဇင်မြိုင်"

"ဒီငွေလက်ပတ်နာရီတွေကို သာသနာလမ်းကြောင်းရဲ့ပြင်ပကလူတွေ ဘယ်သူမှ သာမန်မျက်စိနဲ့ ကြည့်လို့မမြင်နိုင်ဘူး အစ်ကို။ ဒီနာရီတွေကို သူခိုးရှေ့မှာ ချပေးထားရင်တောင်မှ မမြင်ရတာနဲ့ မယူနိုင်ဘဲ ထားခဲ့ရမှာလေ"

"ဟုတ်လား"

"အဲဒီငွေနာရီကို ငွေလင်ပန်းထဲမှာ သစ်သီးခုနစ်မျိုးနဲ့ရောထွေး ပူဇော်ထားတာတောင်မှ အစ်ကိုက ချက်ချင်း မြင်တယ်။ အစ်ကို တကယ်မြင်တာ ဟုတ်၊ မဟုတ် သေချာအောင် အစ်ကို့ရှေ့မှာ ငွေနာရီကို ငွေလင်ပန်းထဲကနေ အိတ်ထဲပြောင်းအထည့်မှာ အစ်ကို့မျက်လုံးတွေကို လိုက်ကြည့်တော့ အစ်ကိုဟာ ငွေနာရီကို တကယ် တပ်အပ်မြင်သွားတာ တွေ့လိုက်ရတယ်လေ"

"ဩော်- သဇင်မြိုင်က ဒါကြောင့် ငွေနာရီကို အိတ်ထဲပြောင်းထည့်တိုင်း ကျွန်တော့်မျက်လုံးကို မျက်တောင်မခတ်ကြည့်

နေတာကိုး"

၁၉၈၁ ခုနှစ်၊ မတ်လ(၄)ရက်နေ့၊ နံနက်(၁၀း၃၀)နာရီခန့် ရွှေဘုန်းပွင့်ဘုရား စနေထောင့်ရှေ့ရှိ တန်ဆောင်းတွင်း၌ ဖြစ်၏။ ထိုနေ့သည် အောင်ဘာလေထီဖွင့်လှစ်နေသော ဒုတိယနေ့ ဖြစ်၏။ မောင်သီဟက ထုံးစံအတိုင်း နံနက်(၈း၃၀)နာရီခန့်ကစ၍ သဇင်မြိုင်အား စောင့်ကြိုလာခဲ့ပြီး စနေထောင့်တွင် အဓိဋ္ဌာန်ဝင်ပြီးသည် အထိ လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးနေခဲ့သည်။

သဇင်မြိုင်အနေနှင့်လည်း မောင်သီဟ၏ ကူညီပေးနေမှုကို ငြင်းပယ်ခြင်းမပြုသည့်အပြင် ခါတိုင်းထက်ပင် ယနေ့မှ ထူးထူးခြားခြား လိုက်လိုက်လျောလျော လက်ခံဆက်ခံခဲ့ကြောင်း တွေ့ရ၏။ ယင်းသို့ ထူးထူးခြားခြား ဆက်ဆံခဲ့သည့်နည်းတူ သူမ၏ အဓိဋ္ဌာန်ဝင်ခြင်းကိစ္စများ ပြီးစီးသွားသည်နှင့် မောင်သီဟအား ထူးထူးခြားခြားစကားများ စတင်ပြောလိုက်ခြင်း ဖြစ်၏။

မောင်သီဟသည် သဇင်မြိုင်ထံမှ ကြားလိုက်ရသော ဆန်းကြယ်လှသည့်စကားများကြောင့် တအံ့တဩဖြစ်ကာ မယုံတစ်ဝက် ယုံတစ်ဝက်ဖြစ်နေလေသည်။ အထူးသဖြင့် ဤငွေလက်ပတ်နာရီများကို သာသနာ့လမ်းကြောင်း၏ပြင်ပမှလူများ သာမန်မျက်စိဖြင့် မမြင်နိုင်ဆိုသောစကားမှာ ထူးခြားဆန်းကြယ်လှသည်။

သို့ဆိုလျှင် မိမိက ဘာဖြစ်လို့ ဤငွေလက်ပတ်နာရီကို မြင်တွေ့နိုင်ရပါသလဲ။ သာသနာ့လမ်းကြောင်းဆိုတာ ဘာလဲ။

"ဒါနဲ့ သာသနာ့လမ်းကြောင်းဆိုတာက ဘာအဓိပ္ပာယ်လဲ မသဇင်မြိုင်"

သဇင်မြိုင်က မောင်သီဟအား ဆရာမက တပည့်ကို ကြည့်သော အကြည့်မျိုးဖြင့် ကြည့်လိုက်သည်။

"အစ်ကိုကလည်း ကျွန်မတို့ အစ်ကိုတို့ဟာ အခု ဗုဒ္ဓသာသနာပြုနေကြတာ မဟုတ်လားရှင်"

"ဗျာ"

"ဪ- သုံးလတစ်ကြိမ် ထီပေါက်လို့ရတဲ့ငွေထဲက ငါးပုံတစ်ပုံကို စေတီတော်တွေ ရွှေသင်္ကန်းကပ်နိုင်ဖို့ မပျက်မကွက် လှူဒါန်းနေကြတာဟာ သာသနာပြုနေကြတာပဲ မဟုတ်လား အစ်ကို"

"အင်း- အဲဒီလိုပြောရင်တော့ ဟုတ်ပါတယ်"

"သာသနာလမ်းကြောင်းဆိုတာက အလွန်တရာ ကျယ်ပြန့်လွန်းတယ်တဲ့ အစ်ကို။ ဒါကို ကျွန်မ အစ်ကိုနားလည်အောင် အကျယ်တဝင့် ရှင်းမပြတတ်ဘူး။ ကျွန်မ ဉာဏ်မီသလောက်ပြောရရင် ဒီဘဒ္ဒကမ္ဘာမှာ ပွင့်တော်မူခဲ့ကြတဲ့ ကကုသန်၊ ကောဏာဂုံ၊ ကဿပနဲ့ ဂေါတမဘုရားရှင်တွေ အဆက်ဆက် အဲဒီဘုရားရှင်တွေကို ကိုယ်တိုင်ဖူးမြော်ခဲ့ရပြီး ဗုဒ္ဓသာသနာပြုခဲ့ကြတဲ့ ဒါယကာ၊ ဒါယိကာမတွေ ရှိတယ်တဲ့။ အဲဒီပုဂ္ဂိုလ်တွေဟာ နောင်ပွင့်မယ့် အရိမေတ္တေယျဘုရားရှင်လက်ထက်တော်ကျရင်လည်း ကိုယ်တိုင် ဖူးတွေ့ခွင့်ရပြီး ဗုဒ္ဓသာသနာ ဆက်ပြုနေကြရဦးမှာတဲ့။ သဘောကတော့ အဲဒီအလှူရှင် ဒါယကာ၊ ဒါယိကာမ စတဲ့ ပုဂ္ဂိုလ်ထူးတွေဟာ ဒီဘဒ္ဒကမ္ဘာမှာ ဘဝဘဝပေါင်းများစွာ လူ့ဘဝကို ရရှိခဲ့ကြသူတွေပါ။ အဲဒီလို လူ့ဘဝကိုပြန်ရခဲ့တဲ့ အချိန်တိုင်းမှာ ဗုဒ္ဓဘုရားတွေပွင့်တာနဲ့ကြုံပြီး ဘုရားရှင်တွေကို ကိုယ်တိုင်ဖူးတွေ့ရတဲ့ ပုဂ္ဂိုလ်ထူးတွေ ဖြစ်တယ်။ အဲဒီလို ပုဂ္ဂိုလ်မျိုးတွေကို သာသနာလမ်းကြောင်းအတွင်းကလူတွေလို့ ခေါ်တယ်တဲ့ အစ်ကို"

"ဒါဆို အစ်ကိုတို့လည်း အဲဒီသာသနာလမ်းကြောင်းထဲက အတွင်းလူထဲမှာ ပါနေကြတာများလား"

"အဲဒီကိစ္စကို ကျွန်မရဲ့ ဘိုးဘိုးစကားနဲ့ပြောရရင် အဲဒီဘုရားရှင်တွေကို ကိုယ်တိုင် မဖူးတွေ့ခဲ့ရရင်တောင်မှ ကိုယ့်ရဲ့ဆွေခုနစ်ဆက်ဖြစ်တဲ့ ဘ၊ ဘိုး၊ ဘေး၊ ဘီ၊ ဘင်၊ ဘောင်၊ ဘောထဲက တစ်ယောက်ယောက်သော်လည်းကောင်း မျိုးခုနစ်ဆက်ဖြစ်တဲ့ သား၊ မြေး၊ မြစ်၊ တီ၊ တွတ်၊ ကျွတ်တွေထဲက တစ်ယောက်ကသော်လည်းကောင်း ဘုရားရှင်တွေကို ကိုယ်တိုင်ဖူးတွေ့ခဲ့ကြရလိမ့်မယ်တဲ့"

"ဩော်"

"အဲဒါကြောင့် အစ်ကိုတို့ ကျွန်မတို့ဟာ ဒီငွေလက်ပံတ်နာဂ်တွေကို ပိုင်ဆိုင်ခွင့်ရပြီး သာသနာပြုနေကြရတာကိုကြည့်ရင် ကိုယ်ကိုယ်တိုင်ဖြစ်ဖြစ်၊ ကိုယ့်ရဲ့ ဆွေခုနစ်ဆက် မျိုး

ခုနစ်ဆက်ထဲကဖြစ်ဖြစ် ဘုရားရှင်တွေကို ဖူးတွေ့ခဲ့ကြရသူတွေပါ။ အဲဒီလို လာမယ့် အရိမေတ္တယျဘုရားရှင် ပွင့်တော်မူတဲ့အခါမှာလည်း ကိုယ်တိုင်ဖြစ်စေ၊ ဆွေခုနစ်ဆက် မျိုးခုနစ်ဆက်ထဲကဖြစ်စေ ဘုရားရှင်ကို ဖူးတွေ့နိုင်မယ့် သာသနာလမ်းကြောင်းထဲက သာသနာပြုနေကြတဲ့ အတွင်းလူတွေဖြစ်တယ်တဲ့ အစ်ကို"

မောင်သီဟက ခေါင်းတဆတ်ဆတ်ညိတ်ပြလိုက်သည်။

"အင်း- မသဇင်မြိုင် အကျိုးနဲ့အကြောင်းနဲ့ ရှင်းပြလိုက်တော့လည်း နားလည်သလိုလိုတော့ရှိသား။ ဒါပေမယ့် ကျွန်တော် မရှင်းတာတစ်ခုရှိတယ်"

"ဘာများလဲ အစ်ကို"

"မသဇင်မြိုင်တော့ မသိဘူး၊ ကျွန်တော်ကတော့ ဗုဒ္ဓဘာသာဆိုပေမယ့် သာမန် ဘုရားရှိခိုးတာလောက် နေ့ကြီးရက်ကြီးဝါဝင်ဝါထွက်မှာ ဥပုသ်တစ်ခါတလေ စောင့်တာလောက်ပဲရှိခဲ့တယ်။ နက်နက်နဲနဲ ပုတီးစိပ်တာမျိုး၊ တရားစခန်းဝင်တာမျိုး ခုထိ တစ်ခါမှ မလုပ်ဖူးသေးဘူး။ အဲဒါနဲ့တောင်မှတကယ် သာသနာပြုပုဂ္ဂိုလ်ထူးတွေသာ ရသင့်တဲ့ ဒီငွေလက်ပတ်နာရီဆန်းက ကျွန်တော့်လက်ထဲ ဘာကြောင့်ရောက်လာနိုင်တာလဲ"

မသဇင်မြိုင်က မောင်သီဟအား စိတ်မရှည်သော ဆရာမက ထုံထိုင်းသောတပည့်ကို မကျေမချမ်းပုံမျိုး ကြည့်လိုက်သည်။

"ဒါက ဒီလိုရှိတယ်လေ အစ်ကိုရဲ့၊ အစ်ကိုရဲ့ လက်ရှိအသက်အရွယ်နဲ့ ဘာသာရေးလိုက်စားမှု အားနည်းချက်ကို ကြည့်လို့မရဘူး။ ဟိုးအတိတ်ဘဝအဆက်ဆက်က ပြုခဲ့ဖူးတဲ့ ကောင်းမှုကုသိုလ်တွေကို ကြည့်ဖို့လိုတယ်။ အစ်ကို့အနေနဲ့ ထီတစ်ခါဖွင့်တိုင်း ဝင်ငွေတစ်သိန်းနှစ်သောင်း အသားတင်ကျန်နိုင်တဲ့ ထောင်တန်ငွေလက်ပတ်နာရီဆန်းကို ပိုင်ဆိုင်ခွင့်ရတာဟာ ဒီဘဝရဲ့ လုပ်ဆောင်ချက်နဲ့ မဆိုင်ဘူး။ ရှေးဘဝက လှူဒါန်းခဲ့တဲ့ အသီး၊ အပွင့်တွေကို အခုဘဝမှာ လာပြီး ခံစားနေရတာ ဖြစ်တယ်"

"အင်း- ဒီလိုဆိုတော့လည်း ဟုတ်ပါတယ်"

"ကျွန်မကိုကြည့်၊ ညီအစ်ကိုမောင်နှမငါးယောက်ထဲမှာ ကျွန်မက နံပါတ်သုံးလေ။ ဘိုးဘိုးက သူကွယ်လွန်ခါနီး တစ်နေ့မှာ ကျွန်မကိုခေါ်ပြီး ဒီသောင်းတန် ငွေလက်ပတ်နာရီကို ဘယ်သူမှမသိအောင် လျှို့လျှို့ဝှက်ဝှက်ရှင်းပြပြီး တိတ်တဆိတ်အပ်ခဲ့တာသာကြည့်တော့။ ဘိုးဘိုးက သူ့သားသမီးတွေကိုလည်း မပေးခဲ့ဘူး။ ကျွန်မကိုမှ ရွေးပြီးအပ်ခဲ့တာဟာ ကျွန်မရဲ့ ရှေးကုသိုလ်ကြောင့်ပဲပေါ့ အစ်ကို"

"ဆက်ပြောပါဦး မသဇင်မြိုင်"

"အစ်ကိုဆိုရင်လည်းကြည့်၊ မြေးသုံးယောက်ရှိတဲ့အထဲမှာ ကျွန်မလို အငယ်ကိုမပေးဘဲ အကြီးဆုံးဖြစ်တဲ့ အစ်ကို့ကိုမှ ဘွားဘွားက ပေးခဲ့တာမဟုတ်လား"

မောင်သီဟ၏ မျက်ခုံးနှစ်ဖက် မြင့်တက်သွားသည်။ သဇင်မြိုင်ကိုလည်း မျက်လုံးကြီးများပြူး၍ စိုက်ကြည့်မိသည်။

"နေ. . . နေပါဦး မသဇင်မြိုင်။ ကျွန်တော်က မြေးအကြီးဆုံးဖြစ်တာရယ်၊ ဒီငွေလက်ပတ်နာရီကို ကျွန်တော့်ဘွားဘွားကပေးခဲ့တာရယ်၊ ဒါတွေကို မသဇင်မြိုင် ဘယ်လိုလုပ်သိနေတာလဲဟင်"

သဇင်မြိုင်က သူ၏ ညီညာ၍ဖြူဖွေးနေသော သွားများပေါ်လာသည်အထိ အားရပါးရပြုံးလိုက်သည်။

"အမှန်တော့ အစ်ကို့ရဲ့ဘွားဘွားနဲ့ ကျွန်မတို့က သာသနာပြုဖက် မိတ်ဟောင်းဆွေဟောင်းတွေပါ"

"ဘယ်. . . ဘယ်လို မသဇင်မြိုင်"

မောင်သီဟက အလွန် အံ့အားသင့်နေသည်။

"ဟိုးလွန်ခဲ့တဲ့ ငါးနှစ်၊ ခြောက်နှစ်လောက်က ဟော်ဒီရွှေဘုန်းပွင့်ဘုရားက စနေထောင့်မှာ ထီဖွင့်တဲ့ ဒုတိယနေ့မနက်(၉)နာရီအချိန် ကျွန်မ အဓိဋ္ဌာန်ဝင်နေတုန်း နှင်းဆီပန်းရနံ့ သင်းသင်းစူးစူးလေးရတာနဲ့ မျက်လုံးတစ်ဝက်လောက် ဖွင့်ကြည့်မိတယ်။ အဲဒီမှာ နှင်းဆီပန်း အပွင့်ရဲရဲကြီးတစ်ပွင့်ပန်ထားတဲ့ ဘွားဘွားက စားပွဲဝိုင်းပေါ်မှာရှိတဲ့ ငွေလင်ပန်းထဲက ငွေလက်ပတ်နာရီဆန်းကို သေသေချာချာစူးစူးစိုက်စိုက်ကြည့်နေတာကိုး"

"ဩော်"

"အဲဒီကတည်းက ထောင်တန်ငွေလက်ပတ်နာရီဆန်းဟာ ဟိုစိန်ပွဲစား ဒေါ်တင်မကြီးလက်ထဲကနေ ဘွားဘွား ဒေါ်ငြိမ်းခင်လက်ထဲ ရောက်သွားပြီလို့ သိလိုက်တယ်လေ"

"ဟုတ်လား၊ ဒါဖြင့် အဲဒီဒေါ်တင်မကြီးဆိုတာနဲ့ ဘွားဘွားတို့ ဘယ်လိုပတ်သက်ခဲ့ကြတာလဲ"

"ဟင့်အင်း - အဲဒီအထိတော့ ကျွန်မ မသိဘူး။ ကျွန်မ လက်ထဲကို ဘိုးဘိုး သောင်းတန်ငွေလက်ပတ်နာရီဆန်း အပ်ခဲ့တာ အခုဆို ကိုးနှစ်လောက်ကြာခဲ့ပြီ။ အဲဒီအချိန်က ဘိုးဘိုးပြောပြထားခဲ့လို့ ထောင်တန်ငွေလက်ပတ်နာရီဟာ ဒေါ်တင်မကြီး လက်ထဲမှာရှိနေတယ်လို့ သိခဲ့ရတာ။ ဒေါ်တင်မကြီးကိုတော့ ထီဆိုင်တွေမှာထီထိုးရင်း တစ်ခါ၊ နှစ်ခါ လောက် တွေ့ဖူးလိုက်ပါတယ်။ လွန်ခဲ့တဲ့ ခြောက်နှစ်ကျော် လောက်က ဆုံးသွားပြီကြားရတော့ သူ့ငွေလက်ပတ်နာရီ ဘယ်သူ့ဆီများရောက်နေမလဲလို့ စိတ်ဝင်စားခဲ့တာပေါ့။ မကြာပါဘူး၊ ခုနပြောသလို အစ်ကို့ဘွားဘွားလက်ထဲ ရောက်နေတာ သိလိုက်ရတာပါပဲ"

"မသဇင်မြိုင်နဲ့ ဘွားဘွားနဲ့ တော်တော် ရင်းနှီးခဲ့ကြတာ လား"

"အဲ - ဘယ်လိုပြောရမလဲ၊ သိပ်ရင်းရင်းနှီးနှီးကြီးတော့ မဟုတ်ပါဘူး။ သာသနာလမ်းကြောင်းပေါ်က အတွင်းလူ အချင်းချင်း အသိအမှတ်ပြု မိတ်ဆက်ကြရုံလောက်ပါပဲ"

"အင်း- ပြောပါဦး"

"ဒီလိုနဲ့ မနှစ်က စက်တင်ဘာလ(၄)ရက်နေ့မနက် ရွှေဘုန်းပွင့်ဘုရားကို အစ်ကို ရုတ်တရက်ရောက်လာတော့ ကျွန်မ အတော်အံ့အားသင့်သွားမိတယ်။ အစ်ကိုက ငွေလင်ပန်းထဲက ငွေလက်ပတ်နာရီကို သေချာဖြင့်နေမှန်းသိလိုက်တော့ ဒါ ဘွားဘွားနဲ့ပတ်သက်ရမယ်လို့ တွေးမိလိုက်တယ်။ အဲဒါကြောင့် မနှစ်က ဒီဇင်ဘာလ(၃)ရက်နေ့ ထီစဖွင့်တဲ့ရက်မှာ ဗိုလ်တထောင်ဘုရား စနေထောင့်မှ , မနက်(၉)နာရီတိတိ သွားကြည့်တော့ အစ်ကို အမိဋ္ဌာန်ဝင်နေတာ တန်းတွေ့

တော့တာပေါ့။ အဲဒီနေ့က အစ်ကို့နောက်က နောက်ယောင်ခံလိုက်လာပြီး အစ်ကိုတို့လမ်းထိပ်က ဆိုင်တစ်ဆိုင်မှာ စုံစမ်းကြည့်တော့မှပဲ အစ်ကို့ဘွားဘွား ဆုံးသွားပြီဆိုတာရယ်၊ အစ်ကို့နာမည် မောင်သီဟဆိုတာရယ် သိခဲ့ရတယ်လေ"

မောင်သီဟက အခုမှ ထွေးထွေးပြောစကားနှင့် ဆက်စပ်စဉ်းစားမိသည်။

"ဟုတ်ပြီ၊ အဲဒီတုန်းက လမ်းထိပ်မှာ လာစုံစမ်းတုန်းက အမျိုးသမီးနှစ်ယောက်လို့ကြားတယ်။ နောက်တစ်ယောက်က အသက် အစိတ်သုံးဆယ်လောက်ရှိပြီတဲ့။ အဲဒါဘယ်သူလဲ"

သဇင်မြိုင်၏ နှုတ်ခမ်းနှစ်လွှာမှာ ဝလုံးတစ်လုံးလို ဝိုင်းသွားသည်။ သူတို့တန်ပြန်ထောက်လှမ်းရေးကလည်း တယ်ကောင်းပါလားဟု တွေးလိုက်မိသည်။ ခဏနေမှ -

"ဟုတ်တယ် အစ်ကို။ အဲဒီနေ့က အစ်မတစ်ယောက် အဖော်ခေါ်သွားတယ်လေ"

ထင်သည့်အတိုင်းပင် သူ့အစ်မတစ်ယောက်ပါတဲ့။ ဒါပဲဖြစ်နိုင်ပေမည်ပေါ့။ မာလာဒေဝီနဲ့ အတူလာတာတော့ ဖြစ်နိုင်စရာအကြောင်းမရှိချေ။ ရင်ထဲတော့ နည်းနည်းပေါ့သွားသည်။

"အင်း- မသဇင်မြိုင်ရှင်းပြမှပဲ တဖြည်းဖြည်း ဇာတ်ရည်လာတော့တယ်။ ဒါနဲ့ ဒီငွေလက်ပတ်နာရီကို တခြားလူကြည့်လို့ တကယ် မမြင်ရဘူးလား"

"ဟုတ်တယ် အစ်ကို၊ ဒါ သာသနာနဲ့ မဆိုင်တဲ့လူ မသမာသူတွေလက်ထဲ ရောက်မသွားနိုင်အောင် စီရင်ကာကွယ်ထားတာလေ"

"ဒါနဲ့ ဒီသောင်းတန်ငွေလက်ပတ်နာရီကို မသဇင်မြိုင်ရဲ့ ဘိုးဘိုးက ဘယ်ကနေရတာတဲ့လဲ"

"အင်း- အဲဒါတော့ ဘိုးဘိုးက ကျွန်မကို သေချာရှင်းမပြခဲ့ဘူး။ ဘိုးဘိုးပြောပုံအရတော့ ဝတ်ဖြူစင်ကြယ်နဲ့ သူတော်စင်ကြီးတစ်ယောက်က ပေးသွားတယ်ဆိုလားပဲ"

ထိုစဉ် မောင်သီဟ ရှေ့နှေးနှေးတို့၊ ထွေးထွေးတို့ အိပ်မက်ထဲက ဘွားဘွားပြောသွားသော သဇင်မြိုင်နှင့် ပတ်သက်သည်များကို

သတိရမိသည်။ သဇင်မြိုင်တို့မိသားစုက ရှေးရိုးဆန်၍ အယူသီးကြသည်။ သဇင်မြိုင်ကတော့ မိမိအပေါ် မေတ္တာသက်ဝင်နေသည်တဲ့။ စမ်းတော့စမ်းကြည့်သင့်သည်။

"ဒါနဲ့ ရင်းရင်းနှီးနှီးမေးရဦးမယ်။ မသဇင်မြိုင် အခုဘာလုပ်နေလဲ၊ ကျောင်းတက်နေတုန်းလား"

သဇင်မြိုင်က ခေါင်းခါပြသည်။

"ဟင့်အင်း- ကျွန်မက ပညာရေးဘက်မှာအားနည်းတယ်။ ဆယ်တန်းနှစ်ခါကျကတည်းက ကျောင်းထွက်လိုက်တယ်လေ။ အိမ်မှာပဲ မိဘနှစ်ပါးကိုပြုစုရင်း အချိန်ကုန်နေရတာပါ။ အလုပ်ကတော့ အစ်ကိုသိတဲ့အတိုင်း လုပ်စရာမလိုဘူးလေ။ မိဘနဲ့ ညီအစ်ကိုမောင်နှမတွေကိုတော့ အစ်ကိုဘွားဘွားလိုပဲ စိန်ပွဲစားလုပ်နေသလို သတင်းလွှင့်ရတာပေါ့လေ။ ဒီကိစ္စက သာသနာလမ်းကြောင်းပြင်ပကို ပေါက်ကြားလို့မရဘူး မဟုတ်လား"

မောင်သီဟက တံတွေးတစ်ချက်မျို၍ မေးလိုက်သည်။

"အိမ်ထောင်တွေဘာတွေပြုဖို့ကော မစဉ်းစားသေးဘူးလား"

သဇင်မြိုင်က ခေါင်းငုံ့သွားသည်။ ပြီးမှ -

"ကျွန်မအသက်က ငယ်ပါသေးတယ်၊ ဒါတွေ မစဉ်းစားချင်သေးပါဘူး"

"ဟို- ချစ်သူတွေဘာတွေရှိမှာပေါ့နော်"

သဇင်မြိုင် မျက်နှာပြင် ရဲခနဲဖြစ်သွားသည်။

"အို- အစ်ကိုကလည်း ပေါက်ပေါက်ရှာရှာ အိမ်ထောင်ရေးတောင် မစဉ်းစားသေးပါဘူးဆိုမှပဲ။ ဘယ်ကလာ ချစ်သူရှိရမှာတုံး"

"မောင်သီဟက အရဲစွန့်၍ ပြောလိုက်သည်။

"အစ်ကိုကတော့ မသဇင်မြိုင်ကို စတွေ့နေ့ကစပြီး စိတ်ဝင်စားနေမိတာ ကြာခဲ့ပါပြီ။ အဲ. . . အဲဒါ မသဇင်မြိုင် ဘယ်လိုသဘောရလဲဟင်"

သဇင်မြိုင်က သွေးရောင်လွှမ်းနေသောမျက်နှာကို ခေါင်းငုံ့ကာ ကွယ်ဝှက်ထားလိုက်သည်။ မောင်သီဟ၏ စကားအပေါ် မလိုလားဟန်မပြသော်လည်း လက်ခံလိုသည့် အမူအရာမျိုးလည်း

မတွေ့ရ။ အတန်ငယ်ကြာအောင် ခေါင်းငုံ့နေပြီးမှ သက်ပြင်းရှည်တစ်လုံး မသိမသာ ရှိုက်ထုတ်လိုက်ဟန်ရှိ၏။

ခဏနေမှ လေသံတိုးတိုးဖြင့် -

"ကျွန်မလည်းသိနေပါတယ် အစ်ကိုရယ်၊ ဒါပေမယ့်"

မောင်သီဟက အားမလိုအားမရဖြင့် -

"ဒါပေမယ့် ဘာဖြစ်လို့လဲ မသဇင်မြိုင်"

"ကျွန်မဘဝက ကိုယ့်ကိုယ်ကိုယ်မပိုင်တဲ့ဘဝပါ"

"ဗျာ- ဘယ်လို"

"ဩော် - ဒီလိုပါ အစ်ကို၊ ကျွန်မအထက်က အစ်မနှစ်ယောက်က အိမ်ထောင်ကျသွားလို့ အိမ်ခွဲနေကြတယ်လေ။ ကျွန်မအောက်မှာက ယောကျာ်းလေးနှစ်ယောက်ဆိုတော့ ဒီအိမ်မှာ မိန်းကလေးဆိုလို့ ကျွန်မပဲကျန်တော့တာပေါ့။ မိဘတွေကလည်း အားကိုးစရာ ကျွန်မတစ်ယောက်တည်းကျန်တော့ အိမ်ထောင်မပြုစေချင်ကြဘူး။ တစ်သက်လုံးသေတစ်ပန်သက်တစ်ဆုံး မိဘနားမှာပဲ ပြုစုပြီးနေသွားစေချင်ကြတယ်။ အဲဒါ ကျွန်မလည်း မိဘတွေ စိတ်ချမ်းသာပါစေတော့ဆိုပြီး မနှစ်က ကတိပေးခဲ့မိတယ်"

"ဘယ်. . . ဘယ်လိုကတိပေးခဲ့တာလဲ"

မောင်သီဟက စိုးရိမ်ကြီးစွာ မေးလိုက်သည်။

သဇင်မြိုင်က ခပ်တိုးတိုးလေး ငိုသံစွက်၍ ပြောသည်။

"ဒီတစ်သက် အိမ်ထောင်မပြုတော့ဘူးလို့ပါ"

သွားပြီ။ လမ်းဆုံးလေပြီ။ မျှော်လင့်စရာပင် ရှိနိုင်တော့မည်မထင်။

ထိုအခိုက် သဇင်မြိုင်ထံမှ ရှိုက်သံတစ်ချက် လွင့်ပျံ့ထွက်လာသည်။ ငိုရှိုက်ခြင်းမှာ ဝမ်းနည်း၍သာ ဖြစ်ပေမည်။ သို့သော်လည်း လူတို့သည် တစ်ခါတစ်ရံတွင် ဝမ်းသာလွန်းလျှင်လည်း မျက်ရည်ကျတတ်ကြသေးသည် မဟုတ်လား။ ယခု ငိုရှိုက်သံကကော ဝမ်းနည်း၍လား၊ ဝမ်းသာ၍လား မောင်သီဟ မဝေခွဲတတ်။

"ကဲပါလေ- ဒီအကြောင်းပြောမိတာ အားနာစရာ။ စိတ်မကောင်းစရာများဖြစ်သွားပြီလား မသိဘူး"

သဇင်မြိုင်က မျက်ရည်များကြားက ပြုံးပြသည်။

"ရပါတယ် ကိစ္စမရှိပါဘူးအစ်ကိုရယ်။ အစ်ကို့ဘက်ကမှန်ပါတယ်။ ကျွန်မကသာ ကိုယ့်ဒုက္ခနဲ့ကိုယ်ဖြစ်နေလို့ အစ်ကို့ခံစားချက်ကို မတုံ့ပြန်မကူညီနိုင်တာကို ခွင့်လွှတ်ပါရှင်"

မောင်သီဟက သူ၏ မူလရည်ရွယ်ချက်ကို ဤနေရာတွင် အကောင်အထည်ဖော်ကြည့်သင့်ပြီဟု ဆုံးဖြတ်လိုက်သည်။

"အင်းလေ- ဒါတွေထားပါတော့။ မသဇင်မြိုင်အနေနဲ့ ကျွန်တော့်ကို တစ်ခုတော့ အကူအညီပေးနိုင်လိမ့်မယ် ထင်ပါတယ်"

"ဘာများလဲ အစ်ကိုရယ်၊ ကျွန်မတတ်နိုင်တာဆိုရင် ကူညီဖို့ အဆင်သင့်ပါပဲရှင်"

မောင်သီဟက ချောင်းတစ်ချက် ဟန့်လိုက်သည်။

"ကျွန်တော်လေ ဘွားဘွား ဆုံးပြီးကတည်းက ဘွားဘွားပေးခဲ့တဲ့ ထောင်တန်ငွေလက်ပတ်နာရီနဲ့ ထီထိုးလာခဲ့ဟာ အခုဆိုရင် နှစ်ပတ်လည်လာပြီပေါ့လေ။ အမှန်အတိုင်းပြောရရင် လောဘတက်တာတော့မဟုတ်ဘူးနော်။ လောဘတက်ရင်လည်း ကီလေသာ(၁၀)ပါးနဲ့ ငြိသွားမှာနော်"

"ဟုတ်ကဲ့ ပြောပါ အစ်ကို"

"အဲ- ဘယ်လိုပြောရမလဲ။ ကျွန်တော့်စိတ်ထဲ ဒီထောင်တန်ငွေလက်ပတ်နာရီနဲ့ ထီတစ်ခါဖွင့်အတွက် ထီအစောင်(၃၀) ထိုးပြီး တစ်စောင်ငါးထောင်နှုန်းနဲ့ ပေါက်လို့ရတဲ့ ငွေတစ်သိန်းခွဲကိုထုတ်ယူ၊ ရွှေသက်န်းအတွက် သုံးသောင်းကိုလှူ၊ ကျန်တဲ့ငွေ တစ်သိန်းနှစ်သောင်းကို လိုရာသုံး၊ ကျွန်တော် အဲဒီလိုလုပ်လာခဲ့တာ ငါးကြိမ်ရှိပြီဆိုတော့ ပြောရရင် တော်တော်လေး ငြီးငွေ့လာပြီဗျာ"

"ဩော်- အဲဒါ အစ်ကိုက ဘယ်လိုလုပ်ချင်လို့လဲ"

"ပြောရရင် ကျွန်တော်ပဲ လွန်နေမလား မသိဘူး"

"ဘာကိုလွန်မှာလဲ အစ်ကို၊ ပြောမှသိမှာပေါ့"

"ဒီလိုပါ မသဇင်မြိုင်။ ဖြစ်နိုင်မလား၊ မဖြစ်နိုင်ဘူးလားမသိဘူး။ ကျွန်တော် မသဇင်မြိုင်ဆီက သောင်းတန်ငွေလက်ပတ်နာရီကို တစ်ကြိမ်လောက်ငှားချင်တယ်။ အဲဒါနဲ့ ထီတွေလိုက်ထိုးပြီးပေါက်တဲ့ ငွေဆယ်သိန်းကို ကျွန်တော်ကိုယ်တိုင်

ထုတ်ယူပြီး ရွှေဘုန်းပွင့်ဘုရားမှာ ငွေနှစ်သိန်းကို လှူဒါန်းချင်တယ်။ ဒါပေမယ့် ကျွန်တော့်နာမည်နဲ့ မဟုတ်ဘူးနော်၊ မသဇင်မြိုင်နာမည်နဲ့ပါ။ ပြီးတော့ ငွေရှစ်သိန်းရယ်၊ သောင်းတန် ငွေလက်ပတ်နာရီရယ်ကို ကျွန်တော်ကိုယ်တိုင် မသဇင်မြိုင်လက်ထဲ အပ်မှာပါ”

သဇင်မြိုင်က ပါးစပ်ဟောင်းလောင်းပွင့်ကာ ပြူးကျယ်သောမျက်လုံးရွဲကြီးများဖြင့် မောင်သီဟအား မမှိတ်မသုန် ကြည့်နေမိသည်။ သူမ၏စိတ်ထဲတွင် အထူးအဆန်းသတ္တဝါတစ်ကောင်ကို မြင်လိုက်ရသလို မှင်တက်မိနေသည်။ သူသိသင့်တာတွေ အများကြီးရှိနေပါသေးလား။ အင်း- ဒီ သောင်းတန်ငွေလက်ပတ်နာရီ သူမလက်ထဲရောက်နေတာ (၉)နှစ်ပင် ရှိပြီဆိုတော့လည်း အတွေ့အကြုံတွေက မနည်းလှတော့။ ထောင်တန်ငွေလက်ပတ်နာရီကို တစ်နှစ်မျှသာ လက်ဝယ်ပိုင်ဆိုင်ဖူးသော မောင်သီဟထက် သူမက အသိပညာ ဗဟုသုတ များစွာ သာလွန်နေပြီ မဟုတ်ပါလား။

သဇင်မြိုင်က သူမ၏ စလင်းဘက်ကို ဖွင့်လိုက်သည်။ လွန်ခဲ့သောတစ်နာရီခန့်ကမှ အဝိဋ္ဌာန်ဝင်ပြီး၍ ထည့်သိမ်းထားခဲ့သော ပလတ်စတစ်ဘူးအနီရောင်ကို ပြန်ထုတ်ယူလိုက်သည်။ ပြီးမှ ဘူးကို ဖွင့်ကာ မောင်သီဟအား ပြသည်။ ဘူးထဲတွင် သောင်းတန်ငွေလက်ပတ်နာရီကို တွေ့ရသည်။ သဇင်မြိုင်က ဘူးအဖုံးကိုပြန်ပိတ်ကာ ဘူးကို မောင်သီဟလက်ထဲ အပ်လိုက်သည်။

“အစ်ကို စိတ်ချမ်းသာဖို့ ကျွန်မကူညီပါရစေ၊ အစ်ကို့ဆန္ဒအတိုင်း သဘောတူပါတယ်”

ပြောပြောဆိုဆို သဇင်မြိုင်က သောင်းတန်ငွေလက်ပတ်နာရီဘူးကိုကိုင်ကာ အိပ်မက်မက်နေသူတစ်ဦးပမာ ကြောင်တောင်တောင်အမ်းတမ်းတမ်းဖြင့် တစ်ယောက်တည်း ငုတ်တုတ်ထိုင်၍ ကျန်ခဲ့ပါလေတော့၏။

✿✿✿

## အခန်း (၉)
## မိန်းမဟူဘိ ထိုက္ကတ္တိကား

ကန်တော်ကြီး ကနေဒီကျွန်း အနောက်ဘက်ကန်စပ်တွင် ဖြစ်၏။ ကြက်သွေးရင့်ရောင် မာဇဒါဆီဒင်ကားမှာ အတော် ခပ်ဝေးဝေးက လှမ်းမျှော်ဖူးမြင်ရသော ရွှေတိဂုံစေတီတော်ဘက်သို့ ဦးတိုက်ရပ်ထားသည်။

ကားရှေ့ခန်း မောင်းသူနေရာတွင် မာလာဒေဝိက ဆိုဖာထိုင်ခုံတွင် နောက်ကျောမှီလျက် စိတ်အေးလက်အေးထိုင်နေသည်။ မောင်သီဟမှာ သူမ၏နံဘေးတွင် တစ်စုံတစ်ခုကို အလေးအနက် စဉ်းစားရင်းထိုင်နေသည်။

အချိန်ကား ၁၉၈၁ ခုနှစ်၊ မတ်လ(၅)ရက် နံနက်(၁၀း၄၅) နာရီခန့် ဖြစ်၏။ တဖြည်းဖြည်းမြင့်တက်လာသော အရှေ့နေရောင် အောက်ဝယ် ကရဝိက်မောင်နှံမှာ ရွှေရောင်တဝင်းဝင်းတောက်နေသည်။

"မမပြောသလိုဆို ဒီငွေလက်ပတ်နာရီတွေ ပေါ်ပေါက်နေတာ နှစ် (၅၀) ကျော်တောင် ရှိနေပြီပေါ့နော်"

မောင်သီဟက တွေးတွေးဆဆ မေးသည်။

"မမလည်း သမိုင်းပညာရှင်မဟုတ်တော့ ခုနှစ်သက္ကရာဇ်နဲ့ အတိအကျမရှင်းပြတတ်ဘူး။ အဲဒီ နှစ်(၅၀)ကျော်ဆိုတာက ငွေလက်ပတ်နာရီတွေကို လက်တွေ့ အသုံးချလာနိုင်တဲ့ အချိန်ကိုပြောတာနော်။ တကယ် မြစ်ဖျားခံလာတာက လွန်

ခဲ့တဲ့ နှစ်ပေါင်း(၁၀၀)ကျော် ကုန်းဘောင်ခေတ်က မင်းတုန်းမင်းရဲ့ညီတော် ကနောင်မင်းသားကြီးကတဲ့”

“ဗျာ- ကနောင်မင်းသားကြီးကစခဲ့တာ”

“အင်း- အဲဒီ ကနောင်မင်းသားကြီးရဲ့ မထင်ရှားတဲ့မိဖုရားတစ်ပါးက သားတစ်ယောက်ထွန်းကားခဲ့သတဲ့။ အဲဒီသားတော်ရဲ့ မြေးလက်ထက်ကျမှ သူ့ဘေးတော် ကနောင်မင်းသားကြီးရဲ့ ပညာဗီဇတွေ ပေါ်ထွန်းလာသတဲ့ မောင်လေးရဲ့”

“ဘယ်လိုပညာဗီဇတွေလဲ မမ”

“ကနောင်မင်းသားကြီးက မြန်မာ့တပ်မတော်ကို ခေတ်မီစစ်တပ်ဖြစ်ရေးနဲ့ မြန်မာပြည်ကို ကမ္ဘာနဲ့ ရင်ဘောင်တန်းနိုင်တဲ့ နိုင်ငံဖြစ်လာအောင် လက်နက်စက်ရုံ၊ အမြောက်စက်ရုံ၊ ဒင်္ဂါးစက်ရုံ၊ သံရည်ကျိုစက်ရုံ၊ သင်္ဘောစက်ရုံ စတဲ့ စက်ရုံပေါင်း(၅၀)ကျော် တည်ထောင်နိုင်ခဲ့တယ် မဟုတ်လား။ ဒါပေမယ့် မြင်ကွန်းမြင်းခုန်တိုင် အရေးတော်ပုံ ပေါ်ပေါက်ပြီး လုပ်ကြံခံခဲ့ရတာကြောင့် အဲဒီစက်ရုံတွေ တိမ်မြုပ် ပျောက်ကွယ်သွားခဲ့ရတယ်လေ”

“ဟုတ်ကဲ့ မမ”

“အဲဒီလို တိမ်မြုပ်ပျောက်ကွယ်ခဲ့ရတဲ့ ကနောင်မင်းသားရဲ့ ပညာဗီဇတစ်ပိုင်းတစ်စဟာ သူ့ရဲ့မြစ်တော် ဦးရွှေဘင် လက်ထက်မှာ ပြန်လည် ပေါ်ထွက်လာသတဲ့။ ဦးရွှေဘင်က ကနောင်မင်းသားလို စက်ရုံ၊ အလုပ်ရုံကြီးတွေ တည်ထောင်နိုင်ခဲ့တာမျိုးတော့ မဟုတ်ဘူး။ သူက စက်မှုပညာ အနုစိတ်တဲ့ဘက်မှာ အတော်ဝါသနာကြီးခဲ့သတဲ့။ ဥပမာ လမ်းပြအိမ်မြှောင်၊ ဒင်္ဂါး၊ ပန်းပဲ၊ သံရည်ကျို၊ သံဂဟေ စတဲ့ စိတ်ရှည်လက်ရှည်လုပ်ရမယ့် လုပ်ငန်းတွေမှာ အတော် ကျွမ်းကျင်တယ်တဲ့။ ဘာသာတရားကိုလည်း အလွန်လိုက်စားတဲ့ လူတစ်ယောက်ဖြစ်သလို တစ်ဖက်ကလည်း သံ၊ ပြဒါး စတာတွေကိုသေအောင် ဖိုထိုးတဲ့ အဂ္ဂိရတ်ပညာနဲ့ သိဒ္ဓိဝင်ဓာတ်လုံးတွေရဖို့ ဂြိုဟ်၊ နက္ခတ် နေ့သင့်တဲ့ အချိန်အခါတွေမှာ သီလ၊ မနော၊ မန္တန်၊ စရဏ စွမ်းအင်တွေနဲ့ ပေါက်မြောက်

အောင် ကျင့်ကြံအားထုတ် စီရင်ဖော်ဆောင်နေတဲ့ ပုဂ္ဂိုလ်တစ်ယောက်လည်း ဖြစ်တယ်တဲ့"

"ဟာ- တော်တော်ပညာစုံတဲ့လူကြီးပါလား"

"အဲဒီ ဦးရွှေဘင်မှာ စိန်လှနဲ့ ငွေလှဆိုတဲ့ သားနှစ်ယောက်ရှိတယ်။ သားနှစ်ယောက်စလုံးကလည်း အဖေ့ဗီဇ အပြည့်အဝပါလေတော့ အဖေရဲ့လုပ်ငန်းတွေမှာ စိတ်ပါလက်ပါပါဝင်လုပ်ကိုင်ရင်း အဖေ့ခြေရာကို အတော်လေးမီအောင်လိုက်နေကြပြီတဲ့"

"ဟုတ်ကဲ့"

"ဒီလိုနဲ့ တစ်နေ့မှာ ဦးရွှေဘင်ဟာ သူကိုယ်သူ ဗေဒင်တွက်ကြည့်တဲ့အခါ ထီပေါက်ကိန်းမြင်တာကြောင့် ထီဆိုင်တစ်ဆိုင်ကိုသွားပြီး ထီစာအုပ်တစ်အုပ်ကို ရွေးလိုက်တယ်။ အဲဒီထီစာအုပ်ရဲ့ ပထမဆုံးအရွက်ကို ထိုးမယ်ဆုံးဖြတ်ပြီး ထီစာအုပ်ကို ဖွင့်လိုက်တဲ့အချိန်မှာ ဟိုးအနှစ်နှစ်ဆယ်ယောက်ကွဲနေတဲ့ ငယ်သူငယ်ချင်းတစ်ယောက် ရုတ်တရက် ရောက်လာပြီး အားရဝမ်းသာ နှုတ်ဆက်တယ်တဲ့။ ဦးရွှေဘင်လည်း ငယ်သူငယ်ချင်းကိုမြင်တော့ ဝမ်းသာပြီး ရှေးဖြစ်နှောင်းကြောင်းတွေ ပြောလိုက်ကြတာ ထီထိုးဖို့ရွေးပြီး ထီကောင်တာပေါ် တင်ထားတဲ့ ထီစာအုပ်ကိုဖွင့်လိုက်တော့ သူထိုးဖို့ရည်ရွယ်ထားတဲ့ ပထမဆုံးထီလက်မှတ်က မရှိတော့ဘဲ လက်ခံဖြတ်ပိုင်းပဲတွေ့ရတယ်။ ဒါ သူတို့ငယ်သူငယ်ချင်းနှစ်ယောက် စကားကောင်းနေတုန်း အခြား တစ်ယောက်ယောက် သူရွေးထားတဲ့ထီစာအုပ်ရဲ့ ပထမအရွက်ကို ဝင်ထိုးသွားတာတဲ့"

"အင်း- ကြုံကြုံဖန်ဖန်"

"ဦးရွှေဘင်လည်း သူထီထိုးဖို့လာတာပဲလေဆိုပြီး အဲဒီထီစာအုပ်က ဒုတိယအရွက်ကိုထိုးပြီး အိမ်ပြန်လာသတဲ့။ သိပ်မကြာဘူး ထီဖွင့်တော့ အောင်ဘာလေသိန်းဆုပေါက်စဉ်ဝယ်ပြီး တိုက်ကြည့်လိုက်တာမှာ သူမျက်စိသူမယုံနိုင်အောင်ဖြစ်သွားခဲ့ရတယ်တဲ့။ ဘာဖြစ်လို့လဲဆိုတော့ သူထိုးခဲ့တဲ့ထီစာအုပ်ရဲ့ ပထမအရွက်က တစ်သိန်းဆုကြီး ပေါက်သွားလို့ပဲ

တဲ့။ သူ့ဒုတိယအရွက်နဲ့ ပထမအရွက်က အကွာရာတူပြီး နောက်ဆုံး ဂဏန်းတစ်လုံးပဲ လွဲသွားတာတဲ့"
"ဒါ ကံချော်သွားတာပေါ့ မမ"
"ဟုတ်တယ်၊ ဗေဒင်ကိန်းခန်းအရ ထီပေါက်ဖို့ရှိနေပေမယ့် အတိတ်ကကံကြမ္မာကြောင့် လွဲချော်သွားတယ်လို့ ဆိုရမှာပေါ့။ အဲဒီနေ့ကစပြီး ဦးရွှေဘင်တစ်ယောက် မစားနိုင်မအိပ်နိုင် တမှိုင်မှိုင်တတွေတွေနဲ့ အတော် ခံစားခဲ့ရရှာတယ်။ တစ်ခါတလေလည်း ညဘက်တွေမှာ ကယောင်ကတမ်းနဲ့ သူပြောချင်ရာပြောပြီး အရူးတစ်ပိုင်းဖြစ်နေခဲ့ရတယ်"
"ဟုတ်တယ် မမ၊ ကျွန်တော်ဆိုလည်း အဲဒီလိုဖြစ်မယ်ထင်တယ်"
"ဒီလိုနဲ့ တစ်နေ့မှာ ဦးရွှေဘင်တစ်ယောက် သူ့အိမ်က ပျောက်ချင်းမလှပျောက်သွားသတဲ့။ သားနှစ်ယောက်က သူ့အဖေ သွားတတ်လာတတ်တဲ့နေရာအနှံ့ လိုက်ရှာကြတယ်။ ဘယ်မှာမှမတွေ့ဘူး။ နောက်ဆုံး သူ့အဖေ မကြာခဏ သွားပြီး အဓိဋ္ဌာန်ဝင် တရားထိုင်တတ်တဲ့ ရှေးဂူဟောင်းတစ်လုံးအထိ လိုက်ရှာခဲ့ပေမယ့် အရိပ်အယောင်တောင် မတွေ့ခဲ့ဘူးတဲ့။ ခြေရာလည်းပျောက် ရေလည်းနောက်ပြီပေါ့။ ကျန်ခဲ့တဲ့ ဦးရွှေဘင်မိန်းမခမျာလည်း တငိုငိုတရယ်ရယ်နဲ့ ပရိဒေဝမီး လောင်မြိုက်ခံရလို့ ဆေးဆရာအမျိုးမျိုးပင့်ပြီး ဆေးကုနေရရှာတယ်"
"အင်း- မိန်းမတွေလည်း ဒုက္ခပဲနော်"
"ဒီလိုနဲ့ အချိန်ကာလကလည်း နှစ်နှစ်တောင် ကျော်လာတဲ့အထိ ဦးရွှေဘင်ရဲ့ သတင်းအစအနလေးတောင် မကြားရတော့ အားလုံးက သေပြီလို့ယူဆပြီး သံပိတ်သွတ် အမျှအတန်းတောင်ဝေပြီးနေပြီတဲ့။ အဲ- သုံးနှစ်ပြည့်တဲ့နေ့တစ်နေ့မှာ ညဘက်ကြီး သူတို့အိမ်ကို ဝတ်ဖြူစင်ကြယ်နဲ့ပုဂ္ဂိုလ်တစ်ဦး ကြွလာတာတွေ့တာနဲ့ စိန်လှနဲ့ငွေလှနှစ်ယောက်က ကမန်းကတန်းထွက်ပြီး အကျိုးအကြောင်း မေးမြန်းရတာပေါ့။ အဲဒီမှာ အံ့သြစရာကောင်းတာက အဲဒီ ဝတ်ဖြူစင်ကြယ်နဲ့ပုဂ္ဂိုလ်ကြီးက တခြားလူမဟုတ်ဘဲ အားလုံးက သေပြီ

လို့ ထင်ထားခဲ့တဲ့ သူတို့အဖေ ဦးရွှေဘင်ကြီးဖြစ်နေသတဲ့"
"ဟာ- ဒါဆို ဦးရွှေဘင်က တောထွက်တရားကျင့်ပြီး သူတော်စင်ကြီးဖြစ်သွားတာပေါ့ မမ"
"အင်း- တောထွက်သွားတာတော့ မှန်ပါတယ်၊ ဒါပေမယ့် သူတော်စင်ဖြစ်သွားတာတော့ မဟုတ်ဘူး"
"ဟင်- တစ်မျိုးကြီးပါလား"
"တကယ်တော့ ဦးရွှေဘင်ဟာ ထီအပေါ် စွဲလမ်းစိတ်ကြီးမားတဲ့ဥပါဒါန်ကြောင့် စိတ်ရောဂါဝေဒနာ စွဲကပ်ခံရလို့ ခြေဦးတည့်ရာ တစ်ယောက်တည်းထွက်လာလိုက်တာ လူသူမနီးကဲ့ တောကြီးမျက်မည်းတစ်နေရာကို ရောက်သွားတယ်တဲ့။ လူက စိတ်ဝေဒနာသည်တစ်ပိုင်းဖြစ်နေတော့ ဒါထက်ဝေးတဲ့တောထဲကို ခရီးဆက်မယ်အလုပ်မှာ ဝတ်ဖြူစင်ကြယ်နဲ့ပုဂ္ဂိုလ်တစ်ဦး ရုတ်ပာရက် ပေါ်လာပြီး တားသတဲ့။ အဲဒီပုဂ္ဂိုလ်ကြီးရဲ့အသက်ကို ခန့်မှန်းမရပေမယ့် ခေါင်းပေါ်က ဆံပင်တွေ၊ မျက်ခုံး၊ နှုတ်ခမ်းမွေးနဲ့ မုတ်ဆိတ်က အစ ဆွတ်ဆွတ်ဖြူနေပြီတဲ့"
"ဒါဆို အသက်လည်း ဘယ်နည်းတော့မလဲနော်"
"အဲဒီပုဂ္ဂိုလ်ကြီးက ဦးရွှေဘင်ကို ခဏအကဲခတ်လိုက်တာနဲ့ စိတ်ဝေဒနာရှင်မှန်း သိတာနဲ့ သူတရားကျင့်နေတဲ့ ရှေးဟောင်းလိုဏ်ဂူကြီးတစ်ခုထဲခေါ်သွားပြီး အကျိုးအကြောင်းမေးမြန်းတယ်။ အဲဒီအချိန်မှ ဦးရွှေဘင်က စိတ်ကစဉ့်ကလျားဖြစ်နေတာဆိုတော့ သူ့စကားတွေကလည်း တောင်ရောက်မြောက်ရောက်ပေါ့။ ဒါပေမယ့် ပုဂ္ဂိုလ်ကြီး တဖြည်းဖြည်း စိတ်ရှည်လက်ရှည်နဲ့မေးတော့မှ ဦးရွှေဘင်ဟာ ထီတစ်သိန်းနဲ့ ကပ်လွဲခဲ့ရတာကြောင့် ခုလိုဘဝမျိုး ရောက်နေရတာကို သိရှိသွားတယ်။ ဒီလိုနဲ့ဆက်ပြီး မေးမြန်းစုံစမ်းရင်းနဲ့ ဦးရွှေဘင်ဟာ စက်မှုပညာနဲ့အင်္ဂါရပ်ပိုင်းတွေကို အတော်တတ်ကျွမ်း နားလည်နေတာ လေ့လာမိတယ်တဲ့။ အတူးသဖြင့် သိဒ္ဓိဝင်ဓာတ်လုံးတွေကို နည်းနိသယ စနစ်တကျ ဒီရင်ဖန်…းနိုင်ပြီး သံဂဟေပညာအ… မှာလည်း သံနဲ့ခဲကို တစ်သားတည်းကျအောင် ဂဟေဆက်ပေးနိုင်တာ တွေ့ရှိရ

တယ်။ နောက် တရားအားထုတ်တဲ့နေရာမှာလည်း စရဏ အားကောင်းတဲ့အဆင့်တစ်ခုအထိ ခရီးရောက်နေတာကို ဆင်ခြင်မိသတဲ့"

"ဩော်- တကယ့်သူတော်စင်ကြီးနဲ့မှ သွားတွေ့တာကိုး"

"အဲဒီပုဂ္ဂိုလ်ကြီးက ဦးရွှေဘင်ရဲ့ရောဂါဟာ ထိတစ်သိန်း မပေါက်လိုက်ရတာအပေါ်မှာ မခံမရပ်နိုင်အောင် ခံစား မိရာက စိတ်ဝေဒနာရှင် အရူးတစ်ပိုင်းဖြစ်ခဲ့ရတာကြောင့် မို့လို့ သူ့ရောဂါကို လောကီဆေးဝါးတွေနဲ့ ကုသလို့ ပျောက် ကင်း ချမ်းသာလာနိုင်မှာ မဟုတ်ဘူး။ ထိုကြောင့်ဖြစ်တဲ့ ရောဂါကို ထိနဲ့ပြန်ကုမှပဲ ပျောက်ကင်းနိုင်လိမ့်မယ်လို့ ယူဆ မိတယ်။ အဲဒါကြောင့် သူ့စိတ်တွေ တဖြည်းဖြည်း ပြန်တည် ငြိမ်မှုရလာအောင် အိပ်တဲ့စားတဲ့အချိန်ကလွဲပြီး တရားထိုင် ခိုင်းတယ်တဲ့"

"အင်း- အိမ်ကလူတွေ စိတ်ပူနေကြမယ့်အချိန်မှာပေါ့နော် မမ"

"ဟုတ်တာပေါ့လေ၊ သူတော်စင်ပုဂ္ဂိုလ်ကြီးက ဦးရွှေဘင်ကို တရားတစ်ကြိမ်ထိုင်ရင်(၄၅)ရက်နှုန်းနဲ့ အဓိဋ္ဌာန်ဝင်ခိုင်းခဲ့ တာ လေး၊ ငါး၊ ခြောက်ကြိမ် ပြည့်လာတဲ့အထိ ဦးရွှေဘင်ရဲ့ စိတ်ကျန်းမာရေးက တိုးတက်မှုရှိမလာဘူးတဲ့။ သူတော်စင် ကြီးကတော့ စိတ်ရှည်လက်ရှည်နဲ့ တရားနည်းလမ်းတွေ ညွှန်ပြပြီး ဆက်ကျင့်ကြံအားထုတ်ခိုင်းခဲ့တယ်။ အကြိမ်(၁၅) ကြိမ်မြောက်မှာလည်း ထူးမခြားနားဘဲတဲ့။ ဒီလိုနဲ့ အဓိဋ္ဌာန် အကြိမ်(၂၀)ပြည့်တဲ့နေ့မှာတော့ ဦးရွှေဘင်ဟာ အရာရာကို ကောင်းကောင်း ပြန်မှတ်မိပြီး စိတ်ပုံမှန်အနေအထားကို ပြန်ရောက်လာတယ်တဲ့"

"ဟင်- တစ်ကြိမ်ကို(၄၅)ရက်နဲ့ အကြိမ်(၂၀)ဆိုတော့ အင်း- တစ်ကြိမ်ကို တစ်လခွဲနဲ့ဆို လ(၃၀)တောင်ကြာသွားပါလား။ အချိန်နှစ်နှစ်ခွဲပေါ့ မမ။ အိမ်ကလူတွေက သေပြီလို့တွက် ထားတဲ့ အချိန်မှာပေါ့နော်"

"ဟုတ်တယ်၊ အဲဒီအချိန်မှာ သူတော်စင်ပုဂ္ဂိုလ်ကြီးက ဦးရွှေ ဘင်ရဲ့ ထိဝေဒနာကိုကုသဖို့ အချိန်ကောင်းပဲလို့တွက်ပြီး

သူ့ကို ခင်ပွန်းကြီး(၁၀)ပါး၊ ဒုစရိုက်(၁၀)ပါးနဲ့ ကိလေသာ (၁၀)ပါးကို ကျူးလွန်ဖောက်ဖျက်ခြင်းမပြုဖို့ ကတိသစ္စာခံယူ ခိုင်းတယ်။ ဦးရွှေဘင်က ပထမတော့ ရုတ်တရက် ကတိ သစ္စာမပြုနိုင်သေးဘူးတဲ့။ ဒါကို မောင်လေးလည်း သိတဲ့ အတိုင်းပဲ။ အဲဒီပညတ်ချက်(၃၀)ကို သာမန်ပုထုဇဉ်လူသား တစ်ယောက်အနေနဲ့ အမြဲမပြတ် ဘယ်လိုနည်းနဲ့မှ မထိန်း သိမ်းမစောင့်ရှောက်နိုင်ဘူးလေ။ ဒါကြောင့် သူတော်စင်ကြီး က အဲဒီပညတ်ချက်(၃၀)ကို ထီဖွင့်ရက်(၇)ရက်နဲ့ ထိထိုးတဲ့ ရက်တွေမှာသာ လိုက်နာနိုင်ရင်ရပြီလို့ သတ်မှတ်ပေးလိုက် တယ်။ အဲဒီတော့မှ ဦးရွှေဘင်လည်း ကတိသစ္စာပြုနိုင်ခဲ့ တယ်တဲ့"

"ဪ - ဒီပညတ်ချက်တွေက အဲဒီကတည်းက အစပြု လိုက်နာစောင့်ထိန်းခဲ့ရတာ ကိုး"

"အဲဒီနောက်ပိုင်း အင်္ဂါရတ်ပညာနဲ့ဖိုထိုးပြီး လိုအပ်တဲ့ သိဒ္ဓိ ဝင်ဓာတ်လုံးလေးတွေရအောင် စီရင်ဖော်ဆောင်နည်းကို လိုဏ်ဂူကြီးထဲမှာ လက်တွေ့ သင်ပြပေးတယ်တဲ့။ ဓာတ်လုံး စီရင်ဖန်တီးရာမှာ လိုအပ်တဲ့ ပြဒါး၊ သံ၊ စိန်၊ ဘော် စတဲ့ ပစ္စည်းတွေ မစုံလင်တာကတစ်ကြောင်း၊ အဲဒီပစ္စည်းအစုံအ လင်ကို လုံအိုးမှာထည့်ပြီး တစ်ပေါက်ဖို၊ နှစ်ပေါက်ဖို၊ ရသေ့ ဖို၊ ဇော်ဂျီဖို စတဲ့ ပစ္စည်းတွေကလည်း မပြည့်စုံတာကတစ် ကြောင်းတို့ကြောင့် သိဒ္ဓိဝင်ဓာတ်လုံး ဖော်စပ်စီရင်လို့နိုင်တဲ့ နည်းနိဿယတွေကိုပဲ လက်တွေ့သင်ခန်းစာသဘောထား ပြီး သင်ကြားပေးလိုက်တယ်။ ဓာတ်လုံးဖော်စပ်ရာမှာ ပါဝင် ရမယ့်ပစ္စည်းတွေနဲ့ အချိုးအစားတွေနဲ့ ဖိုထိုးတဲ့အခါအသုံး ပြုရမယ့် မီးအားအချိန်အဆတွေကို ယုံ့ဝ အာဂုံဆောင်နိုင် တဲ့အထိ အထပ်ထပ် လေ့ကျင့်ပေးလိုက်ရတယ်တဲ့"

"ဟာ- ဒါဆို အချိန်တော်တော်ယူရမှာပေါ့"

"ဟုတ်တယ်၊ အဲဒီလိုစိတ်ချရအောင် ထပ်တလဲလဲ လက်တွေ့ ဆန်ဆန် လေ့ကျင့်နေတာကကို (၆)လနီးပါးလောက် အချိန် ကုန်သွားရတယ်လေ။ အားလုံးစိတ်ချရပြီဆိုမှ ထိပေါက် ဂါထာကို နှုတ်တိုက်ချပေးတယ်။ ဦးရွှေဘင်တို့ မိသားစု

ငါးယောက်ရှိတာကို အကြောင်းပြုပြီး ထီပေါက်ငွေထဲက ငါးပုံတစ်ပုံကို ဘုရားစေတီတွေမှာ ရွှေသင်္ကန်းအတွက်လှူပြီး သာသနာပြုပေးဖို့ ကတိသစ္စာပြုရပြန်တယ်။ ထီဖွင့်ရက်တွေမှာ အစိုးရနှံပြုဖို့နဲ့ လှူဒါန်းပူဇော်ရမှာတွေလည်း ပြောပြတယ်တဲ့"

"ဒါနဲ့ မမ၊ အခု သူတော်စင်ကြီး စီမံပေးလိုက်တဲ့ နည်းနိဿယတွေက ဘယ်လောက်တန်တွေအတွက်လဲ"

"နည်းနာနိဿယကတော့ တစ်မျိုးပဲ။ ဒါပေမယ့် တကယ်စီရင်ဖော်စပ်တဲ့အခါမှာ ကိုယ့်ရဲ့ ရှေးဘဝဘဝက ကုသိုလ်ကောင်းမှုအပေါ် မူတည်ပြီး ထောင်တန်၊ သောင်းတန်၊ သိန်းတန်တွေ ပေါ်ထွန်းခံစားရမှာတဲ့"

"အော်- သဘောပေါက်ပြီ၊ ဒါပေမယ့် ငွေနာရီတွေက ဘယ်မှာလဲ။ ပြီးတော့ ဒီသိဒ္ဓိဝင်ခာတ်လုံးတွေက ဘာလုပ်ဖို့လဲ"

"ဦးရွှေဘင်ရဲ့ အသေးစားစက်မှုပညာလုပ်ငန်းထဲမှာ နာရီဆိုတာလည်းပါတယ်လေ။ သင့်တော်ရာ လက်ပတ်နာရီတစ်ခုခုမှာ ဖော်စပ်လို့ရတဲ့ သိဒ္ဓိဝင်ခာတ်လုံးလေး(၅)လုံးစီသံဂဟေဆော်ပေးရမယ်လေ။ ဒါမှ"

"ဟုတ်ပြီ ဟုတ်ပြီ၊ ကျွန်တော့်ငွေလက်ပတ်နာရီမှာပါတဲ့ အပိုသော့သီး(၅)လုံးက လက်စသတ်တော့ သိဒ္ဓိဝင်ခာတ်လုံးတွေကို ဂဟေဆော်ထားတာကိုး"

"အဲဒါ ဦးရွှေဘင် ပညာစုံတဲ့အခါ ပြန်မယ်လုပ်တော့ သူပါလာတဲ့ အဝတ်အစားတစ်စုံက သုံးနှစ်လုံးလုံး ဒီတစ်စုံပဲဝတ်ဖုန်ရတာဆိုတော့ စုတ်ပြဲကုန်ပြီလေ။ ဒါကြောင့် သူတော်စင်ကြီး စွန့်ကြဲလိုက်တဲ့ ဝတ်ဖြူစင်ကြယ်ဝတ်ပြီး အိမ်ပြန်လာခဲ့ရတာတဲ့"

"အော်"

"အိမ်ရောက်တယ်ဆိုရင်ပဲ သာမန်လူဝတ်လဲပြီး သားနှစ်ယောက်ကိုပါ နည်းနိဿယတွေ သေသေချာချာ သင်ပေးပြီး အသင့်ရှိနေတဲ့ လက်ပတ်နာရီသုံးလုံးကို တစ်ယောက်တစ်လုံးစီ စမ်းသပ်ဖန်တီးကြတယ်တဲ့။ အဲဒီမှာ အံ့သြဖို့ကောင်းတာက ဦးရွှေဘင်ဖော်စပ်လိုက်တဲ့နာရီက ထောင်

တန်ထီပဲပေါက်နိုင်မယ့် လက်ပတ်နာရီပဲရတယ်တဲ့။ သား အကြီးကောင်စိန်လှဖန်တီးတဲ့နာရီကျတော့ သိန်းတန်ငွေ လက်ပတ်နာရီ ဖြစ်သွားတာတဲ့လေ"

"ဟာ - တော်တော်အံ့ဩစရာပဲနော်။ မူလပိုင်ရှင်ဖြစ်တဲ့ ဦးရွှေဘင်ကျတော့ ထောင်တန်ပဲလုပ်နိုင်ပြီး သားနှစ် ယောက်ကျမှ သောင်းတန်နဲ့သိန်းတန်တွေလုပ်နိုင်တာ မယုံ နိုင်စရာဘဲနော်"

"ဒါက သားနှစ်ယောက်က အဖေဦးရွှေဘင်ထက် ရှေးရှေး ဘဝက အလှူဒါနအား ပိုကောင်းခဲ့လို့ပေါ့ကွယ်။ အဲဒီလို သားနှစ်ယောက် နာရီတွေလုပ်လို့ အောင်မြင်တဲ့အခါကျမှ ဦးရွှေဘင်က ပညတ်ချက်(၃၀)ကို စောင့်ထိန်းရမယ့် အချိန် ကာလတွေပြောပြပြီး ကတိသစ္စာပြုခိုင်းတယ်။ ပြီးတော့မှ ထီပေါက်ဂါထာနဲ့ ထီဖွင့်ရက်မှာ အဓိဋ္ဌာန်ဝင်ရမှာတွေ၊ ထို ထိုးတဲ့အချိန် လုပ်ဆောင်ရမယ့်နည်းလမ်းတွေကို အားလုံး ပြောပြတယ်"

"ဩော်"

"ဦးရွှေဘင် ကွယ်လွန်ခါနီးတော့ သူပိုင်ဆိုင်တဲ့ ထောင်တန် ငွေလက်ပတ်နာရီကို သူ့သားကြီးရဲ့ သားဦးဖြစ်တဲ့ သူ့ရဲ့ မြေးဦးလက်ထဲ အပ်ခဲ့တာတဲ့။ အဲဒီကမှ အဆင့်ဆင့် စိန်ပွဲ စား ဒေါ်တင်မကြီးလက်ထဲရောက်လာပြီး မောင်သီဟရဲ့ ဘွားဘွား ဒေါ်ငြိမ်းခင်လက်ထဲ ထပ်ဆင့် ရောက်လာခဲ့တာ ပဲ။ အဲဒီနောက်ပိုင်း သမိုင်းကြောင်းကို မမလည်း သေချာ မသိတော့ဘူး။ ဖေဖေကလည်း ဘိုးဘိုးပြောပြသလောက်ပဲ သိခဲ့မှာပေါ့လေ။ မမကလည်း ဒီနာရီကို ဖေဖေဆုံးကဲ့အချိန် မမ (၁၈) နှစ်သမီးမှ ရခဲ့တာပါ"

"ဒါဆို မမက ဦးရွှေဘင်ရဲ့ မြေး၊ ဦးငွေလှရဲ့ သမီးပေါ့နော်"

"အင်း"

"ကျွန်တော့်ကျတော့ ထောင်တန်ငွေလက်ပတ်နာရီက ဘွား ဘွားဆီကရတာဆိုတော့ ဘွားဘွားနဲ့ စိန်ပွဲစား ဒေါ်တင်မ ကြီးနဲ့ ဘယ်လိုတော်စပ်သလဲ။ ဒေါ်တင်မကြီးကကော ဦးရွှေဘင်ရဲ့မြေးဦးနဲ့ ဘယ်လိုဆွေမျိုးတော်ခဲ့လဲ မသိဘူး"

"မမလည်း အဲဒါတွေမသိတော့လေ"

"ဒါနဲ့ မမ၊ နာရီတွေကို ထောင်တန်ရယ်၊ သောင်းတန်ရယ်၊ သိန်းတန်ရယ်ဆိုပြီး ဘယ်လိုခွဲသလဲ။ နာရီတွေက တစ်ရွှယ်တည်းတစ်မျိုးစားတည်း မဟုတ်လား"

"နာရီက ဒိုင်ခွက်နောက်ကျောတည့်တည့် အလယ်လောက်မှာ သော့သီးခပ်ငယ်ငယ် ပြားပြားလေးပါတယ် မဟုတ်လား။ အဲဒီသော့သီးပေါ်မှာ မြန်မာစာနဲ့ (၁)၊ (၂)၊ (၃)ဆိုပြီး ထွင်းထားတယ်။ (၁)ဆိုရင် ထောင်တန်၊ (၂)ဆိုရင် သောင်းတန်၊ (၃)ဆိုရင် သိန်းတန်လေ"

"ဪ - ကျွန်တော် တစ်ခါမှ သေသေချာချာမကြည့်မိဘူး။ ထီဖွင့်ရက်မှာ အမိဋ္ဌာန်ဝင်တာရယ်၊ ရွှေသက်နင်းလှူတာတွေရယ်ဟာ ဘာလို့မတူကြတာလဲ"

"ဒါကတော့ ပထမဆုံး ရွှေသက်နင်းအတွက် စလှူဒါန်းခဲ့ကြတဲ့အတိုင်း နောက်အဆက်ဆက် အစဉ်အလာဖြစ်လာတာပါ။ အမိဋ္ဌာန်ဝင်တာလည်း ဒီလိုပဲပေါ့။ စနေထောင့်ဆိုတာကတော့ ထီနံ့ဖြစ်လို့ စနေဂြိုဟ်မင်းကြီးကိုပ,သတဲ့ သဘောပေါ့"

"ဒါနဲ့ မမက ကျွန်တော့်နာမည် ဘယ်တုံးကဘယ်လို သိနေခဲ့တာလဲ"

မာလာဒေဝီက တခစ်ခစ်အသံထွက်အောင် ရယ်လိုက်သည်။ ရွှေတိဂုံစေတီအနောက်မုခ်တွင် ကားထွက်ခါနီး ဤမေးခွန်းမေးခဲ့စဉ်ကလည်း ယခုလိုပင် တခစ်ခစ်ရယ်သွမ်းသွေး၍ ကားမောင်းထွက်သွားခဲ့သေးသည် မဟုတ်လား။

"ဒါက ဒီလိုလေ၊ ဒီငွေလက်ပတ်နာရီတွေကို သာသနာလမ်းကြောင်းရဲ့ ပြင်ပကလူတွေ ကြည့်လို့ မမြင်နိုင်ဘူးဆိုတာတော့ မောင်လေး သိတယ်မဟုတ်လား"

"ဟုတ်ကဲ့"

"အေး- မောင်လေး ပထမဆုံးအခေါက် မမ အမိဋ္ဌာန်ဝင်နေတုန်း ငွေလင်ပန်းထဲက ငွေလက်ပတ်နာရီကိုမြင်ပြီး သေချာလိုက်ကြည့်ကတည်းက ဒါ သာသနာလမ်းကြောင်းရဲ့ အတွင်းဘက်ကလူပဲလို့ သိရှိလိုက်တယ်လေ။ ဘွားဘွား ဒေါ်

ငြိမ်းခင်တော့ အချင်းချင်းအနေနဲ့ သိနေပေမယ့် မောင်လေးနဲ့ ဘယ်လိုဆက်စပ်နေတယ်ဆိုတာ မသိသေးဘူး။ ဒါကြောင့် နောက်တစ်ကြိမ်ထီဖွင့်တဲ့ ပထမဆုံးရက်မှာ ဗိုလ်တထောင်ဘုရား စနေထောင့်ကို သွားကြည့်လိုက်တော့ မောင်လေးကို တန်းတွေ့တော့တာပေါ့။ တိုက်တိုက်ဆိုင်ဆိုင် အဲဒီနေ့မှာပဲ သောင်းတန်နာရီပိုင်ရှင်မကလေး သဇင်မြိုင်ကလည်း မောင်လေးကို လာကြည့်နေတာနဲ့ တန်းတိုးတော့တာပေါ့လေ"

"ဩော်- ဒီလိုလား"

"အဲဒါနဲ့ နှစ်ယောက်သား အကြံတူနေကြမှန်းသိတော့ မောင်လေး အခန်းဝင်ပြီးတာနဲ့ နှစ်ဦးသဘောတူ နောက်ယောင်ခံလိုက်ခဲ့ကြတာလေ"

"ဟုတ်လား"

"မောင်လေးတို့လမ်းထိပ်က ကုန်စုံဆိုင်မှာ စုံစမ်းကြတော့မှပဲ့ ဒေါ်ငြိမ်းခင်ဆုံးသွားပြီး မောင်လေးက သူ့မြေး မောင်သီဟမှန်း သိလိုက်ရတော့တာပေါ့"

ကြည့်စမ်း။ ဤကိစ္စ သဇင်မြိုင်ကို မေးခဲ့တုန်းက သူနှင့် အဖော်တစ်ယောက်ပါလာသူကို သူ့အစ်မလိုလို ပြောခဲ့သည်။ မာလာဒေဝီဟု မပြော။ မာလာဒေဝီနှင့် မိမိကိုလာကြည့်ရင်း ဗိုလ်တထောင်ဘုရားတွင် ဆုံတွေ့ခဲ့ကြပြီး သူတို့နှစ်ဦးပေါင်းပြီး နောက်ယောင်ခံလိုက်ခဲ့သည်ကိုလည်း တစ်ခွန်းမျှမဟ။ ဘာကြောင့် သည်လိုမြင်နေရပါသနည်း။ ဤကိစ္စကို မောင်သီဟရင်ထဲ အတော်ဘဝင်မကျလှ။

"ဟုတ်လား မမ၊ ဒါဆို သဇင်မြိုင်က မမနဲ့သူ နှစ်ဦးသဘောတူ ကျွန်တော့်နောက်က ခြေရာခံပြီးလိုက်ခဲ့တာကို ဘာလို့ ကျွန်တော့်ကိုမပြောခဲ့လဲ"

မာလာဒေဝီက ပြုံးတုံ့တုံ့မျက်နှာပေးဖြင့် မျက်လုံးများမှေးစင်းသွားကာ မျက်တောင်မခတ်ဘဲ အတန်ကြာ စိုက်ကြည့်နေသည်။ သူ၏အမူအရာက ဩော်- မောင်သီဟ မင်းဟာ အသက်ငယ်သလောက် အတွေ့အကြုံကလည်း နည်းပါးလိုက်ပါဘိ။ ဣတ္ထိဝက်နဒီဝက်တဲ့။ မြစ်ကဲ့သို့ အကောက်အကွေ့များတဲ့ မိန်းမတို့ရဲ့

အကြောင်းကို ကျမ်းကျေအောင် မင်း အတော်လေ့လာရဦးမှာပါလား မောင်သီဟရယ်ဟု ပြောနေသယောင်ယောင်။

"တကယ်တော့ အဲဒီ သဇင်မြိုင်ဆိုတဲ့ မိန်းကလေးက မောင်လေးကို အတော်လေး တန်းတန်းစွဲဖြစ်နေရှာတာကွယ့်"

"ခင်ဗျား"

"ဘာလဲ မောင်လေးမယုံလို့လား"

"မမကကော ဘာလို့ ဒီလိုပြောနိုင်ရတာလဲ"

"နေဦး၊ မောင်လေး မနေ့က သဇင်မြိုင်ကို ရွှေဘုန်းပွင့်ဘုရားမှာ သွားတွေ့ခဲ့တယ်မဟုတ်လား"

မောင်သီဟက နှုတ်ဖြင့်အဖြေမပေးဘဲ မသိမသာ ခေါင်းညိတ်ပြလိုက်သည်။ မာလာဒေဝီက ဖူးဖွေးသောသွားများ ပေါ်လွင်သည်အထိ ကျေနပ်စွာပြုံးပြလိုက်သည်။ သူ့အပြုံးက မောင်လေးလည်း သူ့ကို စွဲလမ်းနေတာပဲ မဟုတ်လားဆိုသည့် အဓိပ္ပာယ်။

"သူပြောခဲ့တဲ့စကားတွေထဲမှာ မာလာဒေဝီဆိုတဲ့ နာမည်မျိုး ခပ်ဆင်ဆင်တောင် မပါဘူးမဟုတ်လားဟင်"

မောင်သီဟက တဒင်္ဂစဉ်းစားဟန်ပြုနေပြီးမှ မညိတ်ချင်ညိတ်ချင် ခေါင်းညိတ်ပြလိုက်ပြန်လေသည်။

"အဲဒါအဖြေပဲပေါ့ မောင်လေးရယ်"

"ဗျာ - ဘယ်လိုအဖြေလဲ၊ မမပြောတာ ကျွန်တော် နားမလည်ဘူး"

မောင်သီဟက မျက်မှောင်ကုတ်၍ ပြန်မေးသည်။

"သဇင်မြိုင့်ခမျာ မောင်လေးရဲ့ရင်ထဲမှာ မာလာဒေဝီဆိုတဲ့ မိန်းမတစ်ယောက်ကိုစွဲငြိသွားမှာကို သေမလောက်ကြောက်နေရှာတာလေ။ ဒါ ချစ်ဆိပ်တက်ပြီး မနာလိုဝန်တိုဖြစ်နေတာလေ။ ဒါကြောင့် မမနာမည်ကိုရော မမနဲ့နှစ်ယောက်အတူ နောက်ယောင်ခံလိုက်လာတာကိုပါ တစ်လုံးမှထည့်မပြောတာပေါ့။ ဒါရှင်းပါတယ်နော်"

မောင်သီဟမှာ ရုတ်တရက် ဆွံ့အသွားသူတစ်ယောက်နှယ် စကားတစ်လုံးမှ ပြန်မပြောနိုင်ဘဲ မာလာဒေဝီကိုသာ မျက်လုံးပြူးဝိုင်း၍ ငေးစိုက်ကြည့်နေမိသည်။ ဟုတ်တော့လည်း ဟုတ်သည်။ သဇင်မြိုင်က မာလာဒေဝီ၏နာမည်ကို တစ်ခွန်းမှ မဟခဲ့သည်သာ

မက မိမိက ပြန်မေးမြန်းသည်ကို သူ့အစ်မ တစ်ယောက်ယောက်ကိုမဲ့ အဖော်ခေါ် လာသလိုလို ဖြောင့်ကွယ်ကွယ်ခဲ့သည်မဟုတ်လား။

"ဒါပေမယ့် သူ့တစ်ယောက်တည်းကိုချည်း ဒီလိုဖြစ်ရမလားလို့ အပြစ်မပြောသင့်ပါဘူးကွယ်"

ပြောဆိုနေရင်း ရုတ်ခြည်းဆိုသလို မာလာဒေဝီ၏ အသံများက တိုးညင်းတိမ်မြုပ်သွားကာ ဆို့နင့်ကြေကွဲသော လေလှိုင်းသံပမာ ပြောင်းလဲသွားသည်။ မျက်နှာပြင်မှာလည်း အားငယ်ညှိုးလျသော အရိပ်များက သိသာစွာထင်ဟပ်လာသည်။ သို့တစေ သူ၏မျက်ဝန်းများကမူ အရည်တလက်လက် တောက်ပလာကာ မောင်သီဟ၏မျက်ဝန်းများဆီသို့ ငေးမောကြည့်နေရင်း တစ်စုံတစ်ရာကို မျှော်တလင့်လင့်ဖြင့် စူးစမ်းရှာဖွေနေသည့်နှယ်။

"ဘာလို့လဲဆိုတော့ မမရဲ့ မနာလိုစိတ်က သဇင်မြိုင်ထက် အဆတစ်ရာမက ပိုမိုပြင်းထန်ပြီး မောင်သီဟကို မမတစ်ယောက်တည်းအတွက်ပဲ တစ်သက်လုံး အပိုင်သိမ်းယူထားလိုက်ချင်လို့ပါပဲ"

"ဟင်"

မောင်သီဟ တစ်ကိုယ်လုံး ရုတ်တရက် ကျဉ်စက်နှင့် အတို့ခံလိုက်ရသကဲ့သို့ ကတုန်ကယင်ဖြစ်ကာ သွေးကြောတစ်လျှောက် ရှိန်းတမြမြ ခံစားလိုက်ရပြီး ရင်ဖိုလှိုက်မောကာ နားထင်နှစ်ဖက် ပူထူသွားမိသည်။ အရွယ်ငယ်သလောက် ချစ်ရေးချစ်ရာတွင် အတွေ့အကြုံနုနယ်လှသော မောင်သီဟမှာ ကြက်သီးတဖြန်းဖြန်းထလျက် သူ၏ဆံပင်များပင် ထောင်မတ်သွားသလို ခံစားလိုက်ရပြီး မာလာဒေဝီအား မကြည့်ရဲဘဲ မျက်နှာလွှဲနေမိသည်။

မာလာဒေဝီကမူ မောင်သီဟမျက်နှာအား အနီးကပ် ရွှန်းရွှန်းစားစား စူးစူးရဲရဲကြည့်နေသည်။ ခဏနေမှ အနေခက်နေသော မောင်သီဟကိုကြည့်ကာ နှုတ်ခမ်းထောင့်စွန်း တစ်ဖက်တွန့်ကွေး၍ ပြုံးလိုက်သည်။ ပြီးမှ သက်ပြင်းမောတစ်လုံးကို ရှည်လျားစွာရှူထုတ်လိုက်ကာ မောင်သီဟ၏လက်ကို အသာဖြေလွှတ်ပေးလိုက်သည်။

"ပွင့်ပွင့်လင်းလင်းပြောရရင် မောင်လေးရဲ့ ရုပ်ရည်ကောအကျင့်စရိုက်ကိုပါ မမသဘောကျတယ်။ မောင်လေးရဲ့ အပြောအဆိုအမူအရာနဲ့ စိတ်ဓာတ်ကိုလည်း မမ ကြိုက်

တယ်။ မောင်လေးတစ်ကိုယ်လုံးကို မမ ရင်ခွင်ထဲ တစ်ခါ
လောက် ဆွဲနှစ်ထားလိုက်ရုံနဲ့ မောင်လေးဘဝကို မမ တစ်
သက်တာလုံး ပိုင်ဆိုင်သွားနိုင်တော့မယ်ဆိုတာ မမ ရာနှုန်း
ပြည့် ယုံကြည်ပြီးသားပါ။ ဒါပေမယ့်လေ . . ."

မောင်သီဟ၏မျက်နှာကို ကြေကွဲစွာစိုက်ကြည့်ရင်း လေသံ အေးအေးဖြင့် လေးလေးတွဲ့တွဲ့ပြောနေသော မာလာဒေဝီ၏အသံမှာ တဖြည်းဖြည်းတိမ်ဝင်သွားကာ အဝေးဆီသို့ ငေးမျှော်ကြည့်လိုက်လေသည်။

ကားရှေ့မှန်ကို ဖောက်ထွင်းမြင်နေရသော ဝင်းဝါတောက်ပနေသည့် ကရဝိက်မောင်နှံက သူတို့၏အဖြစ်ကို မသိကျိုးကျွန်ပြုနေကြသည်။ ဂုန်တော်ကြီးရေပြင်ကိုရှပ်တိုက်၍ အပြေးအလွှားရောက်လာကြသော လေနုအေးများက မာလာဒေဝီ၏ ပြန့်ပြူးညီညာသော နဖူးပြင်ပေါ် တွဲရရွဲကျနေသည့် ဆံရစ်ခွေကို တိုးဝှေ့၍ ကျီစယ်ကစားလိုက်သည်။ ထိုလေနုအေးများသည် မာလာဒေဝီ၏ရင်ထဲ၌ တညီးညီးတောက်လောင်နေသော ကိလေသာအပူမီးကိုကား မကျီစယ်မတိုးဝှေ့ဝံ့ကြပါချေ။

"ဒါပေမယ့် မမကလေ လူတစ်ယောက်ရဲ့ အရောင်မဲ့ဓာတ္တာကို မမရဲ့ လိုအင်ဆန္ဒတစ်ခုတည်းအတွက်နဲ့တော့ မဏ္ဍာရား လှည့်စားအနိုင်ယူပြီး အတင်းအဓမ္မ မြှူဆွယ်အရောင်ဆိုး သိမ်းသွင်းတတ်တဲ့ မိန်းမဆိုး၊ မိန်းမကြမ်း၊ မိန်းမယုတ်ကြီးတော့ အဖြစ်မခံနိုင်ဘူး မောင်သီဟ"

နှလုံးသားဆီက နာကျင်ဆွေးမြည့်မှုဒဏ်ရာကြောင့် ရင်ထဲမှ တလိပ်လိပ်ဆို့တက်၍ ပေါက်ကွဲလွင့်စဉ်လာသော မာလာဒေဝီ၏ ငိုသံစွက်လာသည့် အက်ရှရှအသံက မောင်သီဟ၏ရင်တွင်းဆီသို့ ပင် ကူးစက်ထင်ဟပ်လာသည်။

မောင်သီဟက မာလာဒေဝီအား ကရုဏာသက်စွာကြည့်နေမိသည်။ မာလာဒေဝီက အချစ်ပင်လယ်တစ်ကြော ချစ်ဦးသူနှင့်အတူ ချစ်လှေငယ်ဖြင့် ကမ်းမမြင်လမ်းမမြင် လွင့်မျောနေစဉ် မမျှော်လင့်သော ကံကြမ္မာမုန်တိုင်းအောက်ဝယ် နစ်မြုပ်ပြီး အနာဂတ်ရင်ခွင်ပျောက်ခဲ့ရသော မိမိ၏ ဘဝပေးကုသိုလ်ကို ပြန်လည် သတိရနေမိသည်။

"အမှန်တော့ မမဟာ အိမ်ထောင်တစ်ခါကျခဲ့ပြီးမှ ဘဝ အကြောင်းမလှလို့ မုဆိုးမဖြစ်ခဲ့ရတဲ့ ကံဆိုးမပါ။ မမမှာ ငွေကြေးဥစ္စာ ရတနာတွေ ကျိကျိတက်အောင် ချမ်းသာခဲ့ ပေမယ့် ကြေမွနေတဲ့နှလုံးသားမှာ ချစ်မေတ္တာ အလွန်ဆင်း ရဲခဲ့တဲ့ အထီးကျန်မ,ပါကွယ်။ မမရဲ့ရင်ထဲမှာလည်း အချစ် စိတ်တွေ ပျောက်ကွယ်ဆိတ်သုဉ်းနေခဲ့တာလည်း ကြာပါပြီ မောင်လေးရယ်။ ဟော- အခုတော့ လုံးဝ မထင်မှတ်ထားတဲ့ အချိန်မှာ မမရဲ့ မှောင်မိုက်နေတဲ့ကမ္ဘာကြီးထဲကို ရွှန်းလက် အေးမြတဲ့လမင်းကြီးလို မောင်သီဟက ဖြန်းခနဲ ရောက်လာ လိုက်တော့လေ မမရဲ့ နှစ်ပေါင်းအတော်ကြာ မှောင်မိုက်နေ ခဲ့တဲ့ကမ္ဘာကြီး ရုတ်တရက် လင်းထိန်ဝင်းပသွားသလိုပါပဲ မောင်လေးရယ်"

မာလာဒေဝီက ပါးပြင်တစ်လျှောက် တလိမ့်လိမ့်စီးဆင်းလာ သော မျက်ရည်ဥကို လက်ဖမိုးဖြင့်သုတ်ရင်း ပြုံးပြလိုက်သည်။

"ဒါကြောင့် မောင်လေးရဲ့ ဖြူစင်တဲ့မေတ္တာကို မမ ရိုးရိုး သားသားပဲ တောင်းခံပါရစေ။ ကဲ- မမကိုအဖြေပေးစမ်းပါ၊ မောင်လေးထက်လည်း အသက်ငါးနှစ်လောက်ကြီးတယ်။ ပြီးတော့ အိမ်ထောင်လည်းကျဖူးတဲ့ မုဆိုးမတစ်ယောက်ရဲ့ မေတ္တာကို တုံ့ပြန်လက်ခံနိုင်မလားဟင် မောင်လေး"

မောင်သီဟက မာလာဒေဝီအား ကြင်နာစွာ ကြည့်နေရာမှ ဆက်မကြည့်ဝံ့တော့ဘဲ မျက်နှာလွှဲလိုက်သည်။ လေအဝှေ့တွင် တလှုပ်လှုပ်ဖြင့် လှည့်ပတ်ကခုန်ပြနေသော ကားရှေ့မှန်အနီးမှ မင်းသားရုပ်ကလေးကို အဓိပ္ပာယ်မဲ့ ငေးစိုက်ကြည့်နေမိသည်။

တကယ်ဆိုလျှင် မိမိကသာ သဇင်မြိုင်ကို စတင်၍ ချစ်ရေး ဆိုခဲ့မိသည် မဟုတ်လား။ သို့တစေ အုံညွှဖွယ်ကောင်းသည်မှာ သဇင်မြိုင်ထံမှ သောင်းတန်ငွေလက်ပတ်နာရီ မိမိလက်ထဲရောက် လာသည်နှင့် သဇင်မြိုင်၏ပုံရိပ်မှာ မိမိမျက်စိရှေ့မှာတင် ဝိုးတဝါး မှုန်မှိုင်းသွားသလိုထင်မိသည်။ ဒါဆိုရင် အချစ်စစ်အချစ်မှန် မဖြစ် နိုင်တော့။ မိမိလက်ထဲ သောင်းတန်ငွေလက်ပတ်နာရီ ရရှိရေးသက် သက်အတွက် အဟုအယောင် ချစ်ရေးဆိုခဲ့ခြင်းသာ ဖြစ်ချိမ့်မည်။

ဟော- အခုတော့ မာလာဒေဝီက သူ့ကို စတင်၍ ရင်ဖွင့်ပြ

နေပါပြီကော။ ဒါ သူမ၏ မေတ္တာစစ်မေတ္တာမှန်ပေလား။ မာလာဒေဝီကို မြင်မြင်ချင်း ကျက်သရေရှိသော မိန်းမတစ်ယောက်အနေနှင့် မိမိထင်မြင်ခဲ့သည်လေ။ ခုတော့လည်း မာလာဒေဝီဆိုသည့် နာမည်နှင့် မဟာဆန်လှသူအဖြစ် ခံစားလာမိပြန်သည်။ ဒါဆိုရင် မိမိက သူမကို ချစ်နေမိတာများလား၊ ဒါမှမဟုတ် သနားနေမိတာများလား။ အချစ်ထဲမှာ သနားခြင်းပါစွက်မိရင်တော့ ခံရပြီသာမှတ်။

အိုဗျာ- သူ့အပေါ် ချစ်တာလည်းမဟုတ်၊ သနားတာလည်းမဟုတ် ဘယ်လိုခေါ်မလဲ အင်း- စိတ်ဝင်စားမိတာတော့ အမှန်ပါ။ ဘာကိုလဲ၊ လူကိုလား၊ သူမရဲ့ ချမ်းသာကြွယ်ဝမှုကိုလား။

ဟာ- စဉ်းစားရခက်လိုက်တာ။ အဲ. . . . အဲဒါတွေလည်း တစ်ခုမှ မဟုတ်သလိုလိုပါဘဲဗျာ။ ဘာမှန်းကို ကွဲကွဲပြားပြားမသိပါဘူးဗျာ။

"ကဲ- ဘယ်လိုလဲ မောင်လေး၊ မမကို အဖြေမပေးတော့ဘူးလား"

မာလာဒေဝီ၏အသံကြောင့် မောင်သီဟ အတွေးအာရုံမှ လန့်နိုးသွားသည်။ ပြီးမှ အားယူ၍ တံတွေးတစ်ချက်မျိုချကာ မာလာဒေဝီအား ကြည့်လိုက်သည်။

"ကျွန်တော် အမှန်အတိုင်းဝန်ခံရရင် မမကို တွေ့တွေ့ချင်း စိတ်ဝင်စားမိခဲ့တယ်။ မမရဲ့ မဟာဆန်ပြီး ကျက်သရေရှိတဲ့ မျက်နှာလေးကိုလည်း တသသသတိရနေမိခဲ့တယ်။ ဒါပေမယ့် ကျွန်တော့်စိတ်ကို အနှောင့်အယှက်ပေးနေတာ တစ်ခုရှိတယ်"

"ဘာလဲ မောင်လေး၊ မုဆိုးမဆိုတာကိုလား"

"မဟုတ်ပါဘူး၊ ဟို- မမက ကျွန်တော့်ထက် အသက် ငါးနှစ်လောက် ကြီးနေတာကိုပါ။ အဲဒါလေ ဟို"

"ဟားဟားဟား"

သည်တစ်ခါတော့ မာလာဒေဝီက မခို့တရို့အမူအရာဖြင့် တခစ်ခစ် မရယ်ပါလေတော့။ ဂန်စပ်တွင် ရပ်တန့်ထားသော မာဇဒါဆီဒင်ကားတစ်စီး တုန်ခါသွားသည်အထိ သူမ၏ တစ်ကိုယ်လုံးကိုလှုပ်ယမ်းကာ အားရပါးရ တဟားဟားဖြင့် ကျယ်လောင်စွာ

ရယ်မောလိုက်လေသည်။ သူမက မောင်သီဟအား ရယ်မောနေသည့်ကြားက တစ်စုံတစ်ခုကို သဘောကျနေသည့်အလား စိုက်ကြည့်၍ ရယ်နေခြင်း ဖြစ်၏။ ရယ်ရှိန်ပြေသွားမှ မာလာဒေဝီက မောင်သီဟ၏ ပခုံးတစ်ဖက်ကို အသာဆုပ်ကိုင်ရင်း ပြုံးရွှင်စွာပြောလိုက်သည်။

"လက်စသတ်တော့ ငါ့မောင်က မမကို စိတ်ဝင်စားနေသလိုလို၊ တမ်းတသတိရနေသယောင်ယောင်နဲ့ အမှန်တကယ်တော့ မမဆီက သိန်းတန်ငွေလက်ပတ်နာရီကို လိုချင်နေတာကိုး။ ဟုတ်တယ်မဟုတ်လား မောင်လေး"

တောကစားထွက်လာသော အိမ်ရှေ့မင်းသား၏ စားတော်ခွက်ထဲမှ အသားတုံးကိုဝင်ဆွဲရန် အလစ်ချောင်းနေစဉ် လူမိခံလိုက်ရသော တောကျီးကန်းကဲ့သို့ မောင်သီဟခမျာ ကြောင်အမ်းအမ်းဖြင့် တူန်လှုပ်သွားမိသည်။ မာလာဒေဝီ၏စကားက အလွန်ရဲတင်း၍ အလွန် တဲ့တိုးကျပါကလား။

"ကဲ- မမပြောတာ ဟုတ်တယ်မဟုတ်လား မောင်သီဟ"

မာလာဒေဝီက ခပ်ပြုံးပြုံးစိုက်ကြည့်ရင်း ထပ်မေးလိုက်သည်။

မောင်သီဟက လည်ချောင်းတစ်ချက်ရှင်းလိုက်သည်။

"ဟို- အမှန်တော့ ကျွန်တော့်ထောင်တန်နာရီကြီးနဲ့ ထီထိုးပြီး ငွေကလေး တစ်သိန်းငါးသောင်းလောက် ထုတ်နေရတာကို တစ်နေ့တခြား ငြီးငွေ့လာတာနဲ့ တစ်ခါတလေ သိန်းချီပြီး ငွေထုတ်ဖူးတယ်ရှိအောင်လို့ မမဆီက သိန်းတန်ငွေလက်ပတ်နာရီကို ခဏငှားပြီး . . ."

"မလိုဘူး မောင်လေး မလိုပါဘူး"

မာလာဒေဝီက လက်ဝါးကာပြ၍ ကြားဖြတ်ပြောလိုက်ကာ သူမ၏ လက်ဆွဲအိတ်ထဲမှ ကတ္တီပါဘူးအနီရောင်တစ်ခုကို ထုတ်ယူသည်။ ပြီးမှ ထိုဘူးအဖုံးကို ဖွင့်ပြသည်။ ဘူးထဲက အောက်ခံကတ္တီပါအနီရောင်ပေါ်တွင် ငွေရောင်တလက်လက်တောက်နေသော သိန်းတန်ငွေလက်ပတ်နာရီကို တွေ့လိုက်ရသည်။ မာလာဒေဝီက ဘူးအဖုံးကိုပြန်ပိတ်ကာ မောင်သီဟ၏လက်ထဲသို့ ထည့်ပေးလိုက်သည်။

"ရော့- မောင်သီဟ၊ မောင်လေးအတွက်ဆိုရင် မမ အသက်

ကိုတောင် စွန့်လွှတ်ဖို့အထိတောင် စဉ်းစားထားတာပဲ။ ဒီနာရီလောက်က ဘာလုပ်ဖို့လဲ။ ဘာမှငှားနေစရာမလိုဘူး၊ အပိုင်သာ ယူထားလိုက်တော့"

မာလာဒေဝီက ပြောပြောဆိုဆို ကားသော့ကို လှမ်းဖွင့်ကာ စက်နှိုးလိုက်သည်။ ကားကို နောက်ပြန်ဆုတ်ကာ ဘယ်ဘက်သို့ ချိုးကွေ့သည်။ ကားစတီယာရင်ကို ဘယ်ဘက်သို့ပြန်လှည့်ကာ ကားခေါင်းကို ကနေဒီကျွန်းအဝင်ဆီသို့ ဦးတည်လိုက်သည်။

ကားသည် ကန်တော်ကြီးပတ်လမ်းမှတစ်ဆင့် တာမွေဘက်ဆီသို့ ကျိုက္ကစံလမ်းအတိုင်း တရိပ်ရိပ်ပြေးနေသည်။ မာလာဒေဝီသည် ဘေးဘီကို တစ်ချက်မျှ စောင်းငဲ့မကြည့်တော့ဘဲ ကားကိုသာ အာရုံစိုက်၍ မောင်းနေသည်။ သူ၏မျက်နှာအမူအရာမှာ တင်းမာနေသည်လည်းမဟုတ်။ ပျော့ပျောင်းနေသည်လည်းမဟုတ်။ ခံစားမှုကင်းမဲ့သော စက်ရုပ်တစ်ရုပ်၏ မျက်နှာအလား ထင်မှတ်ရသည်။

မောင်သီဟက သူ့လက်ထဲက ကတ္တီပါဘူးအနီကို ကြည့်လိုက်၊ ကားမောင်းနေသော မာလာဒေဝီကို မရဲတရဲ စောင်းငဲ့ကြည့်လိုက်ဖြင့် ဂနာမငြိမ်နိုင်အောင်ဖြစ်နေသည်။ မိမိထင်ထားသည်ထက် စောလွန်းစွာ သိန်းတန်ငွေလက်ပတ်နာရီကို လက်ဝယ်ရရှိလိုက်၍ အိပ်မက်မက်နေသူပမာ မယုံနိုင်အောင်ဖြစ်နေမိသေးသည်။

ကားသည် ကျိုက္ကစံလမ်းအဆုံးတွင် ကျောက်မြောင်း သီတာလမ်းထဲသို့ ချိုးဝင်မောင်းလာကာ အိမ်တစ်အိမ်ရှေ့၌ ထိုးရပ်လိုက်သည်။

မောင်သီဟ၏အိမ်သို့ ရောက်လေပြီ။

မောင်သီဟက ကားပေါ်ကဆင်းကာ တံခါးကိုပြန်ပိတ်ပေးရင်း မာလာဒေဝီအား ငုံ့ကြည့်လိုက်သည်။

"ကျေးဇူးတင်ပါတယ် မမ"

မာလာဒေဝီက ဘာမှပြန်မပြော။ လှည့်၍ပင်မကြည့်။ ရှေ့တည့်တည့်သို့ကြည့်ကာ နှုတ်ခမ်းထောင့်စွန်းတစ်ဖက် ကွေးတွန့်၍ပြုံးလိုက်ကာ ကားကို အရှိန်ပြင်းစွာ မောင်းထွက်သွားလေတော့သည်။

မောင်သီဟက လမ်းပေါ်တွင် ငေါင်းစင်းစင်း ရပ်ကျန်ရစ်ခဲ့ကာ ကတ္တီပါဘူးအနီကိုကြည့်၍ တစ်ယောက်တည်းရေရွတ်နေမိ

သည်။

"ဒါ ငါ့ကို အပိုင်ပေးခဲ့တာဆိုပါလား"

✿✿✿

## အခန်း (၁၀)
## ဂမ္ဘီရဘွားဘွား၏ နှင်းဆီရနံ့

"ကဲ- ပြော၊ ဘယ်နှစောင်လဲ အစ်ကို"

"ငါးစောင်ပါ နန္ဒာ"

"ဒီတစ်ခါလည်း ငါးစောင်လုံးပေါက်မယ်ထင်တယ်နော်"

"ဒါတော့ ကျိန်းသေဘယ်ပြောလို့ရမလဲ။ ကုသိုလ်ကံတရားက ရှိသေးတယ်လေ"

ယနေ့နံနက်စောစော ဘုရားဝတ်ပြု၍ အိမ်မှ ထွက်လာကာ နန္ဒာရွှေတို့၏ စိန်ရွှေလျှံသိန်းထီဆိုင်တွင် ပထမဆုံး စတင် ထီထိုးလိုက်ခြင်း ဖြစ်၏။ ထောင်တန်ငွေလက်ပတ်နာရီကိုပတ်၍ ထီပေါက်ဂါထာရွတ်ဆိုခဲ့ရာ ဤတစ်ကြိမ်တွင် သည်စိန်ရွှေလျှံထီဆိုင်တွင် ငါးထောင်ဆုနှစ်ဆုသာ ပေါက်ဂဏန်းတွေ့ခဲ့၏။

မိမိ၏လှုပ်ရှားမှုများကို ကောင်တာအတွင်းမှ နန္ဒာရွှေက မျက်စိဒေါက်ထောက်၍ ကြည့်နေသည်ဖြစ်ရာ ယုတ္တိရှိအောင် သင့်နှတ်ရာ ထီသုံးစောင်ပါ ထပ်မံ ရောနှောထိုးလိုက်ရခြင်း ဖြစ်၏။ နို့မို့ ထိုးတိုင်းပေါက်နေပါက နန္ဒာရွှေအနေနှင့် မယုံသင်္ကာ ပို၍ဖြစ်ပေါ်လာနိုင်သည် မဟုတ်လား။

"အစ်ကို ဒီတစ်ခါထိုးတာ မြန်သားပဲ၊ ဟိုတစ်ခါလောက် မကြာဘူးနော်"

"ဒါဆို အစ်ကို့ပုံတူပန်းချီကား ဆွဲလောက်အောင် အချိန်မရလိုက်ဘူးပေါ့ ဟုတ်လား"

"ဘယ်ဟုတ်မလဲ အစ်ကိုရဲ့ စက္ကူပေါ်မှာဆွဲတဲ့ ပန်းချီထက် ပိုဆေးခိုင်ပြီး တစ်သက်လုံး မပျက်ပြယ်နိုင်မယ့် အစ်ကို့ပုံတူ ပန်းချီကားတစ်ချပ်ကို အမိအရ ဆွဲထားလိုက်တာပေါ့ အစ်ကိုရယ်"

"ဟုတ်လား ဘယ်မှာလဲ၊ ပန်းချီကားလည်း မတွေ့ပါလား"

"ဘယ်တွေ့နိုင်မလဲ အစ်ကိုရဲ့၊ နန္ဒာရဲ့ စိတ်ကြေးမုံပြင်ပေါ်မှာ ဆွဲထားလိုက်တာလေ"

"ဩော်- ဒါဆို စိတ်ကြေးမုံပြင်မှာ ပုံပေါ်အောင် ဘယ်လို စုတ်တံမျိုးနဲ့ ဆွဲထားလိုက်တာပါလိမ့်နော်"

မောင်သီဟသည် နန္ဒာရွှေက မိမိအပေါ် အသာရအောင် ဖြေလိုက်ခြင်းအပေါ် အခက်တွေ့စေရန် ဖြတ်ထိုးမေးခွန်းမျိုး မေးလိုက်ခြင်း ဖြစ်၏။

"ဩ- အစ်ကိုကလည်း မသိချင်ယောင်ဆောင်နေပြန်ပါပြီ။ ဘာစုတ်တံရမလဲ၊ နန္ဒာ့ရင်ထဲကဖြစ်တဲ့ နှလုံးသားစုတ်တံနဲ့ပေါ့ အစ်ကိုရဲ့"

မောင်သီဟက နန္ဒာရွှေအား အံ့အားသင့်စွာ ကြည့်လိုက်မိသည်။ ကြည့်စမ်း၊ ဖြေလိုက်ပုံများ။ သူ ဘယ်လိုမှ မစဉ်းစားထားမိသော အဖြေမျိုး။ သည်မိန်းကလေးကို လျှော့တွက်၍မရ။ စကားပြောဆင်ခြင်နိုင်မှ တော်ကာကျမည်။

"ကဲ- ဒီနေ့တော့ အစ်ကိုခရီးဆက်စရာရှိလို့ သွားလိုက်ဦးမယ် နန္ဒာ"

"အို- အစ်ကိုကလည်း နေပါဦးလား၊ တစ်ခုခု စားသွားဦးမှပေါ့"

"ရပါတယ် နန္ဒာ၊ ဒီနေ့ အစ်ကို့မှာ အလုပ်ကိစ္စအသစ်နှစ်ခု ချိန်းထားတာလေးရှိနေလို့ပါ။ နောက်တစ်ခေါက်မှပေါ့နော်"

"ဒါဆိုလည်း ထီဖွင့်ပြီးတာနဲ့ နန္ဒာ လာအကြောင်းကြားမယ်နော်။ အစ်ကို ဘယ်မှသွားမနေနဲ့ဦး"

"စိတ်ချပါ နန္ဒာရယ်၊ အဲဒီနေ့ကျရင် အစ်ကို အိမ်မှာ ဆက်ဆက်စောင့်နေပါ့မယ်"

မောင်သီဟက နန္ဒာရွှေတို့ဆိုင်မှ ခပ်သွက်သွက်ထွက်လာမိသည်။ တွေ့သည့်ဘတ်စ်ကားတစ်စီးပေါ် တက်စီးကာ ရန်ကုန်မြို့

လယ်ကောင်ဆီသို့ ထွက်လာခဲ့သည်။

ယနေ့အဖို့ မောင်သီဟအနေနှင့် နန္ဒာရွှေကို ပြောခဲ့သလို လုပ်ငန်းအသစ်စက်စက်နှစ်ခုကို အကောင်အထည်ဖော်ရတော့မည် ဖြစ်၏။ ထိုလုပ်ငန်းသစ်နှစ်ခုကား တခြားမဟုတ်။

သောင်းတန်ငွေလက်ပတ်နာရီနှင့် သိန်းတန်ငွေလက်ပတ်နာရီနှစ်လုံးဖြင့် ထီဆိုင်များတွင် သောင်းဆုသိန်းဆုများပေါက်မည့် ထီလက်မှတ်များကို ရှာဖွေ၍ထိုးရန် ဖြစ်၏။

မာလာဂဒဝီ၏ သိန်းတန်ငွေလက်ပတ်နာရီကတော့ မိမိကို အပိုင်ပေးလိုက်ခြင်းဖြစ်၍ အလောတကြီးထိုးနေရန် မလိုချေ။ ခေတ္တငှားရမ်းလိုက်သော သဇင်မြိုင်၏ သောင်းတန်ငွေလက်ပတ်နာရီကိုတော့ အမြန်ဆုံး အကောင်အထည်ဖော်မှသင့်ပေမည်။

မောင်သီဟက ပန်းဆိုးတန်းမှတ်တိုင်တွင် ဆင်းလိုက်ကာ (၃၇) လမ်းထိပ်ရှိ ထီဆိုင်ဆီသို့ လျှောက်လာခဲ့သည်။ ဆိုင်ရှေ့မရောက်မီ ခပ်လှမ်းလှမ်း၌ရပ်ကာ လွယ်အိတ်ထဲမှ ပလတ်စတစ်ဘူး အနီရောင်ကိုထုတ်ယူ၍ နာရီဒိုင်ခွက်အောက်ကို လှန်ကြည့်သည်။ နောက်ကျော အလယ်တည့်တည့်မှ သော့သီးငယ် ခပ်ပြားပြားပေါ်တွင် နံပါတ် (၂)ဂဏန်း ရေးထွင်းထားသည်ကို တွေ့ရ၏။ သောင်းတန်နာရီပင် ဖြစ်၏။

မောင်သီဟက သောင်းတန်ငွေလက်ပတ်နာရီကို ညာဘက်လက်ကောက်ဝတ်တွင်ပတ်ကာ ထီဆိုင်ရှေ့တွင် ရပ်လိုက်သည်။ မျက်စိစုံမှိတ်လိုက်ကာ 'တေဒဂ္ဂ ဘိက္ခဝေ မမ သာဝကာနံ' အစချီသော ထီပေါက်ဂါထာကို (၃၇) ခေါက် ရွတ်ဆိုလိုက်၏။ (၃၇) ခေါက်ပြည့်သည်နှင့် နာရီဒိုင်ခွက်အနောက်ဘက် အလယ်တည့်တည့်မှ သော့သီးငယ်၏ ကုတ်ခြစ်အချက်ပေးလာမည့် အချက်များကို စောင့်နေလိုက်သည်။ ထိုသော့သီးက ဤဆိုင်တွင် ငါးသောင်းဆုပေါက်မည့် ထီလက်မှတ် ဘယ်နှစောင်ရှိသည်ကို မိမိ၏ လက်ကောက်ဝတ်ကို ကုတ်ခြစ်၍ အချက်အရေအတွက်နဲ့ အသိပေးရမည် ဖြစ်၏။

မောင်သီဟ ထီဆိုင်ရှေ့တွင် ရပ်စောင့်နေသည်။

တစ်မိနစ်။

နှစ်မိနစ်။

သုံးမိနစ်။

လေးမိနစ်။

ကြည့်စမ်း - ဘယ်လိုဖြစ်တာပါလိမ့်။ မိမိ ထောင်တန်ငွေလက်ပတ်နာရီကိုပတ်၍ ထီပေါက်ဂါထာ(၃၇)ခေါက် ရွတ်ဆိုပြီးသည်နှင့် တစ်မိနစ်အတွင်း အချက်ပြတော့သည် မဟုတ်လား။

အခု သည်နာရီကျတော့ ထီပေါက်ဂါထာ ရွတ်ပြီးတာပဲ လေးမိနစ် အဲ- ငါးမိနစ်တောင်ရောက်နေပြီ။ ဘာလို့ ခုထိအချက်မပေးသေးတာပါလိမ့်။

တစ်ခုတော့ရှိသည်။ ဒီသောင်းတန်နာရီက ထောင်တန်နာရီထက် အချက်ပေးချိန် ပိုကြာတတ်၍များလား။ ဤကိစ္စကို သဇင်မြိုင်ကလည်း ဘာမှပြောမထားခဲ့။ မပြောခဲ့သည့်အပြင် မိမိကနာရီငှားသည်ကိုပင် တစ်ခွန်းတောင်မငြင်းဘဲ ချက်ချင်းပင် ထုတ်ပေးခဲ့သည်။ ဘာပဲဖြစ်ဖြစ် သူက မပြောပေမယ့် ကိုယ်က ဥစ္စာရှင်လို ဥစ္စာရှင်ခဲ မေးမြန်းကြည့်ခဲ့ဖို့ ကောင်းသည်လေ။

ခုတော့ ဘယ်လိုလုပ်မလဲ။ ထီဆိုင်ရှေ့မှ ငှတူတူမျက်စိမှိတ်၍ ရပ်နေတာဖြင့် (၆)မိနစ်၊ ဟော (၇) မိနစ်တောင်ရှိနေပြီ။ ဗိုင်ခွက်အောက်က သော့သီးက ဘာမှအချက်မပြသေးပါလား။

ကြည့်ရတာ သောင်းတန်နာရီဖြစ်၍ (၁၀)မိနစ်ကြာမှ အသိပေးမည့်စနစ်နဲ့များ စီရင်ဖန်တီးထားသလားမသိ။ ဖြစ်တော့ဖြစ်နိုင်သည်။ ထောင်တန်နှင့်သောင်းတန်ဆိုတာ ကိန်းဂဏန်းအားဖြင့် (၁၀)ဆကွာသည် မဟုတ်လား။

မောင်သီဟက သည်းခံ၍ စိတ်ရှည်ရှည်စောင့်သည်။

၁၀ မိနစ်။

၁၁ မိနစ်။

၁၂ မိနစ်။

၁၃ မိနစ်။

တော်ပြီ။ ဒီလောက်ကြာမှတော့ သိပ်မဟုတ်တော့ဘူးထင်သည်။ တစ်ခုခုများမှားနေပြီလား။ မှားရအောင်ကလည်း ဘာစည်းကမ်းချက်မှ ထူးထူးခြားခြား သတ်မှတ်ထားသည် မဟုတ်။ ငွေလက်ပတ်နာရီကို ညာဘက်လက်မှာပတ်ပြီး ထီပေါက်ဂါထာကို (၃၇)ခေါက် ရွတ်ဆိုသည်နှင့် ကိစ္စပြီးသည်။

ခုတော့ ဘယ်လိုဖြစ်သည်မသိ။ မစဉ်းစားတတ်တော့အောင် ပါဘဲ။ တစ်ခုတော့ရှိသည်။ သူဂါထာရွတ်တာ (၃၇)ခေါက်များ မပြည့်မိလို့လား။ ဒါလည်း မဟုတ်သေး။ သေသေချာချာ လက်ချိုး ရေပြီး ရွတ်ဆိုခဲ့တာပဲ အကြိမ်မနည်းခဲ့တော့။ တစ်ခါမှ မှားသည် လို့တော့မရှိခဲ့။ ထောင်တန်နာရီနဲ့ တောက်လျှောက် အဆင်ပြေ လာခဲ့သည်ပဲဟာ။ ဘာပဲဖြစ်ဖြစ် မလိုလည်းလိုလည်း ဂါထာတစ် ခေါက်တော့ ပြန်ရွတ်ကြည့်သေးတာပေါ့။

မောင်သီဟက ထီဆိုင်ရှေ့ နေရာအသစ်တွင်ရပ်၍ မျက်စိ စုံမှိတ်ကာ ထိုပေါက်ဂါထာကို ရွတ်လိုက်သည်။ မမှားနိုင်စေရန် သေသေချာချာ လက်ချိုး၍သတိထားကာ (၃၇) ခေါက် ရွတ်ဆို သည်။ ပြီးသည်နှင့် နာရီဒိုင်ခွက်မှ သော့သီး၏ ကုတ်ခြစ်အချက် ပေးလာမှုကို စောင့်သည်။

တစ်မိနစ်။

နှစ်မိနစ်။

ခုနစ်မိနစ်။

ဆယ်မိနစ်။

အကြောင်းမထူး ဒုံးရင်းဒုံးရင်း။

ဒီသောင်းတန် ငွေလက်ပတ်နာရီကတော့ တစ်စုံတစ်ရာ ချွတ်ချော်နေသည်ကတော့ သေချာနေပြီ။ သည်တော့ ဤကိစ္စကို ခဏရပ်ထားလိုက်တော့။ သဇင်မြိုင်နှင့်တွေ့၍ ပြန်မေးပါက အဖြေ မှန်အကြောင်းရင်းကို သိနိုင်မည်။ လောလောဆယ်တန်ဖိုးရှိသော အချိန်များ အလဟဿအဖြစ်မခံနိုင်။

မောင်သီဟက ထီဆိုင်နှင့် မလှမ်းမကမ်း လူရှင်းရာသို့သွား ၍ သောင်းတန်ငွေလက်ပတ်နာရီကိုချွတ်ကာ ပလတ်စတစ်ဘူးထဲ သို့ ပြန်ထည့်လိုက်ပြီး လွယ်အိတ်ထဲထည့်သိမ်းလိုက်သည်။ ပြီးမှ ကတ္တီပါဘူးအနီကိုထုတ်၍ ဖွင့်ကြည့်လိုက်ရာ ငွေရောင်ပြောင်လက် နေသည့် သိန်းတန်ငွေလက်ပတ်နာရီ တွေ့ရ၏။ နာရီဒိုင်ခွက်၏ နောက်ဘက်ကိုလှန်ကြည့်ရာ အလယ်ကောင်သော့သီးပေါ်တွင် နံပါတ် (၃)ဂဏန်းကို ထင်ရှားစွာတွေ့မြင်ရသည်။ နံပါတ် (၃)ဆို တော့ ဒါ သိန်းတန်နာရီ အသေအချာပဲ။

သည်တော့ သောင်းတန်နာရီ၏ ပြဿနာ အဖြေမပေါ်မီ

သည် သိန်းတန်နာရီနှင့်ပဲ ပေါက်ဂဏန်း ရွေးရတော့မည်။ အမှန်တကယ်တော့ သိန်းတန်နာရီက အပိုင်ပေးလိုက်သော ကိုယ်ပိုင်ပစ္စည်းဖြစ်သဖြင့် အေးအေးဆေးဆေးမှထိုးရန် စိတ်ကူးထားခဲ့သည်။

အင်း - မြန်မြန်သူဌေးဖြစ်ချင်လို့များ သိန်းတန်နာရီကို စောစောစီးစီးသုံးဖို့ ကြံလာသည်လား မသိနိုင်တော့။ ကြည့်လေ-သောင်းတန်နာရီနဲ့က တစ်ခါပေါက်မှ (၁၀) သိန်းပဲရမည်။ ငါးပုံတစ်ပုံ ငွေနှစ်သိန်းလှူလိုက်ပါက အသားတင် ငွေ (၈)သိန်းသာ ကျန်တော့မည်။

သိန်းတန်နာရီကိုကြည့်။ တစ်ကြိမ်ပေါက်သည်နှင့် ငွေသိန်း (၅၀)ထုတ်ရသည်။ ငါးပုံတစ်ပုံ ငွေ(၁၀)သိန်း ဘုရားလှူဒါန်းလိုက်ပါက အသားတင် ငွေသိန်း (၄၀) ကြီးများတောင် လက်ဝယ်ကျန်မည်။ အောင်ဘာလေထီ အမြင့်ဆုံးဆုငွေ သိန်း (၃၀) သတ်မှတ်ထားသောခေတ်တွင် မိမိက (၁၀)သိန်း ပိုနေသေးသည်။ နေ့ချင်းညချင်း သူဌေးဖြစ်ပြီပေါ့။

မောင်သီဟက သိန်းတန်ငွေလက်ပတ်နာရီကို သူ၏ ညာဘက်လက်ကောက်ဝတ်တွင် ပတ်လိုက်သည်။ ဘုရား၊ တရား၊ သံဃာနှင့် စနေဂြိုဟ်မင်းကြီးကို အာရုံပြု၍ ထီဆိုင်ရှေ့သို့ ပြန်လျှောက်လာခဲ့သည်။ ထီဆိုင်ကောင်တာ၏ ရှေ့တည့်တည့်တွင်ရပ်ကာ မျက်စိများကို စုံမှိတ်ထားလိုက်ပြီး ထီပေါက်ဂါထာကို (၃၇) ခေါက် လက်ရေချိုး၍ ဌာန်ကရိုဏ်းကျကျ ရွတ်ဆိုလိုက်သည်။

ထီပေါက်ဂါထာ (၃၇) ခေါက် အသေအချာ ပြည့်လေပြီ။ မောင်သီဟက နာရီဒိုင်ခွက်နောက်ကျောမှ သော့သီး၏ ကုတ်ခြစ်အချက်ပြမှုကို စောင့်နေသည်။ သိန်းတန်နာရီဆိုတော့ ပြောရတော့ ခက်သည်။ အချိန်မည်မျှကြာမှ အစွမ်းသတ္တိပြမည်မသိ။

တစ်မိနစ်။

နှစ်မိနစ်။

သုံးမိနစ်။

ဟော- ကြည့်။

ဒိုင်ခွက်နောက်ဘက်တွင် တလှုပ်လှုပ်တော့ဖြစ်လာသည်။ ဒါနောက်ကသော့သီးက အချက်ပေးတာများလား။ သို့သော် အရင်

ထောင်တန်နာရီလို ကုတ်ခြစ်နေပုံမျိုးတော့မဟုတ်။ ခုဟာက တရှရှ နှင့် ယားချင်ချင်တောင်ဖြစ်လာသည်။

"ဟိုက်"

လက်ကောက်ဝတ်နာရီဒိုင်ခွက်အောက်က ဆစ်ခနဲ နာကျင်သောဝေဒနာ ခံစားလိုက်ရ၏။ မောင်သီဟက နာရီဒိုင်ခွက်ကို အသာမ,၍ကြည့်လိုက်ရာ ဟာ- ဘယ်အချိန်က ဝင်သွားသည်မသိလိုက်သော ခါချဉ်ကောင် နီရဲရဲကြီးတစ်ကောင်ကို တအံ့တသြ တွေ့လိုက်ရသည်။

ကြည့်စမ်း- ဒါကြောင့် တရှရှနှင့် ယားကျိကျိဖြစ်နေတာကိုး။ မောင်သီဟက နာရီဒိုင်ခွက်ကို အသာမ,ကာ ဘယ်ဘက်လက်သန်းနှင့် ကလော်ထုတ်လိုက်ရ၏။ လက်ကောက်ဝတ်ပေါ် မှာတော့ အနည်းငယ် ဖူးရောင်သွားကာ တဆစ်ဆစ်နာကျင်နေဆဲ။

မောင်သီဟက နာရီကို စနစ်တကျပြန်ပတ်ကာ အခြေအနေကို စောင့်ဆိုင်းကြည့်နေသေးသည်။ ငါးမိနစ်မျှကြာလာသည် အထိ ဘာမှအကြောင်းထူးမလာ။

သည်နေ့ ဘာတွေလဲ။ ပြဿဒါးနေ့များဖြစ်နေမလား။ တော်တော် အနှောင့်အယှက်များလှသည်။ သောင်းတန်နာရီ တစ်ခုခုမှားယွင်းနေ၍ အဆင်မပြေရသည့်ကြားထဲ သိန်းတန်နာရီ နောက်ဘက်သော့သီးက အချက်ပေးကုတ်ခြစ်ခါနီးမှ ဘယ်က ရောက်လာမှန်းမသိသော ခါချဉ်ကောင်နီနီကြီးက ဝင်ဒုက္ခပေး သေး။

မောင်သီဟက အနန္တောအနန္တငါးပါးနှင့် စနေဂြိုဟ်မင်းကြီး တို့အား ထပ်မံအာရုံပြုလိုက်ကာ မျက်စိစုံမှိတ်၍ ထီပေါက်ဂါထာကို (၃၇)ခေါက်တိတိ ရွတ်ဆို၍ စောင့်ဆိုင်းကြည့်နေလိုက်ပြန်သည်။ အချိန်တစ်မိနစ်မှသည် ဆယ်မိနစ်ကြာသွားသည်အထိ တစ်စုံ တစ်ရာ လှုပ်ရှားကုတ်ခြစ်မှုက ပေါ်မလာ။

မောင်သီဟ တစ်ကိုယ်လုံး ချွေးချေးများဖြင့် စိုရွှဲနေသည်။ ဘာဖြစ်နေတာပါလိမ့်။ တစ်ကြိမ်လည်း မရ၊ နှစ်ကြိမ်နှင့်လည်း အကြောင်းမထူး။ သောင်းတန်နာရီလို တစ်ခုခု မှားယွင်းနေပြန်ပြီ လား။ သို့ပင်လည်း နာရီနှစ်လုံး ချို့ယွင်းသည် ဆိုလျှင်တော့ အဓိပ္ပာယ်မရှိလှ။

မောင်သီဟာက အတော်မကျေမချမ်းဖြစ်ကာ တတိယအကြိမ်ကြိုးစား၍ ထီပေါက်ဂါထာ ရွတ်ဆိုကြည့်လိုက်ပြန်သည်။ ဗိုင်ခွက်နောက်က သော့သီးတွေကလည်း တစ်လုံးမှမလှုပ်။ အားလုံးကျောက်ရုပ်။

မောင်သီဟာသည် မကျေနပ်ခြင်း၊ ဘဝင်မကျခြင်းတို့နှင့်အတူ ရှက်စိတ်လည်း အလိုလိုဝင်လာကာ ခုနနေရာသို့ ပြန်ထွက်လာသည်။ သိန်းတန် နာရီကို စနစ်တကျပြန်သိမ်းပြီးသည်နှင့် သူ၏လက်စွဲတော် ထောင်တန်နာရီကိုထုတ်ယူ၍ ညာဘက်လက်တွင်ပတ်လိုက်သည်။

ထိုစဉ် တစ်ခုတော့စဉ်းစားမိသည်။

သည်သောင်းတန်နာရီနှင့် သိန်းတန်နာရီတို့၏ သော့သီးများ မလှုပ်ရှားမကုတ်ခြစ်ကြခြင်းမှာ ဤထီဆိုင်တွင် ယခု ထီဖွင့်ရက်၌ ပေါက်မည့်ထီလက်မှတ်တစ်စောင်မှ မရှိ၍များလား။

မဖြစ်နိုင်။ ဤကိစ္စ လုံးဝမဖြစ်နိုင်။ အဘယ်ကြောင့်ဆိုသော် ဤထီဆိုင်မှ အပတ်တိုင်းလိုလို သိန်း (၃၀)ဆုကို ဆွတ်ခူးပေးနေသည့်အပြင် သောင်းဆုသိန်းဆုများလည်း သူများထက် ထူးကဲစွာပေါက်အားကောင်းနေ၍ ဖြစ်သည်။

ကောင်းပြီ။ ဒါဆို ဒီကိစ္စထား။

သူများတွေဆီကရလာသော သောင်းတန်၊ သိန်းတန်များ အစွမ်းမပြသည်က အကြောင်းမဟုတ်။ ကိုယ်ထမင်းစားနေရသည့်ကိုယ်ပိုင် ထောင်တန်ငွေလက်ပတ်နာရီလေး အစွမ်းသတ္တိတွေပျောက်ကွယ်မသွားဖို့ကသာ အရေးကြီးသည်။

မောင်သီဟာသည် သူ၏ မူလ ထောင်တန်ငွေလက်ပတ်နာရီကိုပတ်ကာ ထီဆိုင်ရှေ့တည့်တည့်တွင် ရပ်လိုက်သည်။ ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာနှင့် စနေဂြိုဟ်မင်းကြီးတို့အား တိုင်တည်ကာ ထီပေါက်ဂါထာကို ရွတ်ဆိုပြလိုက်သည်။

(၃၇)ခေါက်တိတိ ပြည့်လေပြီ။

တစ်မိနစ်၊ နှစ် . . . ဟော ဟော နာရီဒိုင်ခွက်နောက်ကျောတည့်တည့်က သော့သီးက သေသေချာချာ ကုတ်ခြစ်နေပါလား။ ကြည့်- တစ်ချက်၊ နှစ်ချက်၊ သုံးချက်။

ဟုတ်ပြီ- သေချာပြီ။ ဤဆိုင်တွင် ငါးထောင်တန်ပေါက်မည့်

ထိသုံးစောင်ရှိသည်တဲ့။

မောင်သီဟက ရှေ့တစ်လှမ်းတိုးရပ်လိုက်သည်။ နာရီဒိုင်ခွက်၏ ဘယ်ဘက်ခြမ်းက သော့သီးက ကုတ်ခြစ်ပြလာပြန်သည်။ သုံးချက်တိတိ။ ထီဆိုင်၏ ဘယ်ဘက်ခြမ်းတွင် ပေါက်ဂဏန်း သုံးစောင်လုံးရှိနေသည်တဲ့။

မောင်သီဟက ထီဆိုင်၏ဘက်ဘက်ခြမ်းသို့ ရွှေ့ရပ်လိုက်သည်။

နာရီဒိုင်ခွက်အောက်ဘက်ခြမ်းက သော့သီးက လေးချက်ကုတ်ခြစ်သည်။ လေးတန်းမြောက်တွင် ပေါက်ဂဏန်း ရှိသည်။ ထို့စဉ် နာရီဒိုင်ခွက်အပေါ် ထိပ်မှ သော့သီးက ခြောက်ချက်ကုတ်ပြသည်။ ပေါက်မည့်ထီ လေးတန်းမြောက်အတန်း၏ ခြောက်အုပ်မြောက်နေရာတွင် ရှိသည်တဲ့။

မောင်သီဟက ထိုထီစာအုပ်၏ ပထမရွက်ကို ဖြုတ်ယူလိုက်သည်။

အလားတူ သော့သီးများက ကုတ်ခြစ်အချက်ပြသော အတန်းများမှ နောက်ထပ်ထီနှစ်စောင် ဖြုတ်ယူကာ ထိုဆိုင်မှ ထီသုံးစောင်ထိုးယူခဲ့သည်။

ထိုနေ့တစ်နေ့လုံး ရန်ကုန်မြို့အနှံ့ နာမည်ကြီးထီဆိုင်များရှေ့တွင် မောင်သီဟက မကျေပွဲများ အကြိမ်ကြိမ်နွှဲခဲ့သည်။ နွှဲခဲ့သမျှပွဲများတွင် မည်သည့်ပွဲတွင်မျှ သောင်းတန်၊ သိန်းတန် ငွေလက်ပတ်နာရီများက လုံးဝ အချက်မပြခဲ့။ မောင်သီဟ၏ ထောင်တန်နာရီကသာ ပွဲတိုင်းကျော်အောင် ကုတ်ခြစ်အချက်ပြကာ တစ်ပင်တိုင်က,၍ အသုံးတော်ခံခဲ့သည်။

မောင်သီဟ တစ်ခုတော့ စိတ်ချ်းသာမိသည်။

သောင်းတန်၊ သိန်းတန်နာရီများက အစွမ်းမပြကြသည့်တိုင် မိမိတို့မိသားစု၏ ကျေးဇူးရှင်ထောင်တန်နာရီလေးက သူ့မူလပင်ကိုအတိုင်း ဆက်လက် အစွမ်းသတ္တိပြနေ၍ တော်ပေသေးသည်။

မည်သို့ပင်ဖြစ်စေ မောင်သီဟအနေနှင့် ဤသောင်းတန်၊ သိန်းတန်နာရီများအပေါ် မကျေနပ်နိုင်သေး။ သက်ာမကင်းဖြစ်နေမိသည်။ မျက်စိဖြင့်မမြင်ရသော စွမ်းအားတစ်ရပ်က နောက်ကွယ်မှ ကြိုးကိုင်ကာ မိမိအား လှည့်စားကျီစယ်နေသလိုလို ထင်မိသည်။

ထိုသောင်းတန်၊ သိန်းတန်နာရီများကို ပတ်ထားသည့် အခိုက်ဝယ် တစ်ခါတစ်ရံ သဇင်မြိုင်၏ အရည်တလက်လက် တောက်ပနေသော မျက်လုံးရွဲကြီးများကို မြင်ယောင်လာမိသကဲ့သို့ ရံဖန်ရံခါတွင်လည်း မာလာဒေဝီ၏ တခစ်ခစ်ရယ်သံများကို ကြားလိုက်ရသလိုလို ရှိ၏။

ထိုနေ့က တစ်နေကုန် မြို့လုံးပတ် ထိလှည့်ထိုးခဲ့ရသဖြင့် အိမ်ရောက်၍ ရေမိုးချိုး ထမင်းစားပြီးသည်နှင့် ထောင်တန်၊ သောင်းတန်၊ သိန်းတန်နာရီများကို သူ့ဘူးနှင့်သူ စနစ်တကျ သံသေတ္တာထဲထည့်သွင်း သော့ခတ်သိမ်းဆည်းထားလိုက်သည်။ ပြီးမှ စောစောအိပ်ရာဝင်ခဲ့သည်။

မနေ့ည တစ်ရက်လုံး မည်မျှပင်ပန်းခဲ့သည်မသိ။ နောက်တစ်နေ့နံနက် သူအိပ်ရာကနိုးသည့်အချိန်မှာ မနက် (၈) နာရီခွဲလုနီးနေပြီ။ နွေးနွေးရော ထွေးထွေးရောပါ မရှိကြတော့။ ကျောင်းသွားကြလေပြီ။

မောင်သီဟက ကိုယ်လက်သုတ်သင်ပြီး ရေမိုးချိုးကာ ထွေးထွေးပြင်ပေးခဲ့သော ထမင်းကြော်နှင့် ကော်ဖီသောက်လိုက်သည်။ ပြီးမှ အပြင်ထွက်ရန် အဝတ်အစားလဲလိုက်၏။

သူ့အနေနှင့် မနေ့က မကျေပွဲကို ဒီနေ့ ဆက်လက်၍နွှဲကြည့်ရပေဦးမည်။ ရန်ကုန်မြို့လယ်မြို့ပတ်များတွင် အကြောင်းမထူးပါက မြို့ပြင်ဆင်ခြေဖုံးက ထီဆိုင်များအထိ ကွင်းဆင်း၍ စမ်းသပ်ကြည့်ရပေလိမ့်မည်။ သို့မှသာလည်း ဤသောင်းတန်၊ သိန်းတန်နာရီတို့၏ ဖုံးကွယ်ထားသော လျှို့ဝှက်ချက်များကို ဖော်ထုတ်ရနိုင်ကောင်း၏။

မောင်သီဟက သူ၏ အခန်းထဲသို့ ပြန်ဝင်လာသည်။ အိပ်ရာဘေး စားပွဲပေါ်က နန္ဒာရွှေဆွဲပေးထားသော သူ၏ ပုံတူပန်းချီကားက သူ့ကို ခပ်ပြုံးပြုံးပြန်ကြည့်နေသည်။ မောင်သီဟက ခေါင်းအုံးအောက်က သော့တွဲကိုယူကာ သံသေတ္တာကို ဖွင့်လိုက်၏။

"အလို"

မောင်သီဟက ပါးစပ်ဟောင်းလောင်းပွင့်လျက် သူ၏ ထောင်တန်နာရီထည့်ထားသော ယွန်းဘူးကို ဆတ်ခနဲ ဆွဲယူလိုက်မိသည်။ ယွန်းဘူးအောက်တွင် ထပ်ထားခဲ့သော သောင်းတန်

ပလတ်စတစ်ဘူးနှင့် သိန်းတန်ကတ္တီပါဘူးတို့ကို မတွေ့ရ၍ မျက်လုံးများပြူးကျယ်သွားသည်။

စိတ်လှုပ်ရှားလွန်းစွာဖြင့် သံသေတ္တာထဲမှ အဝတ်အစားများနှင့် အသုံးအဆောင်များအကြား ပြောင်းဆန်သွားအောင် မွှေနှောက်ရှာဖွေသော်လည်း သောင်းတန်နှင့် သိန်းတန်နာရီများထည့်ထားသော ဘူးနှစ်လုံးကို လုံးဝ ရှာဖွေမတွေ့တော့ဘဲ ပျောက်ခြင်းမလှပျောက်နေသည်။

"ဟာ"

မောင်သီဟတစ်ကိုယ်လုံး ချွေးစေးများထွက်လာကာ မောပန်းလွန်းစွာဖြင့် ကြမ်းပြင်ပေါ် ခြေပစ်လက်ပစ်ထိုင်ချရင်း ဟာခနဲ သက်ပြင်းချလိုက်သည်။ ထိုခဏအတွင်း မောင်သီဟ၏ နှာနှစ်ဖက်ပူထူလာကာ ရင်မှာလည်းတဒိတ်ဒိတ်အခုန်မြန်လာပြီး ပျောက်နေသောနာရီနှစ်လုံးအတွက် စိုးရိမ်သောကမီး လောင်မြိုက်လာသည်။

ထို့ကြောင့် နေရာမှထကာ သူ့အခန်းတွင်းအနှံ့ အပြေးအလွှား လိုက်ရှာပြန်သည်။ မတွေ့။ ဘယ်မှာမှမတွေ့။

"ဟင်"

မောင်သီဟက သက်ပြင်းမောတစ်လုံး ရှူထုတ်လိုက်ရင်း အခန်းအပြင်ဘက် ဧည့်ခန်း ဆက်တီ၊ ရှိုးကေ့စ်၊ ဗီရိုများပါ မကျန် အရှုးတစ်ပိုင်းဖြစ်ကာလိုက်ရှာသည်။ လုံးဝမတွေ့ပါ။

နွေးနွေးနှင့်ထွေးထွေးတို့၏ အခန်းထဲထိ ဝင်ရှာရန် စိတ်ကူးမိသည်။ သူတို့အခန်းများမှာ အပြင်ဘက်က သော့ခလောက်တန်းလန်းခတ်ထားကြသည်။

အလိုလေး- အံ့ဩစရာ မယုံနိုင်စရာ။

မနေ့ညက မိမိ၏သံသေတ္တာထဲတွင် နာရီဘူးသုံးဘူးထပ်၍ အင်္ကျီများကြားတွင် သေသေချာချာထည့်၍ သော့ခတ်ထားခဲ့သည်။ ခုတော့ ယွန်းဘူးတစ်ဘူးသာတွေ့ရပြီး ပလတ်စတစ်ဘူးနှင့် ကတ္တီပါဘူးတို့ လုံးဝ အစအနမင်ရှာမရဘဲ ပျောက်နေသည်။ ထူးဆန်းလှပေစွ။

သည်မနက် မိမိအိပ်ရာထနောက်ကျ၍ နွေးနွေးတို့ ထွေးထွေးတို့နှင့် မတွေ့လိုက်ရသည်က ဆိုးသည်။ အနည်းဆုံး သူတို့ကို

မေးမြန်းကြည့်၍တော့ ရမည်။ လိုအပ်လျှင် သူတို့ အခန်းထဲအထိ ဝင်၍ ရှာသင့်ရှာခဲ့နိုင်မည်။ ခုတော့ သူတို့မရှိကြတော့ ခက်သည်။

မောင်သီဟသည် ဉေ့်ခန်း၊ ဆက်တီ၊ ကုလားထိုင်တွင် စိတ်ပျက်လက်ပျက်ထိုင်ချလိုက်သည်။

အင်း- နွေးနွေးတို့ကို မေးမြန်းပြီး သူတို့အခန်းထဲဝင်ရှာရန် ကလည်း မိမိသံသေတ္တာက ညကအတိုင်း လက်ရာမပျက် သော့ ခတ်လျက်ပဲ။ ပြီးတော့ သော့က မိမိခေါင်းအုံးအောက်မှာ။ မိမိ အခန်းတံခါးကိုလည်း အထဲကနေ ချက်ချထားသေးသည်။ သူ့ဆီမှာ သည်နာရီတွေရှိတာကိုလည်း သူတို့ တစ်ယောက်မှ ဘာမှသိကြ သည်မဟုတ်။

ဒါဖြင့် မိမိအခန်းထဲသို့ ပြင်ပက သူခိုးဝင်မွှေသွားတာများ လား။ သူခိုးဝင်ရလောက်အောင်က မိမိအခန်းတံခါးက ဘာမှ ပုံပျက်ပန်းပျက်မတွေ့ရ။ ဘေးပြတင်းပေါက်တွေကလည်း အားလုံး အခိုင်အမာ။ အတွင်းက သံပန်းသံတံခါးပင် တပ်ထားလိုက်သေး။ ပြီးတော့ မိမိအိမ်ရှေ့တည့်တည့်တွင် မီးကင်းလုံခြုံရေးက တစ်ညလုံး ရှိနေကြသေးသည်။ တကယ်ခိုးရန်လာသော သူခိုးပင် ကွေ့ရှောင် သွားနိုင်လောက်သောအခြေအနေ ဖြစ်သည်။

ဘယ်သူခိုးကကော ဒိမ်ထဲရှိ အဖိုးတန်ပစ္စည်းကို အလွယ် တကူမယူဘဲ သူဘာမှနားမလည်သည့် နာရီတွေကိုမှ ရွေးခိုးသွား ပါ့မလား။ ပြီးတော့ သောင်းတန်နာရီနှင့် သိန်းတန်နာရီ နှစ်လုံး တည်း။ မိမိ၏ ထောင်တန်နာရီကတော့ ဒီအတိုင်းချန်ထားခဲ့သည်။

တွေးကြည့်ရင် ဘယ်လိုနည်းနဲ့မှ မဖြစ်နိုင်သည့်ကိစ္စ။ သံ သေတ္တာကလည်း လုံးဝ ခြေရာလက်ရာမပျက် သော့အခိုင်အမာ ခတ်လျက်သား။ သည်တော့ အားလုံးကိုခြုံ၍ စဉ်းစားကြည့်လျှင် အိမ်တွင်းသူခိုးလည်း မဖြစ်နိုင်သလို အိမ်ပြင်ကသူခိုးလည်း မဖြစ် နိုင်။

ယင်းသို့ အပြင်သူခိုး၊ အတွင်းသူခိုးတို့ လုံးဝ ခိုင်လုံသည့် အကြောင်းတစ်ခုက ရှိသေးသည်။ ဤငွေလက်ပတ်နာရီအများကို သာသနာ့လမ်းကြောင်းပြင်ပကလူတွေ မတွေ့နိုင်၊ မမြင်နိုင်ဘူး မဟုတ်လား။ သည်တော့ ဘယ်သူခိုးမှမမြင်နိုင်ဘူးပေါ့။

မိမိ နန္ဒာရွှေတို့ဆိုင်ရှေ့တွင် ထောင်တန်နာရီကို ဝတ်သည်

ကိုလည်းကောင်း၊ ချွတ်သည်ကိုလည်းကောင်း အထူးအဆန်းနာရီကြီးဆိုကာ တစ်ခါမျှ အမေးအမြန်းမခံရဖူးဘူး။ တခြား ထီဆိုင်ရှေ့များတွင်ရပ်လျက် ဂါထာရွတ်ကာ ထီထိုးစဉ်ကလည်း မိမိနာရီကို အထူးအဆန်းသဖွယ် မည်သူမျှလာမကြည့်ဖူးဘူး။

ဒါ ဒီငွေလက်ပတ်နာရီများကို မည်သူကမျှ မမြင်ကြရ၍ ဖြစ်သည်။ ဒါက ရှင်းသည်။

မရှင်းသည်က အခု နာရီများပျောက်မှု ဖြစ်သည်။ ရဲတိုင်လည်း ဘာမှထူးခြားမည်မဟုတ်။ ရဲကိုယ်တိုင် သည်ငွေလက်ပတ်နာရီများကို မြင်နိုင်တွေ့နိုင်သည်မှ မဟုတ်ဘဲလေ။

ထို့ကြောင့် ယခု ငွေနာရီများမှာ အလွန်တရာ ထူးခြားဆန်းကြယ်စွာ ပျောက်ဆုံးသွားခြင်းသာ ဖြစ်၏။ သာမန်လူ၏မျက်စိဖြင့် မမြင်ရသော တန်ခိုးရှင်တစ်ဦးက မိမိသံသေတ္တာကိုဖွင့်၍ သောင်းတန်နှင့် သိန်းတန် သူများပစ္စည်းများကိုမှ ခိုးယူသွားသည်ဟု စွပ်စွဲရမလိုသာရှိတော့သည်။ ယင်းမှတစ်ပါး အခြားမရှိတော့။

အခု နာရီကိစ္စတွင် သိန်းတန်ငွေလက်ပတ်နာရီက ပြဿနာမရှိ။ မာလာဒေဝီက မိမိကို အပိုင်ပေးခဲ့ခြင်းမဟုတ်လား။ သဇင်မြိုင်ကတော့ မိမိ၏ဆန္ဒကို ကူညီသည့်အနေနှင့် သဘောတူစွာ ခေတ္တငှားရမ်းလိုက်ခြင်း ဖြစ်သည်။

ခက်သည်က မိမိငှားခဲ့သောပစ္စည်းမှာ သာမန်လူအားပြောပြ၍ နားလည်နိုင်သည့်ပစ္စည်းလည်း မဟုတ်။ တကယ်တမ်း ပြောပြလို့ကလည်း ဖြစ်သည်မဟုတ်။ ပြီးတော့ မည်သူမျှမမြင်နိုင်သော ပစ္စည်းကလည်း ဖြစ်နေသေးသည်။

သည်တော့ သဇင်မြိုင်ကို ဘယ်လို ပြောပြရပါမည်နည်း။ တောင်းပန်လို့ရမည့်ကိစ္စကလည်း မဟုတ်ပြန်။ ပြန်လျော်ပေးဖို့ကလည်း၊ အစားရှာဖို့ကလည်း မဖြစ်နိုင်။ အိုး. . . တွေးကြည့်ရုံမျှဖြင့် ပင် ရင်မောလိုက်ပါဘိ။

တစ်ခုသာရှိတော့သည်။

သဇင်မြိုင် လက်ခံမည်၊ လက်မခံမည်တော့ မပြောတတ်။ မိမိ၏ ထောင်တန်ငွေလက်ပတ်နာရီကိုသာ လျော်ကြေးအဖြစ် ထိုးအပ်လိုက်ရုံသာရှိတော့၏။

ထိုနေ့က လူပင်ပန်းစိတ်ပင်ပန်းဖြင့် ဘယ်မှမသွားနိုင်တော့

ဘဲ စိတ်ပျက်လက်ပျက်ဖြင့် အိမ်မှာရှိသည့် ဟင်းနှင့်ပဲ နေ့လယ်စာ စားလိုက်သည်။ မကျေပွဲအနေနှင့် သံသေတ္တာကို ထပ်ပြီးဖွင့်ကြည့် သေးသည်။ ထူးမခြားနား။

နောက်ဆုံးတော့ စိတ်မောတ်ကျကာ အိပ်မောကျသွားသည်။

ထိုအချိန်တွင် ဘွားဘွားက လေထဲမှာ ပျံဝဲကာ ပြတင်း ပေါက်မှဝင်လာသည်။ မောင်သီဟ၏ ခုတင်ဘေးတွင် ရပ်လျက် ကြည့်နေသည်။

မောင်သီဟက ဘွားဘွားကိုမြင်သည်နှင့် စိတ်မထိန်းနိုင် တော့ဘဲ သောင်းတန်နှင့်သိန်းတန်နာရီပိုင်ရှင်များနှင့်တွေ့ခဲ့ပုံ၊ သူ ကတောင်း၍ သဇင်မြိုင်က ခေတ္တငှားပြီး မာလာဒေဝီက အပိုင်ပေး လိုက်ပုံ။ ထိုနာရီနှစ်လုံးဖြင့် ရန်ကုန်အနှံ့ထီဆိုင်များတွင် လိုက်လံ ထီထိုးခဲ့သော်လည်း လုံး၀ အစွမ်းသတ္တိမပြကြပုံ။ မနေ့ညက သံ သေတ္တာထဲ သေချာ သော့ခတ်သိမ်းဆည်းထားပါလျက်နှင့် ထိုနာရီ နှစ်လုံးစလုံး ပျောက်ဆုံးသွားပုံတို့ကို တိုင်တည်၍ ပြောပြလိုက်မိ သည်။

ဘွားဘွားက မောင်သီဟပြောသမျှ အင်းလိုက်၍ ခေါင်း ကဆတ်ဆတ်ညိတ်ကာ ပြုံး၍ နားထောင်နေသည်။ ပြီးတော့မှ လေသံအေးအေးဖြင့် -

"သားက သူများဆီကယူထားတဲ့ ငွေလက်ပတ်နာရီတွေ ထူး ထူးဆန်းဆန်းပျောက်သွားလို့ စိတ်မချမ်းမသာဖြစ်နေတာ မဟုတ်လား"

"ဟုတ်ကဲ့ ဘွားဘွား"

"ဒါဆို အားလုံးကိုမေ့ပစ်လိုက်တော့ သား"

"ဗျာ- ဘာဖြစ်လို့လဲဟင်"

"ဩော်- ဒီနာရီတွေက ပျောက်သွားတာ မဟုတ်ဘူးသား၊ အချိန်တန်လို့ သူ့နေရာသူပြန်ရောက်သွားကြတာပါကွယ်"

"ဘယ် . . . ဘယ်လို သူ့နေရာသူလဲ ဘွားဘွား"

"သောင်းတန်ငွေလက်ပတ်နာရီက သဇင်မြိုင်ဆီပြန်ရောက် သွားပြီး သိန်းတန်ငွေလက်ပတ်နာရီကလည်း သူ့မူလပိုင်ရှင် မာလာဒေဝီဆီ ပြန်ရောက်သွားတာကို ပြောတာပါ"

"ဟင်- ဒါတွေက ဘယ် . . . ဘယ်လိုဖြစ်တာလဲ ဘွားဘွား"

"ဒါ အထူးအဆန်းတော့ မဟုတ်ပါဘူး၊ ဖြစ်လေ့ဖြစ်ထရှိတဲ့ တရားသဘောအတိုင်းပါကွယ်"

"ဘွားဘွားနဲ့ အဲဒီ သရဇင်မြိုင်တို့၊ မာလာဒေဝီတို့နဲ့ အစကတည်းက သိပြီးသားဆို"

"ဟုတ်တာပေါ့၊ သာသနာ့လမ်းကြောင်းအတွင်းကလူတွေပဲဟာ"

"ဒါဆို ဒီကိစ္စကို အရင်ကတည်းက သားကို ပြောပြသင့်တာပေါ့"

"အဲဒီအချိန်တုန်းက သား သိသင့်သိအပ်တာတွေ ဘွားဘွား ပြောမလို့ပါဘဲ။ ဒါပေမယ့် အဲဒီ သောင်းတန်၊ သိန်းတန် နာရီပိုင်ရှင်တွေအကြောင်းပြောပြပြီး အဲဒီမိန်းမတွေနဲ့ အဆက်အသွယ်မလုပ်ဖို့ တားမြစ်ခဲ့မလို့ပါဘဲ။ သားအနေနဲ့ ဘွားဘွားပြောပြလို့ သူတို့နဲ့တွေ့နိုင်မယ့် နည်းလမ်းတွေ သိသွားမှတော့ ဘွားဘွား ဘယ်လိုပဲတားတား ဖြစ်အောင် သွားတွေ့တော့မှာပဲဆိုတာ အလိုလိုသိနေခဲ့တယ်လေ။ အဲဒါကြောင့် မီးဘယ်လိုပူတယ်ဆိုတာကို ပါးစပ်က တဖွဖွပြောပြနေလို့ မသိနိုင်ဘူးလေ။ လက်တွေ့ကိုင်ကြည့်ရမှ ပူလှချည်ရဲ့ ဖြစ်မှာ မဟုတ်လား"

"သြော်- ဒါဆို ဘွားဘွားက သားကို လက်တွေ့ သင်ခန်းစာ ပေးလိုက်တာပေါ့"

"ဒါပေါ့သား၊ အတွေ့အကြုံဆိုတာ ဘဝရဲ့ဆရာပဲလေ"

"ဒါနဲ့ ဘွားဘွားနဲ့ စိန်ပွဲစား ဒေါ်တင်မကြီးနဲ့ ဘယ်လိုပတ်သက်ခဲ့တာလဲဟင်"

"သြော်- သားက ဒါတွေတောင်သိနေမှကိုး၊ အင်း. . . ဒေါ်တင်မကြီးက ဘွားဘွားရဲ့ အဖေတူမအေကွဲအစ်မပါ။ ဒါ သားတို့မသိနိုင်ပါဘူးကွယ်"

"သြော်- ဒါကြောင့်ကိုး။ ဒါနဲ့ ဘွားဘွား သား သူတို့ဆီက ရလာတဲ့ ငွေနာရီတွေက ဘာလို့အစွမ်းမပြကြလဲ။ တစ်ခုခု ချို့ယွင်းနေလို့ မဟုတ်လား"

"ဘာမှမချို့ယွင်းဘူး။ သူနဂိုမူလအတိုင်း အစွမ်းသတ္တိရှိကြတာပဲ။ သားလက်ထဲရောက်မှ အစွမ်းမပြတော့တာလေ"

"ဗျာ- ဟုတ်လား၊ အဲ အဲဒါက ဘာဖြစ်လို့လဲဟင် ဘွားဘွား။ သူတို့ သဘောတူပေးလိုက်လို့ သား တရားသဖြင့် ယူလာခဲ့တာ မဟုတ်လား"
"မှန်တယ် ငါ့မြေးလေး၊ ဒါကြောင့်လည်း သားအနေနဲ့ ကိလေသာ (၁၀)ချက်က လွတ်နိုင်ခဲ့တာပေါ့။ ဒါပေမယ့် ဒီသောင်းတန်၊ သိန်းတန်ငွေနာရီတွေက သားနဲ့မထိုက်တန်ဘူးလေ။ ဒါကြောင့် သူတို့ အစွမ်းသတ္တိ လုံးဝ မပြကြတာပေါ့။ ထောင်တန်ငွေနာရီကျတော့ အချိန်မရွေး အစွမ်းပြကြတယ် မဟုတ်လား။ အဲဒါ သားနဲ့ထိုက်တန်လို့ပေါ့ကွယ်"
"ဩော်- ဒါဆို ဘာကြောင့် ဒီလိုဖြစ်ရတာလဲ ဘွားဘွား"
"အဲဒါက ဘွားဘွား သားကို ပြောပြခဲ့ပြီးပြီလေ။ ရှေးဘဝက ညောင်စေ့လောက် အလှူဒါနပြုခဲ့တဲ့လူက အခုဘဝမှာ ညောင်ပင်ကြီးလောက် စည်းစိမ်ချမ်းသာကို ဘယ်နည်းနဲ့မှ မရနိုင်ဘူး။ ဘယ်သူမဆို ကိုယ်နဲ့ထိုက်တန်သလောက်သာ ခံစားကြရမယ်ဆိုတာလေ"
"ဟုတ်ကဲ့ ဘွားဘွား၊ သားသဘောပေါက်ပါပြီ။ ဒါနဲ့ အဲဒီကိစ္စကို သဇင်မြိုင်တို့၊ မာလာဒေဝီတို့ မသိကြဘူးလားဟင်"
"သိပ်သိကြတာပေါ့ လူလေးရယ်၊ သူတို့ပစ္စည်းတွေဟာ လူလေးအတွက် ဘာမှအကျိုးမရှိဘူးဆိုတာကိုလည်း သိတယ်။ ပြီးရင် ဒီပစ္စည်းတွေ သူတို့ဆီကို အလိုအလျောက်ပြန်ရောက်လာမှာလည်း သိနေကြတယ်လေ"
"ဟုတ်လား ဒါဆိုကြည့်စမ်း၊ သူတို့ သားကို သက်သက်ဒုက္ခပေးကြတာပေါ့လေ။ တော်တော်ရက်စက်တဲ့ မိန်းမတွေပဲ"
"ဒီလိုလည်းမဟုတ်ဘူး သား။ သူတို့နှစ်ယောက်စလုံးက သားကို အပြိုင်အဆိုင်ချစ်နေကြတော့ အမှန်အတိုင်း မပြောရက်ကြဘဲ သားစိတ်ချမ်းသာရင် ပြီးရောဆိုပြီး အလုအယက် အလိုလိုက်ကြတာပါကွယ်"

ဘွားဘွားပြောတာ ဟုတ်သလိုလိုတော့ရှိသည်။ မိမိက အကျိုးသင့်အကြောင်းသင့်ရှင်းပြ၍ သောင်းတန်နာရီကို ငှားရမ်းသည့် တစ်ချက်မျှမငြင်းဘဲ 'အစ်ကို့ဆန္ဒအတိုင်း သဘောတူပါတယ်' ကာ ငွေနာရီကို ချက်ချင်း ထုတ်ပေးခဲ့သည်။ မာလာဒေဝီက

လည်း 'အပိုင်သာ ယူထားလိုက်ပါ' ဟု ရက်ရက်ရောရော အလွယ်တကူပင် သိန်းတန်ငွေနာရီကို ထုတ်ပေးခဲ့သည်။

ဤအချက်များကို ခုနေပြန်တွေးကြည့်တော့ သူတို့အနေနှင့် မိမိက ငွေနာရီများကို မထိုက်တန်၍ အသုံးချ၍ မရနိုင်မှန်းသိသည့်အပြင် ထိုနာရီများ သူတို့အလိုအလျောက် ပြန်ရောက်လာမည်ကို ကောင်းစွာသိနေကြ၍သာ သည်မျှ အလွယ်တကူ လိုက်လျောပေးအပ်ခဲ့ကြခြင်းသာ ဖြစ်ပေမည်။

အေးလေ . . . သူတို့နှစ်ယောက်ကလည်း မိမိ၏ ချစ်ခြင်းမေတ္တာကို ငံ့လင့်တောင့်တခဲ့ကြသလို မိမိကလည်း သူတို့ဆီက ငွေနာရီများကို လိုချင်တပ်မက်ခဲ့သည်သာ မဟုတ်လား။

ခုတော့လည်း မိမိက သူတို့ပိုင်ဆိုင်သော ငွေနာရီများနှင့် မထိုက်တန်သကဲ့သို့ သဇင်မြိုင်နှင့် မာလာဒေဝီတို့မှာလည်း မိမိ၏မေတ္တာနှင့် မထိုက်တန်ကြ၍ပေလော။

"ကဲ- ခုအချိန်မှာတော့ လူလေးကိုစွ အားလုံး ဆုံးခန်းတိုင်ခဲ့ပါပြီလေ။ ဘွားဘွားပဲကျန်တော့တယ်ကွယ့်"

"ခင်ဗျာ- ဘယ်လို ဘွားဘွား"

"အမှန်တော့ ဘွားဘွားမှာ ဘဝကူးကောင်းစေမယ့် ဒါန၊ သီလ၊ ဘာဝနာတွေ ပြည့်စုံပြီးသားပါကွယ်။ ဘွားဘွားရဲ့ လူ့ဘဝသက်တမ်းကုန်တာနဲ့ တစ်ချိန်တည်းမှာ နတ်ပြည်ခြောက်ထပ်က အထက်ဆုံးအထပ်ဖြစ်တဲ့ပရနိမ္မိတဝသဝတ္တီနတ်ပြည်ကို ရောက်သွားရတော့မှာလေ လူလေးရဲ့။ ဒါပေမယ့် ဘွားဘွားက လူလေးရဲ့လက်ထဲမှာ ထောင်တန်ငွေနာရီကိုသာအပ်ခဲ့ရပြီး အဲဒါကို ဘယ်လိုအသုံးချရမယ်ဆိုတဲ့ အလွန် အရေးကြီးတဲ့စကားကို မမှာခဲ့ရသေးတော့ အဲဒီကိစ္စပေါ်မှာ စွဲလမ်းပြီး မကျွတ်မလွတ်နိုင်ဘဲ ဘုံဘဝ ဘစ်ခုမှာ ခဏခိုနေခဲ့ရတာကွယ်"

"ဟုတ်ကဲ့ ဘွားဘွား၊ သား ဘယ်လို ဆောင်ရွက်ပေးရမလဲ"

"ခုတော့ ဘွားဘွားက သားကို စိတ်ချလက်ချ ဖြစ်သွားပြီ။ ဘွားဘွားလည်း ဒီဘဝမှာ မနေချင်တော့ဘူး။ ဒါကြောင့် လဆန်း (၉) ရက်နေ့ မနက်မှာ သံဃာတော် ငါးပါးပင့်ပြီး ဆွမ်းခဲဖွယ်ဘောဇဉ် စုံစုံလင်လင်နဲ့ ရွှေသက်န်းငါးစုံ ကပ်လှူ

ပူဇော်ပြီး အမျှအတမ်းဝေပေးပါ လူလေးတို့"

"ဟုတ်ကဲ့၊ စိတ်ချပါ ဘွားဘွား"

ထိုစဉ် ဘွားဘွားက မောင်သီဟအား ပြုံးရွှင်စွာကြည့်ကာ ပြတင်းပေါက်မှ ဝဲပျံထွက်ခွာသွားလေတော့၏။

"ဘွားဘွား ဘွားဘွား"

မောင်သီဟတစ်ကိုယ်လုံး ချွေးစေးများစို့ရွှဲနေကာ အိပ်ရာမှ နိုးလာသည်။ ဩော်- ငါ နေ့ခင်းကြောင်တောင် အိပ်မက်မက်နေတာပါလား။ အင်း- ဘွားဘွားမှာသွားသည့်အတိုင်း ကောင်းမှုကုသိုလ်လုပ်ပေးရပေလိမ့်မည်။

၁၉၈၁ ခုနှစ်၊ ဇွန်လ (၉)ရက်နေ့ နံနက် (၁၀) နာရီအချိန် ကျောက်မြောင်း သီတာလမ်းရှိ မောင်သီဟတို့နေအိမ်တွင် ပင့်သံဃာ(၅)ပါးတို့အား ဆွမ်းခဲဖွယ်ကပ်လှူပြီးနောက် ကွယ်လွန်သူ ဘွားဘွားဒေါ်ငြိမ်းခင်အား ရည်စူး၍ ရွှေသင်္ကန်း (၅)စုံ ကပ်၍ ရေစက်ချ လှူဒါန်းပြီး ကောင်းရာမွန်ရာရောက်စေကြောင်း အမျှ သုံးကြိမ်သုံးခါပေးဝေ၍ သာဓုခေါ်စေသည်။

ထိုအချိန်တွင် ပင့်သံဃာတော်များ၊ မောင်သီဟတို့ မောင်နှမသုံးယောက်နှင့် တရားနာပရိသတ်အားလုံး အလွန် သင်းပျံ့မွှေးကြိုင်သော နှင်းဆီပန်း၏ရနံ့မျိုးကို ရှူရှိုက်လိုက်ကြရ၏။ မောင်သီဟတစ်ကိုယ်လုံး ကြက်သီးမွေးညင်းများ တဖြန်းဖြန်းထသွားမိသည်။ နှင်းဆီပန်းမှာ ဘွားဘွား အလွန်နှစ်သက်သောပန်း မဟုတ်ပါလား။

ယိုအခိုက် ဆရာတော်က -

"ကဲ- ဒကာကြီးတို့ပေးဝေလိုက်တဲ့ ကုသိုလ်အဖို့ဘာဂ အမျှရလို့ ချမ်းသာတဲ့ဘုံဘဝ ရောက်သွားပြီဆိုတာကို ကျေးဇူးတင် အသိပေးနှုတ်ဆက်တဲ့သဘောနဲ့ နှင်းဆီပန်းနံ့ ပေးလိုက်တာပဲ ဒကာကြီးတို့"

မောင်သီဟတို့ မောင်နှမသုံးယောက်က တစ်ပြိုင်တည်း ဆုတောင်းပေးလိုက်ကြသည်။

"ကောင်းရာသုဂတိရောက်ပါစေဘွားဘွားရေ၊ အမျှအမျှအမျှ"

မောင်သီဟက စိတ်ထဲကရည်စူးပြီး ကျေးဇူးရှင် ဘွားဘွားအား ဦးသုံးကြိမ်ချလိုက်သည်။

✿

မောင်သီဟမှာ ယခင်နေ့များက သွားလာလှုပ်ရှားခဲ့မှုများနှင့် ယနေ့အရှက်တကွဲမှုစပြီး ဆွမ်းကျွေးအတွက် လုပ်ကိုင်နေရ၍ နေမကောင်းချင်သလိုဖြစ်လာကာ နေ့လယ်ပိုင်းခန့်တွင် အိပ်ရာထဲ လဲခဲ့ရတော့သည်။

"အစ်ကိုကြီး ဧည့်သည်လာတယ်"

အချိန်မည်မျှကြာအောင် အိပ်ပျော်သွားသည်မသိ။ မိမိ၏ အိပ်ခန်းအဝမှ လှမ်းပြောလိုက်သော နွေးနွေး၏အသံကြား၍ လန့်နိုးသွားသည်။

"ဘယ်သူလဲဟေ့"

မောင်သီဟက အိပ်ရာထဲက လှမ်းမေးလိုက်သည်။

"ကျွန်မပါ အစ်ကိုရဲ့။ အစ်ကို နေမကောင်းလို့ဆို ခင်လာမယ်နော်"

နန္ဒာရွှေက ပြောပြောဆိုဆို အခန်းတွင်းသို့ဝင်လာသည်။

"ဩော်- နန္ဒာပါလား၊ လာလာ ဘယ်ကလှည့်လာတာလဲ"

နန္ဒာရွှေက ခုတင်ဘေးရှိ ကုလားထိုင်တွင် ဝင်ထိုင်လိုက်ကာ နှုတ်ခမ်းနှစ်လွှာကို စူပုပ်ပြလိုက်သည်။

"ဟွန်း- အစ်ကိုကလည်း ဘယ်ကလှည့်လာရမှာလဲ။ အစ်ကို့ဆီ တမင်ဝင်လာတာလေ။ အခု နေကောင်းသွားပြီလား"

"အင်း- ကောင်းပါတယ်။ နည်းနည်းပင်ပန်းသွားလို့ပါ။ ဒါနဲ့ နန္ဒာ့ကိုကြည့်ရတာ နည်းနည်းထူးခြားနေသလိုပဲ"

နန္ဒာရွှေမှာ ယနေ့မှ ထူးထူးခြားခြား ဝတ်စားပြင်ဆင်လာ၍ မေးလိုက်ခြင်း ဖြစ်၏။ ဆံပင်ကို ခါတိုင်းလို အနောက်ဘက်သို့လွှား ချမထားဘဲ တစ်ပတ်လျှိုဆန်ဆန် ထုံးထားသည်။ ဖြူဝင်းသော မျက်နှာပေါ်တွင် မိတ်ကပ်ပါးပါးတင်ထားကာ ပန်းနုရောင်ဖျော့ဖျော့နှုတ်ခမ်းနီဆိုးထားသည်။ ခေါင်းပေါ်မှ ပန်းရောင်နှင်းဆီပန်းနှင့် ပန်းရနေသည်။ ဝတ်လာသည်ကလည်း ကြက်သွေးနုပါတိတ် ဝမ်းဆက်နှင့်။ ပုလဲနားကပ်၊ ပုလဲလည်ဆွဲ၊ ပုလဲလက်ကောက်တို့က နန္ဒာရွှေ၏ ပင်ကိုရှိပြီးသားအလှကို ဝင့်ဝင့်ကြွားကြွား ဖော်ထုတ်ပြလိုက်သလိုရှိနေသည်။

"ဩော်- သူငယ်ချင်းမင်္ဂလာဧည့်ခံပွဲတစ်ခုကနေ အစ်ကို့ဆီ အရောက်ပြေးလာခဲ့တာလေ"

"ဟုတ်လား၊ ဘာတွေများအရေးကြီးနေလို့လဲ"

"ဩော်- အစ်ကိုကလည်း ဒီနေ့ ထီဖွင့်တာ နောက်ဆုံးရက်လေ။ အစ်ကို ငါးထောင်ဆု သုံးဆုပေါက်တာ လာပြောတာလေ"

"ကြည့်စမ်း- ဟုတ်သားပဲ၊ အစ်ကိုအလုပ်ရှုပ်နေတာနဲ့ မေ့နေလိုက်တာ"

နန္ဒာရွှေက သူတို့ဆိုင်မှ ပေါက်ဂဏန်းများနှင့် မောင်သီဟပေါက်သောဂဏန်းများကို ယှဉ်ပြသည်။

"ဒါနဲ့ အစ်ကို"

"ဘာလဲနန္ဒာ"

"ဟိုတစ်ခေါက် ထီဆိုင်လာတုန်းကလည်း မမေးလိုက်ရဘူး။ ဟိုလေ ပျို့ဆုတောင်းသီချင်းအစပိုဒ်ကို သိပြီလား"

"အင်း"

"ဟုတ်လား၊ ဒါဆို ဘယ်လိုသဘောရလဲဟင်"

နန္ဒာရွှေက မျက်လုံးထောင့်ကပ်၍ ပါးချိုင့်များ ပေါ်သည်အထိပြုံးပြကာ မခို့တရို့မေးလိုက်သည်။ ယနေ့မှ လှချင်တိုင်းလှနေသော နန္ဒာရွှေအားကြည့်ရင်း မချင့်မရဲဖြစ်လာကာ -

"ဒီလိုသဘောရတယ်လေ"

ပြောရင်း ခုတင်ပေါ်က ရုတ်တရက်ဆင်းကာ နန္ဒာရွှေ၏ ပခုံးနှစ်ဖက်ကို ဆုပ်ကိုင်လိုက်သည်။

"အို- အစ်ကိုကလည်း ဟိုမှာကြည့်နေတယ်လေ"

မောင်သီဟက အခန်းတံခါးဝဆီသို့ တထိတ်တလန့် လှမ်းကြည့်လိုက်မိသည်။ ဘယ်သူတစ်ဦးတစ်ယောက်မျှ ရှိမနေပါ။

"ဘယ်မှာလဲ နန္ဒာရဲ့၊ ဘယ်သူမှလဲမရှိပါလား"

နန္ဒာရွှေက စားပွဲပေါ်သို့ လက်ညှိုးထိုးပြရင်း လေသံတိုးတိုးဖြင့် ပြောသည်။

"ဟိုမှာလေ အစ်ကိုရဲ့၊ ကြည့်နေတာမမြင်ဘူးလား"

မောင်သီဟက စားပွဲပေါ်သို့ ဖျတ်ခနဲ ကြည့်လိုက်သည်။ စားပွဲပေါ်တွင် နန္ဒာရွှေရေးဆွဲပေးထားသော မောင်သီဟ၏ ပုံတူပန်းချီကားက သူတို့နှစ်ယောက်ကို ခပ်ပြုံးပြုံးကြည့်နေသည်ကိုတွေ့ရ၏။

"ဩော်- ဘယ်သူများလဲလို့၊ အဲ- သူက ပျို့ဆုတောင်းသီချင်း အစပိုဒ်ကို ဘယ်လိုသဘောရသလဲဆိုတော့လေ ဒီလို သဘောရတယ်တဲ့၊ ဒီလိုသဘောရသတဲ့"

မောင်သီဟက ပြောပြောဆိုဆို နန္ဒာရွှေ၏ တစ်ကိုယ်လုံးကို တအား သိမ်းကျုံး၍ဖက်လိုက်ကာ သူ၏ရင်ခွင်တွင်းသို့ သွင်းထား လိုက်လေတော့သတည်း။

ပြီးပါပြီ။